# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၁၉၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား ပြည်သူများအတွက် ရိက္ခာဖြန့်ဖြူးနေမှု၊ ကိုဗစ် - ၁၉ ကာကွယ်ရေးအတွက် ချမှတ်ထားသည့် စည်းမျဉ်းများအတိုင်း လိုက်နာရန် လိုအပ်မှုတို့နှင့် စပ်လျဉ်း၍ သတင်းစကားပါးရေးသား




နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပုံမှန်ဝင်ငွေ မရှိသည့် အခြေခံလူတန်းစား ပြည်သူများအတွက် ရိက္ခာဖြန့်ဖြူးနေမှု၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ချမှတ်ထားသည့် စည်းမျဉ်းများအတိုင်း လိုက်နာရန် လိုအပ်မှုတို့နှင့်စပ်လျဉ်း၍ ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည်-

ပုံမှန်ဝင်ငွေမရှိတဲ့ ကျွန်မတို့ အခြေခံလူတန်းစား ပြည်သူတွေအတွက် ရိက္ခာဖြန့်ဖြူးရေးလုပ်ငန်း မနေ့က စတင်ဆောင်ရွက်လိုက်ပါတယ်။ ပြည်သူတွေ၊ အစိုးရပိုင်း၊ အုပ်ချုပ်ရေးပိုင်း၊ အားလုံးဝိုင်းဝန်းလုပ်ကိုင်ကြလို့ အားရစရာပါ။ ဒါပေမဲ့ COVID ကာကွယ်ရေးအတွက် ချမှတ်ထားတဲ့ စည်းမျဉ်းတွေအတိုင်း မလိုက်နာတဲ့ ဖြစ်ရပ်လေးတွေကြောင့် ဝေဖန်စရာ ဖြစ်ရပါတယ်။ ဒီလိုထပ်မဖြစ်ရအောင် စီမံခန့်ခွဲသူများ အထူးဂရုစိုက်ပါ။ ဘယ်သူမှ (ဝန်ကြီးချုပ်များ အပါအဝင်) COVID မပြီးပါဘူး၊ ရောဂါကူးနိုင်ပါတယ်။ အားလုံးစည်းကမ်းလိုက်နာကြပါ။

COVID ရောဂါ ကူးစက်နေသူတစ်ဦး မြန်မာနိုင်ငံမှာ ပထမဆုံးတွေ့ခဲ့တာ သုံးပတ်ရှိသွားပြီဆိုတော့၊ ရောဂါမပျံ့ပွားရေး၊ ကာကွယ်ရေးအတွက် ဘာတွေလုပ်ရမယ်ဆိုတာပိုသိလာပါတယ်။ Quarantine (၁၄) ရက်လွန်မှ ရောဂါလက္ခဏာပြသူတွေ တွေ့ရလို့ စိတ်ချရအောင် quarantine ကို (၂၁) ရက်ထိ တိုးရပါမယ်။ အိမ် quarantine မှာ ရှိနေသူတွေလည်း မပေါ့ဆကြဖို့ သတိပေးလိုက်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန် ညွှန်ကြားချက်တွေကို အသေချာ လေ့လာလိုက်နာပါ။

ထိုင်းဘက်မှ ကျွန်မတို့ ပြည်သူတွေစပြီး အလုံးအရင်းနဲ့ ပြန်လာတာလဲ (၂)ပတ်ကျော်သွားပါပြီ။ အရေးအတွက်က ဒီနေ့ထိဆို တစ်သိန်းခွဲကျော်ပါပြီ။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## “အစိုးရကတော့ ပြည်သူတစ်ယောက်ချင်းကို တန်ဖိုးထားပြီး အကောင်းဆုံး စောင့်ရှောက်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ တည်တည်ငြိမ်ငြိမ်၊ စည်းကမ်းလိုက်နာခြင်းနဲ့ ပြည်သူအားလုံး ကျွန်မတို့ကို ကူညီပေးကြပါ”

# နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် မြန်မာနိုင်ငံသားများအား တိုက်တွန်းချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပြည်ပမှလာရောက်သူများမှတစ်ဆင့် ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ကာကွယ်တားဆီးရေးအတွက် လည်းကောင်း၊ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု(Quarantine) ပြုလုပ်ရန် နေရာထိုင်ခင်းများ တိုးချဲ့ပြင်ဆင်ရေးအတွက် အချိန်လိုအပ်နေခြင်းကြောင့် လည်းကောင်း ပုံမှန်ပျံသန်းနေသော နိုင်ငံတကာခရီးသည်တင် လေယာဉ်ခရီးစဉ်များကို ရပ်ဆိုင်းထားခဲ့ပြီး ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် နယ်စပ်ဂိတ်များမှတစ်ဆင့် (၁၅-၄-၂၀၂၀) ရက်နေ့ နောက်ပိုင်းမှသာ ပြန်လည်ဝင်ရောက်ကြပါရန် ပန်ကြားထားခဲ့ပါသည်။

၂။ မြန်မာနိုင်ငံတွင် (၁၁-၄-၂၀၂၀)ရက်နေ့အထိ COVID-19 ရောဂါပိုးတွေ့ရှိသူ (၃၁)ဦး ရှိလာပြီး၊ ရောဂါပိုးတွေ့ရှိသူအများစုမှာ ပြည်ပမှ ပြန်လာသူများနှင့် ၎င်းတို့နှင့် ထိတွေ့မှုရှိသဖြင့် ရောဂါပိုးထပ်ဆင့် ကူးစက်ခံရသူများ ဖြစ်ကြကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် တတ်နိုင်သမျှ အပြင်မထွက်ဘဲ နေအိမ်များတွင် နေထိုင်ကြရန်နှင့် မလိုအပ်သည့် ခရီးသွားလာမှုများ မပြုလုပ်ကြရန် ဒေသအလိုက် အာဏာပိုင်များက တိုက်တွန်းတားမြစ်ထားပြီး အဝေးပြေးခရီးသည်တင်

*စာမျက်နှာ ၃ ကော်လံ ၁* ❖





No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com
No.31/D, Block 900, 78 Road, between 42nd and 43rd Road, Mahar Aung Myay Township, Mandalay. Tel : +95 (02) 4033449, www.apq-electric.com

မြန်မာ့အလင်း

# ကုသိုလ်အမှု အာရုံပြုလျက်

အတာကူးသည့် တန်ခူးလအချိန်အခါသည် ပျော်မြူးဖွယ်၊ ကြည်နူးဖွယ် အခါသမယဖြစ်သည်။ ရာသီဥတုက ပူပြင်းသည်။ မြစ်၊ ချောင်း၊ ရေကန်၊ ရေအိုင်တို့မှာ ရေနည်းပါးနေပြီ။ ရွက်ဟောင်းကြွေသည့် သစ်ပင်များမှာ ရွက်နုပုရစ်ဖူးတို့ အစီအရီ၊ အချို့လည်း ရွက်သစ်များဝေလျက် ငယ်ရုပ်ဆင်ကြပြီ။

"နွေခါမိုးငယ် . . .၊ ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဖွေချာဝယ်၊ ဒေသစာလမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူ တာရေသွန်းချိန်မို့" ဟူ၍ မဟာအတုလမင်းကြီးက တန်ခူးလကို လွမ်းချင်းဖွဲ့ဆိုသည်။ တန်ခူးမှာ ရင်ခတ်၊ ကံ့ကော်တို့ ပွင့်ကြသည်။ စွယ်တော်၊ ဇလပ်၊ ပိတောက်တို့လည်း ပွင့်ကြသည်။ ရှေးကတော့ ကောင်းကင်မှ ဂြိုဟ်နက္ခတ် ကြယ်တာရာများ၊ မြေပြင်မှသစ်ပင်ပန်းမန်များသည်သာ လူတို့အတွက် အချိန်အခါကို အမှတ်သညာပြုစရာ သဘာဝပြက္ခဒိန်များ ဖြစ်ကြသည်။ ကောင်းကင်မှာ မည်သည့်ကြယ်တာရာ ထွန်းလင်း၍ မြေပြင်မှာ မည်သည့်ပန်းတို့ပွင့်ပြီဆိုလျှင် မည်သည့်ရာသီ၊ မည်သည့်လသို့ ရောက်ပြီဟူ၍ မှတ်သားကြသည်။

ရှေးမြန်မာတို့အဖို့ နှစ်တစ်နှစ်၏ လတိုင်းမှာ ပွဲတော်တစ်ခုတစ်ခုရှိနေရာ တန်ခူးလ၏ သင်္ကြန်ပွဲက ရှေးကတည်းက မျက်မှောက်ကာလသို့တိုင် ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲခဲ့ကြသော ပွဲတော်ဖြစ်သည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးပြောင်းသည့်ပွဲဖြစ်သည်ကလည်းတစ်ကြောင်း၊ ပူပြင်းသည့်နွေကာလတွင် တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကာ ကစားကြသည့် အစဉ်အလာဖြစ်ခြင်းကလည်း တစ်ကြောင်းတို့ကြောင့် ၁၂ လရာသီပွဲတော်များအနက် အချို့ပွဲတော်များ မေးမှိန်ကာ ပျောက်ကွယ်လုလုဖြစ်နေသော်လည်း သင်္ကြန်ပွဲတော်မှာမူ နှစ်စဉ်မပျက် ဆင်နွှဲလျက်ရှိနေရခြင်းပင် ဖြစ်သည်။

ယခုနှစ်၏ သင်္ကြန်မှာမူ ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့နေသည့် ကိုရိုနာဗိုင်းရပ်စ်ပိုးကြောင့် လူတိုင်း မိမိတို့အိမ်ဂေဟာများတွင်သာ နေရင်း မိသားစုဝင်များအကြား ခပ်ခွာခွာနေရင်း၊ တရားဘာဝနာများ ပွားများရင်း ဖြတ်သန်းကြရမည့် သင်္ကြန်ဖြစ်သည်။ အပျော်အပါးနှင့် လူစုလူဝေးကိုရှောင်ကာ ကူးစက်မြန်ရောဂါ မပျံ့နှံ့စေရေးအတွက် ဂရုပြုကြရမည့် အရေးကြီးသောအချိန်အခါဖြစ်သည်ကို သတိမူကြရမည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ပိုး ပေါ်ထွက်လာခဲ့သည်မှာ လအနည်းငယ် ကြာမြင့်လာခဲ့ပြီဖြစ်သည့်အတွက် ရောဂါပိုးအကြောင်းကို ပို၍ပို၍ သိလာနိုင်ကြပြီဖြစ်သည်။ ကနဦးသိရှိခဲ့ကြသည့် ရောဂါ၏အချက်အလက်များအပြင် နောက်ထပ်အချက်အလက်အသစ် အသစ်များ ထပ်မံသိရှိလာရသည့်အလျောက် ရောဂါကူးစက်မခံရအောင် မည်သို့နေထိုင်၊ မည်သို့စားသောက် စသည်ဖြင့် အကြံပြုလမ်းညွှန်ချက်များမှာလည်း ပြောင်းလဲလာရပြီဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်သည် လူ၏ခန္ဓာကိုယ်အတွင်းဝင်ရောက်ပြီးနောက် ရောဂါအစပျိုးသည့်ကာလမှာ မူလက နှစ်ရက်မှ ရက်သတ္တနှစ်ပတ်အတွင်းဖြစ်သည်ဟု တွေ့ရှိခဲ့သော်လည်း ထပ်မံတွေ့ရှိလာရသည့် အထောက်အထားများအရ ရက်သတ္တသုံးပတ်အထိ တိုးမြှင့်ခန့်မှန်းလာရသလို ရောဂါပိုးမွှားသည် နှာချေချောင်းဆိုးရာမှ ကူးစက်နိုင်သည်မဟုတ်ဘဲ သာမန်စကားပြောခြင်း၊ အသက်ရှူထုတ်ခြင်းတို့မှလည်း ကူးစက်နိုင်သည်တို့ကို တွေ့ရှိလာရသည်။

ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ အသစ်တွေ့ရှိလာသော အချက်အလက်များအရ တစ်စုံတစ်ခုကို ကိုင်တွယ်ပြီးတိုင်း လက်နှစ်ဖက်စလုံးကို စနစ်တကျဆေးကြောခြင်း၊ လူစုလူဝေးကို ရှောင်ကြဉ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ အပြင်ထွက်သည့်အခါတိုင်း ပါးစပ် နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်းတို့ကို မပျက်မကွက် လိုက်နာကျင့်သုံးရန် လိုအပ်လာသည်။ အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ခြင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရေးတွင် အဓိကအရေးပါသည့် အချက်ဖြစ်သည့် အားလျော်စွာ အိမ်တွင်းမှာ မိသားစုနှင့် ခပ်ခွာခွာ နေထိုင်ကြရင်း လောကဓာတ်တစ်ခွင်ကို မေတ္တာဓာတ်တို့ ဖြန့်ကြက်ကာ ကုသိုလ်အမှု အာရုံပြု၍ နှစ်သစ်ကို ကူးပြောင်းနိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်ငါးမျိုး အိမ်တိုင်ရာရောက် ထောက်ပံ့

**ဆီဆိုင် ဧပြီ ၁၁**

ကိုဗစ် -၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ကာလတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန် ငါးမျိုးဖြစ်သည့် ဆန် ရှစ်ပြည်၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ဆီ ၅၀ ကျပ်သားနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို ဖြန့်ဝေပေးလျက်ရှိရာ ယနေ့ ညနေပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ကောင်တရိုးကျေးရွာရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများထံသို့ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးသည်။



ထိုသို့ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ဒုတိယဦးစီးမှူး ဦးအောင်မိုးခိုင်နှင့် တာဝန်ရှိသူများက ကောင်တရိုးကျေးရွာရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၂၂ စု၊ လူဦးရေ ၁၁၈ ဦးအတွက် ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

"ခေတ်အဆက်ဆက်က ကျွန်တော်တို့ဒေသက ပြည်သူတွေက ပေးတာပဲရှိတယ်။ အခုမှပဲ ပြည်သူတွေက ပြန်လည်ခံစားရတယ်" ဟု နောင်ကျောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်နိုင်က ပြောသည်။

"အရေးပေါ်ကိစ္စနဲ့ပတ်သက်တိုင်း နိုင်ငံအတွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေ၊ သူဌေးတွေ ဒီလိုတိုင်းပြည်ရဲ့အရေးပေါ်ကိစ္စမှာ ပူးပေါင်းပေးဖို့ လိုအပ်တယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ဆီဆိုင်မြို့နယ်အတွင်း ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စုရှိပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစား အိမ်ထောင်စု ၂၆၄၁ စု၊ လူဦးရေ ၁၃၇၉၅ ဦးရှိပြီး ကျန်ရှိ နေသေးသည့် အိမ်ထောင်စုများကိုလည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## ပူတာအိုခရိုင်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုဝင်များအား အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့

**ပူတာအို ဧပြီ ၁၁**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုဝင်များအတွက် နိုင်ငံတော်ကထောက်ပံ့သည့် အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးကို ယနေ့ နံနက်ပိုင်းမှစတင်၍ အဆိုပါ အိမ်ထောင်စုများထံသို့ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

ပူတာအိုမြို့ပေါ်ရပ်ကွက်များဖြစ်သည့် ကောင်ကထောင်၊ လုံးစွတ်၊ လေယာဉ်ကွင်းရပ်ကွက်များတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်ကထောက်ပံ့သည့် တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာ စုစုပေါင်း ထောက်ပံ့မှုငါးမျိုးကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန့်စင်နှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**



ထို့အပြင် ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စုတွင် အိမ်ထောင်စုဝင် မိသားစု ၁၄၀၄ စုအတွက် ဆန် ၁၁၂၃၂ ပြည်၊ ဆီ ၇၀၂ ပိဿာ၊ ဆား ၇၀၂ ပိဿာ၊ ပဲ ၁၄၀၄ ပိဿာနှင့် ကြက်သွန်နီ ၁၄၀၄ ပိဿာတို့ကို ဖြန့်ဖြူးရေးအဖွဲ့များခွဲ၍ အဖွဲ့များနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးအရောက် မော်တော်ယာဉ်များဖြင့် လိုက်လံဖြန့်ဖြူးပေးခဲ့ရာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးအပ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပူတာအိုမြို့နယ်တွင် အိမ်ထောင်စု ၁၄၀၄ စု၊ မချမ်းဘောမြို့နယ်တွင် အိမ်ထောင်စု ၅၁၀၊ နောင်မွန်မြို့နယ်တွင် အိမ်ထောင်စု ၄၂ စု၊ ခေါင်လန်ဖူးမြို့နယ်တွင် အိမ်ထောင်စု ၃၆၉ စုနှင့် ဆွမ်ပရာဘွမ်မြို့နယ်တွင် အိမ်ထောင်စု ၁၅၆ စု စုစုပေါင်းအိမ်ထောင်စု ၂၄၈၁ စုတို့ကို သတ်မှတ်ချက်နှင့်အညီ စာရင်းများကောက်ယူခဲ့ခြင်းဖြစ်ရာ စာရင်းတွင်ပါရှိသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများ လက်ဝယ်အရောက် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ပြည်သူသာလျှင် အဓိက




❇ *ရှေ့ဖုံးမှ*

ရောဂါကူးစက်ထားသူများ နောက်အပတ်အတွင်း ပေါ်လာပါမယ်။ ဘယ်လောက်အထိများမယ် ခန့်မှန်းလို့ မရသေးပါဘူး။ ကျွန်မတို့အစိုးရကတော့ ပြည်သူတစ်ယောက်ချင်းကို တန်ဖိုးထားပြီး အကောင်းဆုံးစောင့်ရှောက်သွားဖို့ သန္နိဋ္ဌာန် ချထားပါတယ်။ တည်တည်ငြိမ်ငြိမ်၊ စည်းကမ်းလိုက်နာခြင်းနဲ့ ပြည်သူအားလုံး ကျွန်မတို့ကို ကူညီပေးကြပါ။

အစိုးရရဲ့ ပန်ကြားချက်အရ ပြန်ဝင်လာဖို့ စောင့်နေကြတဲ့ ထိုင်းနယ်စပ်က ကျွန်မတို့ ပြည်သူတွေကို ထိုင်းနိုင်ငံရဲ့ အရေးပေါ်အခြေအနေ ကြေညာချက်နဲ့ ကိုက်ညီအောင် ဧပြီ (၃၀)ရက်နေ့အထိ စောင့်ဆိုင်းဖို့ ထပ်မံပန်ကြားထားပါတယ်။ ပြည်ပမှ လေယာဉ်များ ဆိုက်ရောက်မှု တားမြစ်ခြင်းကိုလည်း ဧပြီ (၃၀)ရက်ထိ တိုးလိုက်ရပါတယ်။

ပြည်သူတွေ စိတ်ချမ်းမြေ့စေမဲ့သတင်းတွေပဲ ပေးချင်ပါတယ်။ ဒါပေမဲ့ တာဝန်သိမှု တာဝန်ယူမှုနဲ့အတူ ပွင့်လင်းမြင်သာ၊ ဖြောင့်မတ်မှုရှိရပါမယ်။ ပြည်သူတွေက အဓိကမို့ ပြည်သူတွေ အခြေအနေမှန်ကို သိဖို့လိုပါတယ်။

လက်ရှိ အခက်အခဲများကို ကျော်လွှားပြီး ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူအပေါင်း နှလုံးစိတ်ဝမ်း အေးချမ်းနိုင်ကြတဲ့အချိန် အမြန်ဆုံးရောက်ပါစေ။

> "အစိုးရရဲ့ ပန်ကြားချက်အရ ပြန်ဝင်လာဖို့ စောင့်နေကြတဲ့ ထိုင်းနယ်စပ်က ကျွန်မတို့ပြည်သူတွေကို ထိုင်းနိုင်ငံရဲ့ အရေးပေါ် အခြေအနေ ကြေညာချက်နဲ့ ကိုက်ညီအောင် ဧပြီ (၃၀)ရက်နေ့အထိ စောင့်ဆိုင်းဖို့ ထပ်မံပန်ကြားထားပါတယ်။ ပြည်ပမှ လေယာဉ်များ ဆိုက်ရောက်မှု တားမြစ်ခြင်းကိုလည်း ဧပြီ (၃၀) ရက်ထိ တိုးလိုက်ရပါတယ်"

❖ *ရှေ့ဖုံးမှ*

မော်တော်ယာဉ်လိုင်း အများစုသည်လည်း ရပ်နားထားကြပါသည်။ နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသူများမှာ အလွန်များပြားလှသဖြင့် ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု (Quarantine) ပြုလုပ်ရန် နေရာထိုင်ခင်းများ ထပ်မံတိုးချဲ့ပြင်ဆင်မှုများ ပြုလုပ်နေရဆဲဖြစ်ပါသည်။

၃။ ထိုင်းနိုင်ငံအနေဖြင့်လည်း ၂၆-၃-၂၀၂၀ ရက်နေ့မှစတင်၍ ပြည်ဝင်ဗီဇာနှင့် နေထိုင်ခွင့်သက်တမ်းကုန်ဆုံးသူ နိုင်ငံခြားသားများအားလုံးကို ၃၀-၄-၂၀၂၀ ရက်နေ့အထိ ဗီဇာနှင့် နေထိုင်ခွင့်သက်တမ်းများကို အလိုအလျောက် တိုးမြှင့်ပေးမည်ဖြစ်ပြီး ရက်လွန်ဒဏ်ကြေးကိုလည်း ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော်ခွင့် လက်မှတ်ကိုင်ဆောင်ထားသူများအားလည်း ထိုင်းနိုင်ငံအတွင်း ဆက်လက်နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်မှသာ (၇)ရက်အတွင်း ပြန်လည်ထွက်ခွာနိုင်ကြောင်း ထိုင်းနိုင်ငံအစိုးရက ကြေညာထားပါသည်။ ထို့အပြင် ထိုင်းနိုင်ငံတွင် ၂၆-၃-၂၀၂၀ ရက်နေ့မှ ၃၀-၄-၂၀၂၀ ရက်နေ့အထိ အရေးပေါ်အခြေအနေအဖြစ် ကြေညာချက် ထုတ်ပြန်ထားပြီး၊ ၃-၄-၂၀၂၀ ရက်နေ့မှစတင်၍ နောက်ထပ် အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်မီအချိန်ထိ ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ထားကာ နေအိမ်များအတွင်းတွင်သာ နေထိုင်ကြပါရန်နှင့် ခရီးသွားလာမှုများ မပြုလုပ်ကြရန် တားမြစ်ထားပါသည်။

၄။ သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် အိမ်ရှင်ထိုင်းနိုင်ငံ၏ ဥပဒေကို တိကျစွာ လေးစားလိုက်နာလျက် ခရီးသွားလာမှုများ ရှောင်ရှား၍ မိမိတို့နေအိမ်တွင်း၌သာ ဆက်လက်နေထိုင်ကြခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်ရေးအတွက် ဝိုင်းဝန်းကူညီကြပါရန်နှင့် နယ်စပ်ဂိတ်များမှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရန် မဖြစ်မနေ လိုအပ်ပါက ထိုင်းနိုင်ငံမှ အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလ ကုန်ဆုံးမည့် ၃၀-၄-၂၀၂၀ ရက်နေ့ နောက်ပိုင်းမှသာ ပြန်လည်ဝင်ရောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၁ ရက်**

## ဒလမြို့နယ် တံတားချောင်းကျေးရွာ၌ အများပြည်သူသုံးရေကန်များ ခန်းခြောက်နေသဖြင့် ရေအခက်ကြုံနေရ

**ဒလ ဧပြီ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် တံတားချောင်းကျေးရွာတွင် အများပြည်သူသုံးရေကန်ငယ် ခြောက်ကန်ရှိသည့်အနက် ကန်လေးကန်မှာ ရေများ ခန်းခြောက်သွားပြီဖြစ်သဖြင့် သောက်ရေသုံးရေ အခက်ကြုံနေရကြောင်း သိရသည်။

"ဒီရွာမှာ ရေကန်ခန်းခြောက်နေတာက မတ်လကုန်ကတည်းကပါ။ အခုဆို ရွာနဲ့ သုံးဖာလုံလောက်ဝေးတဲ့ အုံ့ကြီးအရှေ့ရပ်ကွက်ရှိ ရေကန်မှာ လက်တွန်းလှည်းနဲ့ နှစ်ခေါက် သုံးခေါက်သွားပြီ သယ်နေရတယ်"ဟု တံတားချောင်းကျေးရွာနေသူ တစ်ဦးက ပြောသည်။

တံတားချောင်းကျေးရွာ ရာအိမ်စုမှူး ဦးကျော်တင့်က "ကျွန်တော်တို့ ရွာမှာ ရေကန်ငယ် ခြောက်ကန်ရှိပြီး စုစုပေါင်း ဧရာလန် သန်း ၂၀ ကျော်သာ ရေသိုလှောင်နိုင်မှာပါ။ ရေတုံကင်က ငါးတွင်းရှိတယ်။ ရေငန်တွေပဲ ထွက်တယ်။ အရင်ကဆို ရွာမှာ အိမ်ခြေ သုံး၊ လေးဆယ် လောက်သာရှိခဲ့ရာ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း ရွာလမ်းက ကောင်းလာတော့ အိမ်ခြေတွေ များလာတယ်။ မနှစ်က ရွာလမ်းကိုချဲ့ပြီး ၁၂ ပေ ကွန်ကရစ် လမ်းခင်းပေးလိုက်တော့ ဒလမြို့ထဲကသူတွေက ကွက်ရိုက် ရောင်းထားတဲ့ လယ်မြေတွေ ဝယ်ပြီး ဒီမှာလာနေကြတော့ အခုဆို အိမ်ခြေ ၄၀၀ လောက် ရှိသွားပြီ။ လူဦးရေအားဖြင့် ၃၀၀၀ လောက် ရှိပါတယ်။ အဲဒါကြောင့် ရေကန်တွေ အခုလို မြန်မြန်ခန်းခြောက်သွားတာပါ။ လူဦးရေများလာလို့ သုံးရေများများရအောင် ရေကန်တွေ ပြုပြင်တူးဖော်ပေးဖို့ လိုနေပါပြီ"ဟု ပြောသည်။

ဒလမြို့ရှိ ဓမ္မပါလပရဟိတအဖွဲ့က ရေယာဉ်ငယ်တစ်စီးဖြင့် တစ်နေ့လျှင် နှစ်ခေါက်၊ သုံးခေါက် သယ်ယူ၍ ဧရာလန် ၁၅၀၀ ကို လာရောက် ဝေငှပေးလျက်ရှိကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ နှင့်ပတ်သက်၍ သိရှိလိုသည်များကို အခမဲ့မေးမြန်းနိုင်သော National Call Center နံပါတ် 2019 သို့ ဆက်သွယ်မေးမြန်းမှုပေါင်း ၂ သိန်းကျော်ရှိ

**နေပြည်တော် ဧပြီ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ Blue Ocean Investment Limited နှင့် မိုဘိုင်းအော်ပရေတာများ (MPT, Telenor, Ooredoo နှင့် Mytel) ပူးပေါင်း၍ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ သိရှိလိုသည်များကို အခမဲ့မေးမြန်းနိုင်သော National Call Center ကို 2019 နံပါတ်ဖြင့် ဧပြီ ၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ Call Center သည် လက်ရှိကမ္ဘာတစ်ဝန်းနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉၏ ဖြစ်ပွားမှု၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ရောဂါကာကွယ်ရန် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ လူနာများ ရှာဖွေကုသခြင်း စသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ပြည်သူလူထုမှ သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်ရေးအတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်း Call Center စတင်ဖွင့်လှစ်သည့် ဧပြီ ၈ ရက်မှ ဧပြီ ၁၀ ရက်အထိ ဆက်သွယ်မေးမြန်းသူပေါင်း ၂ သိန်းကျော်ရှိကြောင်း၊ Call Center သို့ ဆက်သွယ်သည့်သူများ ယခုထက် ပိုမိုအဆင်ပြေစေရန်အတွက် နည်းပညာပိုင်းဆိုင်ရာများကို ထပ်မံတိုးမြှင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

Call Center ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် ဆေးသုတေသနဦးစီးဌာန(ရန်ကုန်) ဦးစီးဆောင်ရွက်ပြီး ဆေးသုတေသနဦးစီးဌာနမှ ဆန္ဒအလျောက် တာဝန်ယူဆောင်ရွက်သူများနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (MMA)မှ စေတနာ့ဝန်ထမ်းဆရာဝန်များ စုစုပေါင်း ၆၀ ဖြင့် ဧပြီ (၈) ရက်မှစတင်ကာ နေ့စဉ်နံနက် (၈) နာရီမှ ည (၈) နာရီအထိ ဖြေကြားပေးလျက်ရှိသည့်အပြင် ပြည်သူလူထု အမေးများနိုင်ပြီး မဖြစ်မနေသိရှိထားရမည့် ကိုဗစ်-၁၉ နှင့် သက်ဆိုင်သော ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်များကို စက်မှအလိုအလျောက် ဖြေကြားပေးသည့်စနစ်ကို စီစဉ်ထားသည်။

ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးလိုပါက လိုင်းခွဲနံပါတ် - ၀ သို့နှိပ်၍ တစ်ဦးလျှင်အချိန် (၆) မိနစ်ခန့် မေးမြန်းနိုင်မည့်အပြင် "2019" သို့ခေါ်ဆိုပြီး လိုင်းခွဲနံပါတ် - ၁ တွင် ရောဂါလက္ခဏာများအကြောင်း၊ လိုင်းခွဲနံပါတ် -၂ တွင် ကူးစက်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ် -၃ တွင် ကာကွယ်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ် -၄ တွင် အသွားအလာကန့်သတ်ခြင်းအကြောင်း၊ လိုင်းခွဲနံပါတ် -၅ တွင် နောက်ဆုံးရ ကိုဗစ်-၁၉ ပိုး တွေ့လူနာအရေအတွက် အကြောင်းတို့ကို အလိုအလျောက်စနစ်ဖြင့် ဖြေကြားပေးလျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားသည်။

**ထက်လျှံ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံ

## အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာနှင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု

**ဘားအံ ဧပြီ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ လူမှုရေးဝန်ကြီး ဦးစောဘိုဘိုဝေမောင်၊ ကျိုက်ထိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်တို့နှင့် တွေ့ဆုံ၍ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ နယ်စပ်ဂိတ်များနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ သံဖြူဇရပ်နယ်စပ်ဂိတ်တို့ကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိသူ မြန်မာနိုင်ငံသားများအား သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိ၍ အသွားအလာကန့်သတ်ရေးကိစ္စနှင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးသည်။ **(ယာပုံ)**

ထို့နောက် ထိုင်းနိုင်ငံမှ ပြန်လာသူ မြန်မာနိုင်ငံသား (၆၀) အား အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိရာနေရာ (quarantine site) ဖြစ်သည့် ဘားအံမြို့ နယ်ရှိ မိုးကုတ်ဝိပဿနာကျောင်းတိုက် (အဖွဲ့ခွဲ - ၁၂၀)သို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား တွေ့ဆုံအားပေး၍ စနစ်တကျ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များအား ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘားအံပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ လူနာများ ကုသမှုပေးရန် အထူးကြပ်မတ်ကုသဆောင်များအပါအဝင် စနစ်ကျစွာ ပြင်ဆင်ထားရှိမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဘားအံပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ အသွားအလာကန့်သတ်မှုနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှု ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ အားလုံး၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ ထိုင်းနိုင်ငံမှ ပြန်လာသူ မြန်မာနိုင်ငံသား အမြောက်အမြားသည် ကရင်ပြည်နယ်ရှိ နယ်စပ်ဂိတ်များကို ဖြတ်ကျော်ဝင်ရောက်လာသည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အတွင်း ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးသည် မြန်မာနိုင်ငံအတွက် အရေးကြီးပါကြောင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)အနေဖြင့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများကို အရေအတွက် ပိုမိုတိုးမြှင့် လုပ်ဆောင်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ စောင့်ကြည့်လူနာများအားလုံးနှင့် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအားလုံးကို ဦးစားပေးစစ်ဆေးသွားမည်ဖြစ်ပြီး အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ခံရသူများအတွင်း ရာခိုင်နှုန်းအချိုးအစားတစ်ခုအား သုတေသန (implementation research) ပုံစံဖြင့် ဓာတ်ခွဲစစ်ဆေးမှုများ တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့သည် ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိနေသူများကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါထိန်းချုပ်မှု နည်းဗျူဟာများကို လိုအပ်သလို ပြောင်းလဲဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ယခု ရက်ရှည်ရုံးပိတ်ရက်ကာလအတွင်း ဓာတ်ခွဲနမူနာများ ပေးပို့ရာတွင် ဝန်ကြီးဌာနရှိ မော်တော်ယာဉ်များကို စနစ်တကျ တာဝန်ခွဲဝေသတ်မှတ်၍ အသုံးချဆောင်ရွက်ရန် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ယခုအခါ စေတနာရှင်ပြည်သူများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည့်အပြင် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေဖြင့်လည်း ဝယ်ယူလျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ ရောဂါကာကွယ်ရေးဝတ်စုံများ ပိုမိုရရှိအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရာနေရာများအား စနစ်တကျ စီမံခန့်ခွဲမှုလုပ်ငန်းများသည် ယခုအချိန်၌ ဤရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရေးအတွက် အဆုံးအဖြတ်အချက်ပင်ဖြစ်ပါကြောင်း၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာများ၏ ဆောင်ရွက်မှုပုံစံနှင့် အရည်အသွေးတို့ကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များ မွမ်းမံဖြည့်ဆည်းဆောင်ရွက်ရန်အတွက် supervisory checklist များ အသုံးပြုဆန်းစစ်မှုများ အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆန်းစစ်တွေ့ရှိချက်များကို ဗဟိုသို့ အမြန်ဆုံးပေးပို့စေလိုပါကြောင်း၊ လက်ကိုင်အသံချဲ့စက်ငယ်များကို အသုံးပြု၍ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများအား အကြိမ်အရေအတွက် တိုးမြှင့်လုပ်ဆောင်စေလိုပါကြောင်း၊ ပြည်သူများ ကိုယ်တိုင် ကိုဗစ်-၁၉ ကပ်ရောဂါ မကူးစက်နိုင်စေရေး ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ဤကပ်ရောဂါကို ထိန်းချုပ်နိုင်မှသာ တစ်နိုင်ငံလုံးရှိ လုပ်ငန်းဆောင်တာများ ပုံမှန်ပြန်လည် လည်ပတ်နိုင်မည်ဖြစ်ပါကြောင်း၊ ဘားအံပြည်သူ့ဆေးရုံကြီးတွင် ကြိုတင်ပြင်ဆင်ထားရှိမှုများအတွက် ထပ်မံလိုအပ်ချက်များကို အမြန်ဆုံး စာရင်းပြုစုတင်ပြစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ပံ့ပိုးနိုင်သည်များကို ချက်ချင်းပံ့ပိုးပေးမည်ဖြစ်ပြီး အခြားထပ်မံလိုအပ်မည့် ကိစ္စရပ်များကို အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



### ဝိုင်းဝန်းပူးပေါင်းပါဝင်

ထို့နောက် တက်ရောက်လာကြသည့် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး၊ ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာမြင့်၊ ဘားအံပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်နှင့် ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြု၊ ကုသမှုအထောက်အကူပြု ပညာရှင်များနှင့် တာဝန်ရှိသူများက ဘားအံပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ လူနာများ ကုသမှုပေးနိုင်ရန် လူနာခန်းများ၊ အထူးကြပ်မတ်ကုသခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေနှင့် လိုအပ်ချက်များ၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများအား ဆောင်ရွက်နေမှုနှင့် အခက်အခဲ၊ စိန်ခေါ်မှုများ၊ စောင့်ကြည့်လူနာများ လာရောက်ခဲ့ရာ နေရာဒေသနှင့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာ နေရာများကို စာရင်းမြေပုံများ ပြုလုပ်ထားရှိမှု၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (community based facility quarantine) လုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ်နှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၁၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မင်းဘူးမြို့၊ ဆင်ဖြူကျွန်းမြို့၊ တောင်ငူမြို့၊ ဘော်လခဲမြို့၊ မြဝတီမြို့နှင့် လှိုင်းဘွဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပျဉ်းမနားမြို့တွင် ၀ ဒသမ ၃၉ လက်မ၊ လားရှိုးမြို့တွင် ၀ ဒသမ ၃၂ လက်မ၊ ကွမ်းလုံမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၀ ဒသမ ၁၉ လက်မစီ၊ သီပေါမြို့တွင် ၀ ဒသမ ၁၅ လက်မနှင့် နေပြည်တော်(ဇမ္ဗူသီရိမြို့နယ်)တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel ၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်

### Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel ၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၂၉-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတကာလေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ဝင်ရောက်ဆင်းသက်ခြင်းကို ယာယီကန့်သတ်သည့် Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel ဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် (၁၀-၄-၂၀၂၀) ရက်နေ့ ည (၁၀:၁၅) နာရီအချိန်အထိ COVID–19 ဓာတ်ခွဲအတည်ပြုလူနာ (၂၈) ဦး တွေ့ရှိသည့်အနက် ရောဂါဖြစ်ပွားရာနိုင်ငံများမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်လာခဲ့သည့် COVID–19 ရောဂါဖြစ်ပွားနေသူ (Imported Cases) (၁၆) ဦးနှင့် အဆိုပါသူများနှင့် အနီးကပ်ထိတွေ့သူ (Close Contact) (၉) ဦးသို့ ရောဂါကူးစက်ခဲ့ကြပြီး ရောဂါဖြစ်ပွားမှုကို သုံးသပ်ရာတွင် ပြည်ပမှ လေကြောင်းဖြင့် ဝင်ရောက်လာသည့် Imported Cases များနှင့် ၎င်းတို့၏ Close Contact များမှ အဓိကကူးစက်ပြန့်ပွားနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

COVID–19 ရောဂါ ဖြစ်ပွားကူးစက်မှုအား ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာ၌ နိုင်ငံတကာမှ လာရောက်သည့်ခရီးသည်များကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ လွန်စွာ အရေးကြီးသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန က (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel ဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ ကုန်ဆုံးမည့် (၁၃-၄-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီကို ထပ်မံသက်တမ်းတိုးမြှင့်ရန် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ခွင့်ပြုပြီးဖြစ်ပါသဖြင့် Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel ဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၀-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဧပြီ ၁၁**

ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ဧပြီ ၁၃ ရက်မှ ၁၅ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID–19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID–19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot–Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID–19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရေးဆိုင်ရာ သတ်မှတ်ချက်များသိစေလို

*— — — မာလာအောင် (ယဉ်ကျေးမှု) — — —*

မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များတွင် မျက်စိနှင့်မြင်တွေ့နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များရှိသကဲ့သို့ မျက်စိနှင့် မမြင်တွေ့နိုင်ဘဲ လူသားတို့၏ နှလုံးသားထဲတွင် စွဲမြဲထင်ကျန်နေသည့် အတတ်ပညာများ၊ ယုံကြည်ကိုးကွယ်မှုများ၊ ရိုးရာဓလေ့များနှင့် ထုံးတမ်းအစဉ်အလာများ စသည့်ယဉ်ကျေးမှု အမွေအနှစ်များ ရှိကြပါသည်။

**ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများ**

ကမ္ဘာတစ်ဝန်းလုံးကစုစည်း၍ ဖွဲ့စည်းထားသော ယူနက်စကိုအဖွဲ့အစည်း (UNESCO–United Nations Educational, Scientific and Cultural Organization–ကုလသမဂ္ဂပညာရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း)ကယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်လျက်ရှိရာ မျက်စိနှင့် မြင်တွေ့နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကို ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ် (Tangible Cultural Heritage) ဟု သတ်မှတ်ပြီး မျက်စိနှင့် မမြင်နိုင်ဘဲ လူသားတို့၏ ရင်တွင်း နှလုံးသားတွင်း ထင်ကျန်မှတ်ယူ၍ဆောင်ရွက်နေသည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) ဟု သတ်မှတ်ကြပါသည်။

ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး၌ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းခြင်းနှင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းခြင်းဟူ၍ရှိရာ ယူနက်စကိုအဖွဲ့အစည်းမှ ကြေညာသည့် ပဋိညာဉ်စာချုပ် နှစ်ရပ် အပေါ်မူတည်၍ သတ်မှတ်ချက်များရှိကြောင်း တင်ပြလိုပါသည်။

ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရာ၌ ၁၉၇၂ ခုနှစ် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များဆိုင်ရာ ပဋိညာဉ်စာချုပ်အရ တစ်ကမ္ဘာလုံးဆိုင်ရာ သတ်မှတ်ချက်များ/စံတန်ဖိုးများ (Outstanding Universal Value) အဖြစ် သတ်မှတ်ထားသော စံချိန်/စံညွှန်း ၁ မှ ၁၀ အထိ အချက် ၁၀ ချက်တို့ပါဝင်ပြီး အဆိုပါအချက်၌ အနည်းဆုံး နှစ်ချက်ဖြင့် ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။

တစ်နည်းအားဖြင့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း (Conservation of World Heritage properties) နှင့် ယဉ်ကျေးမှု သို့မဟုတ် သဘာဝအားစစ်မှန်မှုတို့ဖြင့် သက်သေပြရန် လိုအပ်ပါသည်။

ထိုသို့ဒြပ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များသည် မျက်စိနှင့် မြင်တွေ့နိုင်သည့် ထုထည်အဖြစ်ရှိနေသော်လည်း လူသားတို့၏နှလုံးသားတွင် ထင်ကျန်နေသော အတတ်ပညာများ၊ ယုံကြည်မှုများစသည့် မျက်စိနှင့် မမြင်တွေ့နိုင်သော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များသည် တဖြည်းဖြည်း ပျောက်ကွယ်လုနီးဖြစ်လာနေသည်ကို အမိမြန်မာနိုင်ငံသာမက တစ်ကမ္ဘာလုံး ရင်ဆိုင်နေကြပါသည်။ သို့ဖြစ်ပါ၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ လေးစားတန်ဖိုးထားတတ်စေရန်၊ အဖွဲ့အစည်းများ/ အုပ်စုများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို လေးစားတန်ဖိုးထားရန်၊ ဒေသတွင်း/နိုင်ငံတော်နှင့် နိုင်ငံတကာတို့အတွင်း၌ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အရေးပါမှုအား အသိပညာပေးမြှင့်တင်ရန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့ကူညီပေးရန်ရည်ရွယ်၍ ယူနက်စကိုအဖွဲ့အစည်းသည် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေအစည်းအဝေး (32nd Session) တွင် ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ် (2003–Convention for the Safeguarding of the Intangible Cultural Heritage) ကို ကြေညာခဲ့ပါသည်။

အဆိုပါ ပဋိညာဉ်စာချုပ်၌ အပိုဒ် ၄၀ ပါဝင်ပါသည်။ အပိုဒ် ၁ မှ ၃ အထိသည် အထွေထွေစည်းကမ်းချက်များကို ဖော်ပြထားပြီး အပိုဒ် ၄ မှ ၈ အထိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ၊ နိုင်ငံတကာ အစိုးရများကော်မတီဆိုင်ရာ ဆောင်ရွက်ချက်များ ပါဝင်ပါသည်။ အပိုဒ် ၁၁ မှ ၁၅ အထိတွင် နိုင်ငံအသီးသီးမှ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်ချက်များပါဝင်ပါသည်။ အပိုဒ် ၁၆ မှ ၁၈ အထိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းကောက်ယူမှုဆိုင်ရာ လုပ်ငန်းစဉ်များပါဝင်ပါသည်။ အပိုဒ် ၁၉ မှ ၂၈ အထိ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့မှု၊ အကူအညီတောင်းခံမှုနှင့် ရန်ပုံငွေဆိုင်ရာ အချက်အလက်များပါဝင်ပါသည်။ အပိုဒ် ၂၉ မှ ၃၀ အထိ အစီရင်ခံစာနှင့် ပတ်သက်သော လုပ်ငန်းစဉ်များပါဝင်ပါသည်။ အပိုဒ် ၃၂ မှ ၃၄ အထိ အတည်ပြုချက်တို့ပါဝင်၍ အပိုဒ် ၃၅ မှ ၄၀ အထိ၌ နောက်ဆုံးအချက်များဟူ၍ လုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။

> **“ ကမ္ဘာတစ်ဝန်းလုံးကစုစည်း၍ ဖွဲ့စည်းထားသော ယူနက်စကိုအဖွဲ့အစည်း** (UNESCO-United Nations Educational, Scientific and Cultural Organization- **ကုလသမဂ္ဂပညာရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း)က ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်လျက်ရှိရာ မျက်စိနှင့် မြင်တွေ့နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကို ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်** (Tangible Cultural Heritage) **ဟု သတ်မှတ်ပြီး မျက်စိနှင့် မမြင်နိုင်ဘဲ လူသားတို့၏ ရင်တွင်းနှလုံးသားတွင်း ထင်ကျန်မှတ်ယူ၍ဆောင်ရွက်နေသည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်** (Intangible Cultural Heritage) **ဟု သတ်မှတ်ကြ”**

ပဋိညာဉ်စာချုပ်အရ အဆောတလျင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (List of Intangible Cultural Heritage in Need of Urgent Safeguarding)၊ လူသားတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကိုယ်စားပြုစာရင်း (Representative List of the Intangible Cultural Heritage of Humanity) နှင့် စာချုပ်၏ရည်ရွယ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို အကောင်းဆုံးထင်ဟပ်စေသည့် လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများစာရင်း (List of Programmes, Projects and Activities Best Reflecting The Principles and Objectives of the Convention) ဟူ၍ စာရင်းတင်သွင်းမှု သုံးရပ်ရှိပါသည်။

**အဆောတလျင်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသော ဒြပ်မဲ့ယဉ်ကျေးမှု**

အဆောတလျင်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းရာတွင် အောက်ပါစံနှုန်းသတ်မှတ်ချက် ခြောက်ချက် (U. 1 to U.6) ရှိပါသည်–

- U.1 ယဉ်ကျေးမှုအမွေအနှစ်သည် ပဋိညာဉ်စာချုပ် အပိုဒ် ၂ တွင် သတ်မှတ်ထားသည့်အတိုင်း ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်ကြောင်း ပြသရန်၊
- U.2 အဆောတလျင်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေမှုကို ဖော်ပြရန်၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး အသိုက်အဝန်းများ သို့မဟုတ် သက်ဆိုင်ရာ အကျိုးဝင်သော လူပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများက ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်လင့်ကစား ယဉ်ကျေးမှုအမွေအနှစ်ဆက်လက်တည်တံ့ရေး အန္တရာယ်ကျရောက်နေခြင်းကြောင့် ထိန်းသိမ်းစောင့်ရှောက်ရန် အဆောတလျင် လိုအပ်လျက်ရှိကြောင်းကို နိုင်ငံများအနေဖြင့် ဖော်ပြရန်၊ ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်၍ လက်ဆင့်ကမ်းပြန့်ပွားနိုင်ရေးနှင့် ကျင့်သုံးနိုင်ရေးတို့အတွက် ခြိမ်းခြောက်အန္တရာယ်ပြုနေသောအချက်များကို ထုတ်ဖော်လျက်ဖော်ပြရန်နှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ၏ ပြင်းထန်မှုနှင့် လက်ရှိကြုံတွေ့ရမှုတို့ကို ဖော်ပြရန်၊
- U.3 ထိန်းသိမ်းစောင့်ရှောက်မှု အစီအမံများကို ဖော်ပြရန်၊ သက်ဆိုင်ရာအသိုက်အဝန်း/အုပ်စု သို့မဟုတ် အကျိုးဝင်ပါသော လူပုဂ္ဂိုလ်များ အနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကျင့်သုံးမှုနှင့်လက်ဆင့်ကမ်းပြန့်ပွားစေမှုကို လုပ်ဆောင်နိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ အသေးစိတ် ဖော်ထုတ်ထားကြောင်း နိုင်ငံများအနေဖြင့် ဖော်ပြရန်၊ ယဉ်ကျေးမှုအမွေအနှစ်ကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် အဖြစ် မိမိနိုင်ငံ၏ ဒြပ်မဲ့အမွေအနှစ် အမည်စာရင်းတွင် ရေးသွင်းထားရန်၊
- U.4 နိုင်ငံများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကို အမည်စာရင်းတင်သွင်းရာတွင် သက်ဆိုင်ရာ အသိုက်အဝန်း၊ အုပ်စု သို့မဟုတ် အကျိုးဝင်သော လူပုဂ္ဂိုလ်များသည် ယဉ်ကျေးမှုအမွေအနှစ်တင်သွင်းခြင်းကို လွတ်လပ်စွာကြိုတင်၍ သဘောတူညီမှုရှိပြီး အကျယ်ပြန့်ဆုံးပါဝင်ဆောင်ရွက်ကြောင်းဖော်ပြရန်၊
- U.5 ပဋိညာဉ်စာချုပ်အပိုဒ် ၁၁ နှင့် ၁၂ တို့တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ယဉ်ကျေးမှု အမွေအနှစ်သည် အမည်စာရင်းတင်သွင်းသောနိုင်ငံ(များ)၏ ပိုင်နက်နယ်မြေ(များ)တွင်တည်ရှိကြောင်း နိုင်ငံများအနေဖြင့် ထင်ရှားစွာ ဖော်ပြရန်၊
- U.6 အဆောတလျင်ထိန်းသိမ်းရမည့်ကိစ္စဖြစ်ခဲ့ပါက ပဋိညာဉ်စာချုပ်အပိုဒ် ၁၇.၃ သတ်မှတ်ဖော်ပြထားသည့်အတိုင်း အမည်စာရင်းတင်သွင်းသောနိုင်ငံ (များ) ၏ ပိုင်နက်နယ်မြေ (များ)က ဆောင်ရွက်မည့် ရည်ရွယ်ချက်များကို အထွေထွေညီလာခံက အတည်ပြုပြီး ၎င်းတို့၏ အကြံပြုဆွေးနွေးချက်နှင့်အတူ ဆောင်ရွက်ရန်။

ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းမှုတွင် စံနှုန်းသတ်မှတ်ချက် ၅ ချက် (R.1 to R.5) တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- R.1 ယဉ်ကျေးမှုအမွေအနှစ်သည် ပဋိညာဉ်စာချုပ် အပိုဒ် ၂ တွင် သတ်မှတ်ထားသည့်အတိုင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ကြောင်း ပြသရန်၊
- R.2 ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များသည် မြင်သာထင်သာရှိပြီး အရေးပါပုံကို သိမြင်နားလည်စေရန် ဆွေးနွေးခြင်းများ ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်ကို စာရင်းတင်ခြင်းဖြင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်၏ မြင်သာထင်သာတည်ရှိနေမှုနှင့် အရေးပါပုံကို အများကသိမြင်နားလည်စေရန်၊ ဆွေးနွေးမှုများကို တွန်းအားပေးရန်၊ ကမ္ဘာတစ်ဝန်းမတူကွဲပြားသော ယဉ်ကျေးမှုကို ထင်ဟပ်ပေါ်လွင်စေလျက် လူသားတို့၏ တီထွင် ဖန်တီးနိုင်စွမ်းကိုသက်သေပြရန်၊
- R.3 နိုင်ငံ(များ)အနေဖြင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် ကာကွယ်ထိန်းသိမ်းစောင့် ရှောက်ရေးအစီအမံများကို လက်တွေ့ဆောင်ရွက်ရန်၊ ယဉ်ကျေးမှု အမွေအနှစ်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အဖြစ် မိမိနိုင်ငံ၏ ဒြပ်မဲ့အမွေအနှစ် အမည် စာရင်းတွင် ရေးသွင်းထားရန်၊
- R.4 နိုင်ငံများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ် ကို အမည်စာရင်း တင်သွင်းရာတွင် သက်ဆိုင်ရာ အသိုက်အဝန်း၊ အုပ်စု သို့မဟုတ် အကျိုးဝင်သော လူပုဂ္ဂိုလ်များ သည်ယဉ်ကျေးမှုအမွေအနှစ် တင်သွင်းခြင်း ကို လွတ်လပ်စွာ ကြိုတင်၍ သဘောတူညီမှုရှိပြီး အကျယ်ပြန့်ဆုံး ပါဝင်ဆောင်ရွက်ကြောင်း ဖော်ပြရန်၊
- R.5 ပဋိညာဉ်စာချုပ်အပိုဒ် ၁၁ နှင့် ၁၂ တို့တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ယဉ်ကျေးမှုအမွေအနှစ်သည် အမည်စာရင်း တင်သွင်းသော နိုင်ငံ(များ)၏ ပိုင်နက် နယ်မြေ(များ)တွင်တည်ရှိကြောင်း နိုင်ငံများ အနေဖြင့် ထင်ရှားစွာ ဖော်ပြရန်။

**စံနှုန်းသတ်မှတ်ချက်များ**

စာချုပ်၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို အကောင်းဆုံးထင်ဟပ်စေသည့် လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများကို စာရင်းတင်သွင်းရာတွင် အောက်ပါစံနှုန်းသတ်မှတ်ချက် ၉ ချက် ( P . 1 to P . 9) ပါရှိသည်။

- P.1 စာချုပ်၏ အပိုဒ် ၂–၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ သွင်ပြင်လက္ခဏာ၊ မှတ်တမ်းမှတ်ရာ သုတေသန၊ ထိန်းသိမ်းမှု၊ ကာကွယ်မှု၊ တိုးမြှင့်မှု၊ မြှင့်တင်မှု၊ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် အထူးသဖြင့် ပညာရေးတို့မှတစ်ဆင့် ယဉ်ကျေးမှုအမွေအနှစ်၏ လက္ခဏာသွင်ပြင်များ ပြန်လည်အသက်ဝင်စေခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့ကိုအတွက် ဦးတည်လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများကို ဖော်ပြရန်၊
- P.2 တစ်မျိုးသားလုံးဆိုင်ရာအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ ဒေသခွဲဆိုင်ရာအဆင့်၊ နိုင်ငံတကာဆိုင်ရာအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၌ ရပ်ရွာ အသိုက်အဝန်းမှ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြှင့်တင်ရေးတို့အတွက် ဆောင်ရွက်သည့် လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများကို ဖော်ပြရန်၊
- P.3 တစ်မျိုးသားလုံးဆိုင်ရာအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ ဒေသခွဲဆိုင်ရာအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများသည် စာချုပ်၏စည်းမျဉ်းသတ်မှတ်ချက်များနှင့် ရည်ရွယ်ချက်များကို ထင်ဟပ်စေသည့် အကောင်းဆုံးလုပ်ဆောင်မှုများ ဖော်ပြရန်၊

*စာမျက်နှာ ၇ သို့*

# ရှမ်းပြည်နယ်အတွင်း နိုင်ငံတော်က ထောက်ပံ့ကူညီသည့်ပစ္စည်းများ ဆက်လက်ဖြန့်ဝေပေးမည်

**တောင်ကြီး မေ ၁၁**

မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီသည့် ပစ္စည်းငါးမျိုးဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်သွန်နီတို့ကို ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်၊ မြို့နယ်များရှိ အိမ်ထောင်စုဝင်များကို ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများတွင် ဒေသအစီအစဉ်ဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့တွင် ဖြန့်ဝေပေးရန် လျာထားအိမ်ထောင်စု ၂၀၃၆ စု၊ ဖြန့်ဝေပြီးအိမ်ထောင်စု ၅၀၊ ဖြန့်ဝေရန် ကျန်အိမ်ထောင်စု ၁၉၈၆ စု၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့တွင် လျာထားအိမ်ထောင်စု ၄၇၂၀၊ ဖြန့်ဝေပြီးအိမ်ထောင်စု ၅၀၊ ဖြန့်ဝေရန် ကျန်အိမ်ထောင်စု ၄၆၇၀၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် လျာထားအိမ်ထောင်စု ၁၉၆၈ စု ဖြန့်ဝေပြီးအိမ်ထောင်စု ၁၆၅ စု၊ ဖြန့်ဝေရန်ကျန်အိမ်ထောင်စု ၁၈၀၃ စု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့တွင် လျာထားအိမ်ထောင်စု ၆၇၅၀၊ ဖြန့်ဝေပြီး အိမ်ထောင်စု ၄၃၅ စု၊ ဖြန့်ဝေရန်ကျန်အိမ်ထောင်စု ၆၃၁၅ စု၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့တွင် လျာထားအိမ်ထောင်စု ၄၈၆၂ စု ဖြန့်ဝေပြီးအိမ်ထောင်စု ၃၈၈ စု ဖြန့်ဝေရန်ကျန်အိမ်ထောင်စု ၄၄၇၄ စု၊ တောင်ကြီးခရိုင်ရှိ တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ရပ်စောက်၊ ဖယ်ခုံမြို့များတွင် လျာထားအိမ်ထောင်စု ၂၈၈၂၈ စု၊ ဖြန့်ဝေပြီးအိမ်ထောင်စု ၄၀၃၇ စု၊ ဖြန့်ဝေရန်ကျန်အိမ်ထောင်စု ၂၄၇၉၁ စု၊ လွိုင်လင်ခရိုင်ရှိ မြို့များတွင် လွိုင်လင်၊ နမ့်စန်၊ ကွန်ဟိန်း၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းရှူး၊ လျာထားအိမ်ထောင်စု ၁၇၁၂၆ စု၊ ဖြန့်ဝေပြီးအိမ်ထောင်စု ၆၅၂ စု၊ ဖြန့်ဝေရန်ကျန်အိမ်ထောင်စု ၁၆၄၇၄ စု၊ လင်းခေးခရိုင်ရှိ မြို့များတွင် လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန် လျာထားအိမ်ထောင်စု ၁၁၆၉ စု၊ ဖြန့်ဝေပြီး အိမ်ထောင်စု ၃၁၀၊ ဖြန့်ဝေရန် ကျန်အိမ်ထောင်စု ၈၅၉ စု လားရှိုးခရိုင်ရှိမြို့များတွင် လားရှိုး၊ သိန္နီ၊ ကွမ်းလုံ၊ မိုင်းရယ်၊ တန့်ယန်း၊ လျာထားအိမ်ထောင်စု ၁၃၂၃၆ စု၊ ဖြန့်ဝေပြီး ၃၀၀၊ ဖြန့်ဝေရန် ကျန်အိမ်ထောင်စု ၁၂၉၃၆ စု၊ မူဆယ်ခရိုင်ရှိ မြို့များတွင် မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင် လျာထားအိမ်ထောင်စု ၆၈၆၀၊ ဖြန့်ဝေပြီးအိမ်ထောင်စု ၁၅၄ စု၊ ဖြန့်ဝေရန်ကျန်အိမ်ထောင်စု ၆၇၀၆ စု၊ ကျောက်မဲခရိုင်ရှိ မြို့များတွင် ကျောက်မဲ၊ နောင်ချို၊ သီပေါ၊ နမ္မတူမြို့တွင် လျာထားအိမ်ထောင်စု ၁၀၇၆၆ စုရှိပြီး ဖြန့်ဝေနိုင်မှု အိမ်ထောင်စု မရှိသေးသောကြောင့် ဖြန့်ဝေရန် အိမ်ထောင်စု ၁၀၇၆၆ စု ကျန်ရှိကြောင်း၊ မိုးမိတ်ခရိုင်ရှိ မြို့များတွင် မိုးမိတ်၊ မဘိမ်းမြို့ရှိ လျာထား အိမ်ထောင်စု ၂၄၅၁ စုရှိပြီး ဖြန့်ဝေနိုင်မှုမရှိသေးကြောင်း၊ ကျိုင်းတုံခရိုင်ရှိ မြို့များတွင် ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းပျဉ်း၊ မိုင်းခတ်မြို့တွင် လျာထား အိမ်ထောင်စု ၅၄၃၅ စုရှိပြီး ဖြန့်ဝေနိုင်မှု မရှိသေးကြောင်း။



တာချီလိတ်ခရိုင်ရှိ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့ရှိ လျာထား အိမ်ထောင်စု ၃၈၉၁ စု ဖြန့်ဝေပြီး အိမ်ထောင်စု ၄၉၉ စု၊ ဖြန့်ဝေရန်ကျန် အိမ်ထောင်စု ၃၃၉၂၊ မိုင်းဆတ်ခရိုင်ရှိ မိုင်းဆတ်၊ မိုင်းတုံမြို့တွင် လျာထား အိမ်ထောင်စု ၃၂၇၅ စုရှိပြီး ဖြန့်ဝေနိုင်မှု မရှိသေးကြောင်းနှင့် ရှမ်းပြည်နယ် တစ်ပြည်နယ်လုံးတွင် လျာထား အိမ်ထောင်စု ၁၁၃၃၇၃ စုမှာ ဖြန့်ဝေပြီး အိမ်ထောင်စု ၇၀၄၀ ဖြန့်ဝေခဲ့ပြီး ဖြန့်ဝေရန် ကျန်အိမ်ထောင်စုမှာ ၁၀၆၃၃၃ စု ကျန်ရှိနေသေးကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ယခုနှစ် မဟာသင်္ကြန်ကာလအတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပြည်သူများ စားဝတ်နေရေးအခက်မကြုံစေရန် ဆောင်ရွက်ထား

**ပင်းတယ မေ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယနှင့် ရွာငံမြို့နယ်များရှိ ဒေသနေပြည်သူများ ယခုနှစ် မဟာသင်္ကြန်ကာလအတွင်း လက်ရှိဖြစ်ပွားနေသည့် ကပ်ရောဂါကြောင့် စားဝတ်နေရေး အခက်ကြုံတွေ့မှုမရှိစေရန် စီစဉ်ဆောင်ရွက်ထားကြောင်း ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းထံမှ သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက "ကျွန်တော်တို့မိသားစုက လှူဒါန်းတဲ့အလှူငွေ၊ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားမှ အများပြည်သူများလှူဒါန်းထားသည့် အလှူငွေများမှ ဘဏ်တိုးရငွေ၊ SAO ကုမ္ပဏီမှ လှူဒါန်းငွေများကို ပေါင်း၍ အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်ရှစ်ပြည်၊ ဆီတစ်ပိဿာ၊ ဆားတစ်ပိဿာနှုန်းဖြင့် အိမ်ထောင်စု ၁၂၀၀ အတွက် စုဆောင်းထားပြီး လိုအပ်ပါက အလျဉ်းသင့်သလို လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

**ခင်မျိုးနွယ် (ပင်းတယ)**

❖ *ကျောဖုံးမှ*

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါရပ်ကွက်များရှိ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း ပြုမူနေထိုင်ဆောင်ရွက်သွားရေးအတွက် ကျန်းမာရေးဆိုင်ရာများကို အသိပညာပေးပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စနစ်တကျ ပူးပေါင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားရေရိက္ခာ ထောက်ပံ့ကူညီမှုအစီအစဉ်အရ မန္တလေးခရိုင်တွင် အိမ်ထောင်စု ၁၆၇၇၁၀၊ ပြင်ဦးလွင်ခရိုင်တွင် ၁၀၈၅၄၀ စု၊ ကျောက်ဆည်ခရိုင်တွင် ၉၉၆၃၇ စု၊ မိတ္ထီလာခရိုင်တွင် ၈၈၆၉၇ စု၊ မြင်းခြံခရိုင်တွင် ၉၆၆၂၀ စု၊ ရမည်းသင်းခရိုင်တွင် ၄၄၂၆၈ စု၊ ညောင်ဦးခရိုင်တွင် ၅၄၄၅၀ စုစုပေါင်း ခုနစ်ခရိုင်မှ အိမ်ထောင်စုပေါင်း ၆၅၉၉၂၃ စုရှိပြီး သက်ဆိုင်ရာ ခရိုင်အလိုက် ဆောင်ရွက်နေသည့် ဝန်ကြီးများ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အုပ်ချုပ်ရေးမှူးများ၊ လူမှုအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိ ရပ်မိရပ်ဖပြည်သူများက စားရေရိက္ခာထောက်ပံ့မှုအစီအစဉ်တွင် ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

◆ *ကျောဖုံးမှ*

အခုလိုထောက်ပံ့ပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာ လူကြီးများကို အထူးကျေးဇူးတင်ပါတယ်။ တစ်ခါမှ မရဖူးတော့ အလွန်ဝမ်းသာပါတယ်" ဟု ပြောသည်။

ထို့နောက် ထောက်ပံ့ပေးအပ်ရာ၌ မြို့အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်နှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖတို့က ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့ရာ အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သော ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာ စသည်တို့ပါဝင်ပြီး ကာမိုင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ အိမ်ထောင်စု ၂၄၃ စုအား မေ ၁၁ ရက်မှ ၁၂ ရက်အထိ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့သူရအောင် (ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွန်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

**ဓာတ်ပုံ- ဖြိုးဝေဆက်**

*စာမျက်နှာ ၆ မှ*

P.4 ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ရှင်သန်မှုနှင့် စပ်လျဉ်း၍ လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများသည် အကျိုးသက်ရောက်မှုရှိရန် နှင့် ပိုမိုရှင်သန်ခိုင်မာမှုဖြစ်စေရန်၊

P.5 လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများကို အကောင်အထည်ဖော်ဆောင်ရာတွင် ရပ်ရွာအသိုက်အဝန်း၊ အုပ်စု သို့မဟုတ် သက်ဆိုင်ရာပုဂ္ဂလိကတို့က လွတ်လပ်စွာ သဘောတူညီကြောင်းနှင့် ဦးစားပေးဆောင်ရွက်ကြကြောင်းကို ဖော်ပြရန်၊

P.6 တစ်မျိုးသားလုံးဆိုင်ရာအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ ဒေသခွဲဆိုင်ရာ သို့မဟုတ် နိုင်ငံတကာဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်ရန် လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများကို ဖော်ပြရန်၊

P-7 အဖွဲ့ဝင်နိုင်ငံ(များ) အကောင်အထည်ဖော်ဆောင်မည့်အဖွဲ့(များ)၊ အသိုက်အဝန်းများ၊ အုပ်စုများ သို့မဟုတ် သင့်တော်သည့် သက်ဆိုင်ရာ ပုဂ္ဂလိကကဏ္ဍများက အကောင်းဆုံးလက်တွေ့ဆောင်ရွက်မှုများ ဖြန့်ဝေရာ၌ ရွေးချယ်ထားသည့်လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများ၌ ပူးပေါင်းဆောင်ရွက်လိုသည့်ဆန္ဒရှိကြောင်းသက်သေနှင့်တကွ ဖော်ပြရန်၊

P.8 လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများ၏ အင်္ဂါရပ်များသည် ၎င်းတို့၏ ရလဒ်များနှင့် အကဲဖြတ်မှုတို့ကို လိုအပ်သည်ဆိုပါက ပြန်လည်ပြန်ဆင်ပေးရန်၊

P.9 လုပ်ငန်းများ၊ စီမံကိန်းများနှင့် အစီအမံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုအပ်ချက်များနှင့် အဓိကသင့်လျော်မှုရှိစေရန်။ ပဋိညာဉ်စာချုပ်၏ အပိုဒ် ၂ သည် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းရေး၌ အရေးပါသော စံနှုန်းတစ်ခုဖြစ်ပါသည်။ အပိုဒ်၂-၁ တွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုသည်မှာ အဖွဲ့အစည်းများ၊ အုပ်စုများနှင့် အချို့ကိစ္စရပ်များတွင် တစ်ဦးချင်းစီအထိ ပိုင်ဆိုင်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်များ၏ ထုံးတမ်းဓလေ့များ၊ ကိုယ်စားပြုချက်များ၊ ဖော်ပြချက်များ၊ ဗဟုသုတများ၊ စွမ်းရည်များသာမက ဆက်နွှယ်နေသည့် ပစ္စည်းများ၊ အရာဝတ္ထုများ၊ ကိရိယာပစ္စည်းများကို ဆိုလိုခြင်း ဖြစ်သည်ဟု အဓိပ္ပာယ်ဖော်ဆောင်ထားပါသည်။

အဆိုပါ ပဋိညာဉ်စာချုပ်၏ အပိုဒ် ၂-၂ ၌ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ပိုမိုသိသာထင်ရှားစေရန် အောက်ဖော်ပြပါ နယ်ပယ်များကို သတ်မှတ်ပါသည်-

- ဘာသာစကား၊ နှုတ်ပြောအစဉ်အလာများနှင့် ဖော်ပြချက်များ (ဥပမာ-ပုံပြင်၊ ဘာသာစကား၊ ကဗျာ)
- ဖျော်ဖြေတင်ဆက်မှု အနုပညာများ (ဥပမာ-ရိုးရာအက၊ တေးဂီတ)
- လူမှုထုံးတမ်းအစဉ်အလာများ၊ ပွဲလမ်းသဘင်များ (ဥပမာ-၁၂ လ ရာသီပွဲတော်များ၊ ဘုရားပွဲတော်များ)
- သဘာဝနှင့် လူသားအားလုံးအတွက် သက်ဆိုင်သည့် အသိပညာနှင့် ထုံးစံများ(ဥပမာ-ဗေဒင်၊ ဆေးကျမ်းများ၊ ပြက္ခဒိန်၊ သနပ်ခါးလိမ်းခြယ်ခြင်း)
- ရိုးရာလက်မှုပညာ (ဥပမာ- ပန်းပဲ၊ ပန်းထိမ်စသော ပန်း(၁၀)မျိုး၊ ရက်ကန်း)

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းရာတွင် ၎င်းနှင့်ဆက်စပ်နေသောအရာများကိုပါ ထိန်းသိမ်းရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ထားဝယ်မြို့ရှိ နဂါးလှေလှော်ပွဲအား ထိန်းသိမ်းရာတွင် လှေလှော်ပွဲကျင်းပသည့် တနင်္သာရီမြစ်ကိုပါ ထိန်းသိမ်းရန် လိုအပ်ပါသည်။

သို့သော် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းသည် ယဉ်ကျေးမှုနှင့် လူမှုအသိုက်အဝန်းရှိ လူသားတို့၏ စွမ်းဆောင်မှု၊ ကျွမ်းကျင်မှု၊ ဗဟုသုတ၊ အလေ့အထ၊ လက်တွေ့ဆောင်ရွက်နိုင်မှုဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တို့အား ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခြင်းသာဖြစ်ပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှုတွင် ဆင့်ကဲပြောင်းလဲလာမှုနှင့် အတူ အမြဲပြောင်းလဲလျက်ရှိသည့်အတွက် စစ်မှန်မှု (Authenticity) ကို အဓိကမထားခြင်းသာဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ရပ်ရွာရှိလူထုမှ လက်ခံပြီး မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းခြင်းကိုသာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ပါသည်။ လက်ဆင့်ကမ်းရာ၌ သဘာဝအလျောက် လက်ဆင့်ကမ်းခြင်း (ဥပမာ-မြန်မာ့သနပ်ခါးလိမ်းခြင်း)နှင့် သင်ကြားခြင်းဖြင့် လက်ဆင့်ကမ်းခြင်း (ဥပမာ-ငွေပန်းထိမ်အတတ်ပညာ) ဟူ၍ ရှိကြပါသည်။

### ဘိုးဘွားတို့အမွေကို လက်ဆင့်ကမ်းထိန်းသိမ်း

ပဋိညာဉ်စာချုပ်အပိုဒ် ၁၁ နှင့် ၁၂ တို့တွင် နိုင်ငံများအစုအဖွဲ့တစ်ခုစီဖြင့် ပိုင်နက်နယ်မြေအတွင်း ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကို သေချာစွာ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အတိုင်းအတာအလျောက် ဆောင်ရွက်ထားခြင်းနှင့် နိုင်ငံအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို စာရင်းကောက်ယူခြင်း သို့မဟုတ် မှတ်တမ်းတင်ထားရှိခြင်းများ (Inventory) ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပဋိညာဉ်စာချုပ်အပိုဒ် ၁၇.၃ သည် အလွန်အမင်းအရေးပေါ်အခြေအနေ ကိစ္စရပ်များတွင် ကော်မတီက တင်သွင်းသော အဆိုပြုချက်ကို အထွေထွေညီလာခံက အတည်ပြုပြီး ရည်ရွယ်ချက်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ အထွေထွေ ညီလာခံကော်မတီ၏ အကြံဉာဏ်များကို ထည့်သွင်းရေးသားဖော်ပြရန်ဟု ပါရှိပါသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်တွင် လက်တွေ့ဆောင်ရွက်နေသော ရပ်ရွာ အသိုက်အဝန်းက အဓိကမဏ္ဍိုင်တစ်ခုဖြစ်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ဆောင်ရွက်ခြင်း၊ သတ်မှတ်ခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသာမက ယူနက်စကို (UNESCO) သို့ အဆိုပြုတင်သွင်းသည့်အချိန်အထိ ရပ်ရွာအသိုက်အဝန်းက ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရေးတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ဆောင်ရွက်နေသော အသိုက်အဝန်းက ထောက်ခံမှုသာ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်သကဲ့သို့ မျိုးဆက်တစ်ခုမှတစ်ခုသို့လက်ဆင့်ကမ်းဆောင်ရွက်နေမှုသာ ရှင်သန်နေသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ကြပါသည်။

သို့ဖြစ်ပါ၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမှုကို လက်တွေ့ဆောင်ရွက်နေသော အသိုက်အဝန်းကမိမိတို့ ဘိုးဘွားစဉ်ဆက်ထိန်းသိမ်းခဲ့သော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို မြတ်မြတ်နိုးနိုးဖြင့် ဆက်လက်ထိန်းသိမ်း၍ နောင်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရှင်သန်စေသကဲ့သို့ အမိမြန်မာပြည်၏ မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ သတ်မှတ်ခြင်း၊ စာရင်းကောက်ယူခြင်း၊ ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၇၀)ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများကို စားသောက်ကုန်ပစ္စည်း ငါးမျိုး အိမ်တိုင်ရာရောက်ပေးအပ်

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၇၀) ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်း ငါးမျိုးကို ယနေ့ ညနေပိုင်းတွင် အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ထံမှ သိရသည်။ **(ယာပုံ)**

"နိုင်ငံတော်အစိုးရက ထောက်ပံ့တဲ့ စားသောက်ကုန်ပစ္စည်း ငါးမျိုးကို (၇၀) ရပ်ကွက်မှာရှိတဲ့ အခြေခံလူတန်းစားတွေကို သွားရောက်ပေးအပ်ခဲ့ပါတယ်။ ရောဂါကူးစက်မှု မဖြစ်စေဖို့အတွက်လည်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတွေမှတစ်ဆင့် ကောက်ယူထားတဲ့ စာရင်းအတိုင်း အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်တာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်း ငါးမျိုး ထောက်ပံ့ရန် စာရင်းကောက်ယူရာတွင် အိမ်ထောင်စု ၄၈၂၇ စု၊ အိမ်ထောင်စုဝင်လူဦးရေ ၂၀၅၀၅၂ ဦးရှိပြီး ယနေ့စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့သည့် (၇၀) ရပ်ကွက်တွင် အိမ်ထောင်စု ၃၃၄၅ စု၊ အိမ်ထောင်စုဝင် လူဦးရေ ၁၄၇၀၄ ဦး ရှိကြောင်းနှင့် ကျန်ရပ်ကွက်များကို ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဦးအေးနိုင် ထံမှ သိရသည်။

အဆိုပါထောက်ပံ့ပေးအပ်မည့် စားသောက်ကုန်ပစ္စည်းများကို တောင်ဒဂုံ မိုးလုံလေလုံခန်းမတွင် ထားရှိပြီး သယ်ယူပို့ဆောင်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ပရဟိတအဖွဲ့များက အားဖြည့်ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကို ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်း ငါးမျိုး ထောက်ပံ့ရန် စာရင်းကောက်ယူရာတွင် အရှေ့ပိုင်းခရိုင်တွင် အိမ်ထောင်စု ၂၀၈၆၄၉ စု၊ အနောက်ပိုင်းခရိုင်တွင် အိမ်ထောင်စု ၃၇၂၃၃ စု၊ တောင်ပိုင်းခရိုင်တွင် အိမ်ထောင်စု ၂၄၇၁၆၃ စု၊ မြောက်ပိုင်းခရိုင်တွင် အိမ်ထောင်စု ၁၈၂၀၈၂ စု စုစုပေါင်း အိမ်ထောင်စု ၆၇၅၂၂၇ စု ရှိပြီး အိမ်ထောင်စုဝင်လူဦးရေ ၂၇၄၂၃၃ ဦး ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

နိုင်ငံတော်အစိုးရမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် စားသောက်ကုန်ပစ္စည်း ငါးမျိုးကို တစ်နိုင်ငံလုံးရှိ အခြေခံလူတန်းစားများအား ဧပြီ ၁၀ ရက်မှစတင်ကာ ထောက်ပံ့ပေးခြင်းဖြစ်သည်။

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ကျော်ကြီး**



# လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၌ အခြေခံစားသောက်ကုန် ငါးမျိုး ပြည်သူများထံ ဖြန့်ဝေပေး

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန် ငါးမျိုးအား ပြည်သူများထံ ဖြန့်ဝေပေးမှု အစီအစဉ်ကို ယနေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ အမှတ်(၁၇)ရပ်ကွက်၌ ဆောင်ရွက်သည်။



ထိုသို့ ဖြန့်ဝေပေးရာတွင် အဆိုပါ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများအနက်မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၁၉ စု တို့အား အိမ်ထောင်စု တစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန် တစ်ပိဿာ စုစုပေါင်း အခြေခံစားသောက်ကုန် ငါးမျိုးတို့ကို သက်ဆိုင်ရာ၏ ကြီးကြပ်မှုဖြင့် ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့မှုများ ပြုလုပ်ကြသည်။ **(ဝဲပုံ)**

ထောက်ပံ့မှုနှင့် ပတ်သက်၍ အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှနွယ်က "လူစုလူဝေးမဖြစ်အောင် အိမ်ရှေ့အရောက် လိုက်လံပြီး ဖြန့်ဝေပေးပါတယ်။ ကြိုတင်ကောက်ယူထားတဲ့စာရင်းအတိုင်း အားလုံးရရှိအောင် ဆောင်ရွက်ပေးပါတယ်။ အကယ်၍ စာရင်းကောက်ယူမှုမှာ မပါရှိဘဲ ကျန်ရှိခဲ့တဲ့သူတွေရှိရင်လည်း အလှူရှင်တွေ လာရောက်လှူဒါန်းတဲ့အခါ သူတို့ကို ဦးစားပေးအနေနဲ့ ဆောင်ရွက်ပေးသွားဖို့ စီစဉ်ထားပါတယ်" ဟု ပြောသည်။

ထို့သို့ထောက်ပံ့မှုများပြုလုပ်နိုင်ရန်အတွက် အမှန်တကယ် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စာရင်းကောက်ယူမှုကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက ရပ်ကွက်များရှိ ရပ်မိရပ်ဖများနှင့် ပူးပေါင်းကာ စာရင်းကောက်ယူမှုများပြုလုပ်ခဲ့သည်။

လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ် (၁၇) ရပ်ကွက် နှင်းဆီလမ်းနေ ဒေါ်အေးအေးဝင်းက "ဝင်ငွေမရှိတဲ့ကာလမှာ အခုလို ထောက်ပံ့ပေးမှုဟာ ကျွန်မတို့ မိသားစုအတွက် စားသောက်ဖို့ တစ်ပတ်စာလောက် အဆင်ပြေသွားပြီ။ ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် အပြင်မထွက်ရဲတဲ့အချိန်မှာ အခုလို ကူညီပေးတဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

လှိုင်သာယာ (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)မြို့နယ်တွင် ကျေးရွာအုပ်စု ကိုးအုပ်စုနှင့် ရပ်ကွက်ပေါင်း ၂၀ ရှိပြီး အဆိုပါမြို့နယ်တွင် လူဦးရေ ၁၀ သိန်းကျော်ရှိကာ သက်ဆိုင်ရာမှ ကောက်ယူထားသော စာရင်းများအရ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား (မိသားစု)များ စာရင်းမှာ ၇၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

အလားတူ ထိုသို့ ဖြန့်ဝေပေးမှု အစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဧပြီ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ယင်းနေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ အမှတ်(၆)ရပ်ကွက်နှင့်အတူ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်နှင့် ဗဟန်းမြို့နယ်တို့ရှိရပ်ကွက် အချို့တွင်လည်းကောင်း၊ ယနေ့ နံနက်ပိုင်းတွင် ဒဂုံတောင်ပိုင်းမြို့နယ်တွင်လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး**

## လပွတ္တာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**လပွတ္တာ ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်နှင့် အဖွဲ့သည် ယမန်နေ့ နံနက်က လပွတ္တာမြို့သို့ရောက်ရှိခဲ့ပြီး သကျမာရဇိန်ဆုတောင်းပြည့်ဘုရားကြီးနှင့် အောင်တော်မူစေတီတော်မြတ်ကြီးတို့၏ ရင်ပြင်တော်တွင် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ကုသရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ကိုဗစ် - ၁၉ ထိန်းချုပ်ကာကွယ်ရေးစခန်းဖြစ်သော အ.ထ.က(၃)မိုင် ကျောင်းသို့ စောင့်ကြည့်လူနာများထားရှိမှု အခြေအနေနှင့် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး စည်ပင်သာယာရေးဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်ရာ လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးက မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် လပွတ္တာ(၃)မိုင် ခုတင် ၂၀၀ ဆံ့ဆေးရုံအုပ်ကြီး ဒေါက်တာ အိသန္တာထွေးက ကျန်းမာရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော အလှူငွေကျပ်သိန်း ၁၂၀ နှင့် ပစ္စည်းများကိုပေးအပ်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ၏ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး လပွတ္တာမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်းသည့် အလှူငွေနှင့်ပစ္စည်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ပူးပေါင်း၍ လက်ဆေးဘေစင်အလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်းများကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းကျော်မြင့်(ခရိုင် ပြန်/ဆက်)**

## ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ပစ္စည်းငါးမျိုးဖြန့်ဖြူး

**ရန်ကုန် ဧပြီ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ မဟာသင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန် တစ်ပိဿာ စုစုပေါင်း ကူညီမှု ငါးမျိုးစီကို ဧပြီ ၁၀ ရက်မှစတင်၍ အခမဲ့ထောက်ပံ့ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၌ အိမ်ထောင်စု ပေါင်း ၆၈၀၂၇ စုရှိရာ ဧပြီ ၁၁ ရက်အထိ မြို့နယ် ၁၄ မြို့နယ်ရှိ အိမ်ထောင်စု ပေါင်း ၃၁၁၇၄ စုကို ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရမည်းသင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်ကြီး အခြေခံ လက်လုပ်လက်စား ၈၀၁ ဦးတို့အား စားသောက်ကုန်များထောက်ပံ့

**ရမည်းသင်း ဧပြီ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ရမည်းသင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်ကြီး အခြေခံ လက်လုပ်လက်စား ၈၀၁ ဦးတို့ကို တစ်ဦးလျှင် ကုလားပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာ၊ ဆား ၅၀ ကျပ်သား တို့ကို ကျေးရွာရပ်ကွက်အတွင်း ငါးနေရာခွဲ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ ဧပြီ ၁၀ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ ထောက်ပံ့ဝေငှပြီး ကျန် ဆန် ရှစ်ပြည်နှင့် ဆီ ၅၀ ကျပ်သားတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတို့က အိမ်တိုင်ရာရောက် ပေးပို့ထောက်ပံ့သွားမည်ဖြစ်သည်။

ရမည်းသင်းမြို့နယ် ၆၈ အုပ်စု၊ ရပ်ကွက်/ကျေးရွာပေါင်း ၂၄၇ ရွာတို့ကို တိုင်းဒေသကြီးအစိုးရထောက်ပံ့ငွေကျပ်သိန်းပေါင်း ၃၀၀၀ ကျော် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ စာရင်းကျန်ရှိသူများကိုလည်း စနစ်တကျစိစစ်၍ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

## သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရက စစ်ကိုင်းတိုင်းဒေသကြီးအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၉၀၀ လှူဒါန်း

မုံရွာ ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီးတို့နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး အပြည်ပြည်ဆိုင်ရာ သီတဂူဝိပဿနာ အကယ်ဒမီကျောင်း၌ ကျင်းပသော သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရက တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ကိုဗစ် -၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၉၀၀ လှူဒါန်းပွဲသို့ တက်ရောက်သည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် သီတဂူဆရာတော်ကြီး လှူဒါန်းမှုကို လက်ခံယူစဉ်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သီတဂူဆရာတော်ကြီးမှ ကိုဗစ် -၁၉ ကာကွယ်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လိုအပ်လျက်ရှိသည့် မြို့နယ်များတွင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ လှူဒါန်းပေးခြင်းဖြစ်ကြောင်း မိန့်မှာမြွက်ကြားပြီး ရောဂါကာကွယ်ရေးဝတ်စုံ ၉၀၀ ကို ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံယူသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရပ်ကွက်သို့ ရောက်ရှိပြီး အခြေခံ လူတန်းစားများအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့သော စားသောက်ကုန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီစသည့် ပစ္စည်းငါးမျိုးကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်းသိရသည်။

ထွန်းကိုကို(ယင်းမာပင်)

## ပဲခူးဆေးရုံကြီး၌ လိုအပ်နေသည့် အသက်ရှူအထောက်အကူပြု ကိရိယာဝယ်ယူရန် အလှူငွေလှူဒါန်း

ပဲခူး ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ယမန်နေ့က Jiang Nan International Co.,Ltd. မှ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ် -၁၉ ကုသနိုင်ရေးကျန်းမာရေးအထောက်အကူပြုပစ္စည်း အသက်ရှူစက်ဝယ်ယူအသုံးပြုနိုင်ရေး အလှူငွေလာရောက်လှူဒါန်းသည်။

Jiang Nan International Co.,Ltd. မှ တာဝန်ရှိသူများက ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန် အသက်ရှူစက်ဝယ်ယူရန်အတွက် အလှူငွေလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံ အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း အလှူငွေများ လက်ခံယူစဉ်။

ထို့အတူ ဗုဒ္ဓအသံဓမ္မဗိမာန်တွင်ဖွင့်လှစ်ထားရှိသည့် ပဲခူးတိုင်းဒေသကြီး ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ် ကုသရေးကြီးကြပ်မှုကော်မတီရုံးခန်းတွင်လည်း ဘိုးဘွားမိဘများအားအမှူးထားပြီး မချစ်စု(Zebra Bakery)မှ Ventilator အသက်ရှူအထောက်အကူပြုစက် ဝယ်ယူရန် အလှူငွေကျပ် နှစ်သိန်း၊ ဦးအောင်အောင်- ဒေါ်မြင့်မြင့်ရှိန် (သကြားမင်းအိမ်ဆောက်ပစ္စည်း)နှင့် စက်သုံးဆီရောင်းဝယ်ရေးမိသားစုမှ အလှူငွေကျပ် ၁၀ သိန်း၊ ကိုထွန်းထွန်းနိုင် (ရှေ့သို့ဘဲဥပွဲရုံ) မိသားစုသနပ်ပင်မြို့မှ အလှူငွေကျပ် ငါးသိန်း၊ ဦးထင်ကျော်မိသားစု ရွှေကျင်မြို့မှ အလှူငွေကျပ်ငါးသိန်း၊ ဦးသန်းရွှေ (Htoo) စက်သုံးဆီဆိုင်မိသားစု ပဲခူးမြို့မှ အလှူငွေကျပ်သိန်း ၂၀၊ ဒေါ်စန်းနွဲ့ မိသားစု ကျွန်းသာယာရပ်ကွက် ပဲခူးမြို့မှ ငွေကျပ်တစ်သိန်း၊ ဦးနိုင်ဦး မိသားစုမှ ငွေကျပ်တစ်သိန်း၊ ဒေါက်တာသန့်ဇင်(ရွှေဂဲစည်းစိမ်ဆေးပေါ့လိပ်) မိသားစုမှအလှူငွေကျပ်ငါးသိန်း၊ ဒေါ်ကျင်မြ (မင်္ဂလာသောင်း ပုံနှိပ်တိုက်) မိသားစုမှ အလှူငွေကျပ် ၁၀ သိန်းတို့ကို ပဲခူးတိုင်းဒေသကြီး ကိုဗစ် - ၁၉ ကာကွယ် ထိန်းချုပ်ကုသရေးကြီးကြပ်မှုကော်မတီရုံးအဖွဲ့ ခေါင်းဆောင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေထံ လာရောက်လှူဒါန်းကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## မွန်ပြည်နယ်ဝန်ကြီးချုပ် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် စားသောက်ကုန်ငါးမျိုးအား အိမ်တိုင်ရာရောက် ထောက်ပံ့

မော်လမြိုင် ဧပြီ ၁၁

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက် ကုန်ငါးမျိုးကို ယမန်နေ့က မော်လမြိုင်မြို့ လှိုင်ရပ်ကွက်နှင့် ရွှေပြည်အေးရပ်ကွက်ရှိ အိမ်များသို့ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ (ဝဲအောက်ပုံ)



နိုင်ငံတော်မှ ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သည့် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ ၁ ပိဿာနှင့် ကြက်သွန်နီ ၁ ပိဿာတို့ကို ပုံမှန်ဝင်ငွေမရှိသော မော်လမြိုင်မြို့ရှိအခြေခံလူတန်းစားများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်မြို့နယ် ကိုးမြို့နယ်ရှိ အခြေခံလူတန်းစားများကိုလည်း ယမန်နေ့မှစ၍ ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

မွန်ပြည်နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်ငါးမျိုးကို ဖြန့်ဝေထောက်ပံ့ပေးနိုင်ရေးအတွက် စာရင်းကောက်ယူခဲ့ရာ မော်လမြိုင် မြို့နယ်တွင် အိမ်ထောင်စု ၅၉၂၀၊ ချောင်းဆုံမြို့နယ်တွင် အိမ်ထောင်စု ၂၉၆၁ စု၊ ကျိုက်မရောမြို့နယ်တွင် အိမ်ထောင်စု ၃၄၅၅ စု၊ မုဒုံမြို့နယ်တွင် အိမ်ထောင်စု ၄၃၈၄ စု၊ သံဖြူဇရပ်မြို့နယ်တွင် အိမ်ထောင်စု ၂၉၃၀၊ ရေးမြို့နယ်တွင်အိမ်ထောင်စု ၅၂၀၅ စု၊ ကျိုက်ထိုမြို့နယ်တွင် အိမ်ထောင်စု ၃၃၈၇ စု၊ ဘီလင်းမြို့နယ်တွင် အိမ်ထောင်စု ၄၀၀၀၊ သထုံမြို့နယ်တွင် အိမ်ထောင်စု ၃၉၇၈ စုနှင့် ပေါင်မြို့နယ်တွင် အိမ်ထောင်စု ၄၅၂၄ စုတို့အား စားသောက်ကုန်ငါးမျိုးဖြစ်သည့် ဆန် ၂၄ ပြည်အိတ် ၁၃၅၈၅ အိတ်၊ ဆီ ၂၀၃၇၂ ပိဿာ၊ ဆား ၂၀၃၇၂ ပိဿာ၊ ပဲ ၄၀၇၄၄ ပိဿာနှင့် ကြက်သွန်နီ ၄၀၇၄၄ ပိဿာတို့ကို ဖြန့်ဝေ ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဝေလင်း(ပြန်/ဆက်)

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ထောက်ပံ့ရေးပစ္စည်းငါးမျိုး အိမ်တိုင်ရာရောက်ထောက်ပံ့

ပုသိမ် ဧပြီ ၁၁

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာတွင် ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ် ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်နီတစ်ပိဿာ စုစုပေါင်း ထောက်ပံ့ရေးပစ္စည်းငါးမျိုးစီကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။**

အဆိုပါ ရွှေမြင်တင်ကျေးရွာတွင် ကျေးရွာပေါင်းခြောက်ရွာရှိပြီး အိမ်ထောင်စု စုစုပေါင်း ၁၆၅၁ စုရှိကာ ယမန်နေ့က အိမ်ထောင်စု ၅၈၁ စုကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်အတွင်း ပေးအပ်ရန်ကျန်ရှိသည့် အိမ်ထောင်စုများသို့ ဆက်လက်ထောက်ပံ့ပေးအပ်မည် ဖြစ်သည်။ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရာဇာအေးက ''ကျွန်တော်တို့ ဒီနေရာမှာ တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့အတူ ရွှေမြင်တင်ကျေးရွာအုပ်စုမှာရှိတဲ့ အိမ်ထောင်စု ၅၈၁ စုကို စတင်ထောက်ပံ့တာဖြစ်ပါတယ်။ ဒီရွာမှာဆိုရင် အခြေခံလူတန်းစားအနေနဲ့ အိမ်ထောင်စု ၁၆၅၁ စု ရှိတဲ့အထဲမှာ ၅၈၁ စုကို ထောက်ပံ့ပေးတာ ဖြစ်တယ်။ တစ်မြို့လုံးအနေနဲ့ ပြောရရင် ကျွန်တော်တို့ မြို့နယ်အတွင်းမှာ အိမ်ထောင်စုပေါင်း ၈၈၆၈၆ စုရှိပြီး၊ ယင်းတို့ထဲမှ အခြေခံလူတန်းစား အိမ်ထောင်စု ၃၄၈၀၀ အတွက် ထောက်ပံ့ရေးပစ္စည်း ငါးမျိုးကို



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့စဉ်။

ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ အခုလက်ရှိအနေအထားမှာ အစိုးရအဖွဲ့ကနေ ဆန်တွေ၊ ဆီတွေကို ချိတ်ဆက်ပြီး ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများ အသင်းတွေနဲ့ ဝယ်ယူမှုတွေစတင် လုပ်ဆောင်နေကာ နေ့တိုင်း ထောက်ပံ့ရေးပစ္စည်းတွေကို ရရှိလာတာနဲ့ ချက်ချင်းဖြန့်ဖြူးပေးမှာပါ။ ပစ္စည်းရောက်တာနဲ့ ကျေးရွာတွေကို ချက်ချင်းအမြန်ဆုံးရောက်အောင် ထောက်ပံ့ပေးမှာပါ'' ဟု ပြောသည်။

ယင်းနောက် ရွှေမြင်တင်ကျေးရွာမှ ဒေါ်မြအေးက ''ဒီရောဂါကြောင့် အဘွားတို့ပြည်သူတွေ ကြောက်လန့်နေချိန်မှာ အခက်အခဲမရှိအောင် ထောက်ပံ့ရေးပစ္စည်း ငါးမျိုးရရှိတဲ့အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကို ကျေးဇူးအများကြီးတင်နေကြတာပါ။ ကိုဗစ်-၁၉ ကိုလည်း အဘွားတို့ အမှန်ကြောက်နေကြတာပါ။ ရပ်ဝေးမှာ နေသူတွေက ရောဂါဖြစ်တဲ့အကြောင်း ပြောကြတော့ အဘွားတို့လည်း ဘယ်မှမသွားဘူး။ ခရီးသွားဖို့ ပြင်ဆင်ထားတာတောင် ကြောက်လို့ ဘယ်မှမသွားတော့ဘူး'' ဟု ပြောသည်။

မောင်မောင်မြင့်၊
လှမင်းထွဋ်(ပြန်/ဆက်)

# သိကြားမင်းကြီး သာစုခေါ်မည့်သင်္ကြန်

*ကိုကို (စက်မှုတက္ကသိုလ်)*




တူးပို့တူးပို့သံ မစည်ဝေသော၊ ရေမရွှဲသော သင်္ကြန်ကား မကြာမီလာတော့မည်။ ကျွန်တော်သည် သင်္ကြန်ပေါင်းများစွာကို ပုံစံအမျိုးမျိုး၊ စိတ်ခံစားမှုအမျိုးမျိုးနှင့် ဆယ်စုနှစ် ငါးစုကျော် ဖြတ်သန်းပြီးပြီ။ သို့သော် သည်နှစ်ဖြတ်သန်းရမည့်သင်္ကြန်ကား အရင်သင်္ကြန်များနှင့်မတူ ထူးခြားလှသည်။ ယခုနှစ်သင်္ကြန်ကား တိတ်ဆိတ်ငြိမ်သက်သောသင်္ကြန် ဖြစ်သည်။

### သတိနှင့်ယှဉ်ရမည့် သတိသင်္ကြန်

သင်္ကြန်များစွာထဲတွင် တိုင်းပြည်၌ အခက်အခဲများကြုံတွေ့နေရချိန်များမှာ ကျရောက်သည့် အချို့သောသင်္ကြန်များတွင်ပင် ကျွန်တော်တို့သည် ရသလောက်အခွင့်အရေးကလေးကို အသုံးချကာ စတိသဘောလောက်တော့ ဆင်နွှဲဖြစ်ကြသည်။ ယခုနှစ် သင်္ကြန်ကား "စတိသင်္ကြန်"ပင် မဖြစ်တော့ဘဲ "သတိသင်္ကြန်" ဖြစ်လာရပေပြီ။

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်တွေ့ရှိခဲ့သော လျှို့ဝှက်ဆန်းကြယ်လှသည့် ဗိုင်းရပ်စ်တစ်မျိုးသည် ကမ္ဘာပတ်ခဲ့ပြီး မြန်မာနိုင်ငံကိုလည်း ချန်မထားခဲ့ပါ။ ယခင်ကမ္ဘာတွင် ဖြစ်ခဲ့ပြီးသည့် ဆားရ်တို့၊ မားစ်တို့နှင့် ကိုရိုနာအုပ်စုတူ၊ သဏ္ဌာန်ကွဲ လူ့သာမန်မျက်စိဖြင့် မမြင်နိုင်ဘဲ မိုက်ခရိုစကုပ်ဖြင့် အဆပေါင်းများစွာချဲ့မှ ကိုယ်ထင်ပြသည့် ထိုဗိုင်းရပ်စ်သေးသေးကလေးသည် ယင်းနှင့် နှိုင်းယှဉ်မရအောင် ကြီးမားသည့် လူသားတစ်ဦးချင်းစီကို အကြီးအကျယ် ဒုက္ခပေးတော့သည်။ လူတစ်ဦးချင်းစီမှ လူအုပ်စုများ၊ ထိုမှရပ်ရွာများ၊ မြို့များ၊ ထိုမှတစ်ဆင့် နိုင်ငံများ နောက်ဆုံးတွင် ကမ္ဘာကြီးအထိ အန္တရာယ်ပြုလေသည်။ ငယ်ငယ်တုန်းက ကင်းကောင်လို အကောင်ကြီးတွေက မြို့ပြတွေ၊ လူတွေကို သေကျေပျက်စီးအောင်လုပ်သည့် ရုပ်ရှင်ကားများကြည့်ပြီး ကြောက်ခဲ့ဖူးသည်။ ယခုမူ ကင်းကောင်၏ အမွေးအမှင်တွင်ကပ်နေသည့် ကပ်ပါးပိုးတစ်ကောင်ထက် အဆများစွာသေးငယ်သည့် ထိုဗိုင်းရပ်စ်ကောင်လေးက ကင်းကောင်တွေထက်ပင် မြို့၊ ရွာများကို အဆပေါင်းများစွာ ခြိမ်းခြောက်အန္တရာယ်ပြုနေပြီ ဖြစ်သည်။

ဘယ်ကလာသည် သေသေချာချာ မသိရသေးသော်လည်း ကိုဗစ်- ၁၉ ဟု အမည်ပေးလိုက်ကြသည့် ထိုဗိုင်းရပ်စ်နှင့်ပတ်သက်၍ သုတေသနပညာရှင်များ၊ ကျန်းမာရေးပညာရှင်များ၊ သိပ္ပံဆရာကြီးများ ယခုအထိ တွေးဆ အဖြေရှာနေရဆဲဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ တိတိပပမဖြေနိုင်ကြ။ ယနေ့ ကျွန်တော်တို့ ကြားသိနေရသည့် ကိုဗစ်-၁၉ ၏ ကိုယ်ရေးအကျဉ်းနှင့် အမူအကျင့်များမှာ ယခင်က လူ့အသိုက်အဝန်းကြီးကို လာဒုက္ခပေးခဲ့ကြသည့် သူ၏ ညီအစ်ကိုတော်များ၏ အမူအကျင့်များအပေါ် အခြေခံ၍လည်းကောင်း၊ ကိုဗစ်၏ ဝိုးတဝါးပုံရိပ်များကို အခြေခံ၍ လည်းကောင်း ခန့်မှန်းတွက်ဆခဲ့ရခြင်းသာ ဖြစ်သည်။

ထို့ကြောင့်ပင် ယခင်က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူတွင် ရောဂါလက္ခဏာများကို ကူးစက်ခံရပြီး ၅ ရက်မှ ၁၂ ရက်အတွင်း တွေ့မြင်ရသည်ဟု တွက်ဆထားခဲ့ကြပြီး ကွာရန်တင်းဟုခေါ်သည့် သီးခြားထားစောင့်ကြပ်ကြည့်ရှုကာလကို ၁၄ ရက် သတ်မှတ်ခဲ့ကြလျက် တစ်ကမ္ဘာလုံးက ယင်းအတိုင်း လိုက်နာခဲ့ကြသည်။ ယခုမူပိုးတွေ့သော လူနာအချို့တွင် ကွာရန်တင်း ၁၄ ရက်ကျော်မှ ရောဂါလက္ခဏာ စပြကြသည်များရှိလာပြီး သုတေသနတွေ့ရှိချက် အသစ်တစ်ခုတွင် ကိုဗစ်-၁၉ သည် လူ့ခန္ဓာကိုယ်ထဲတွင် ရက်သတ္တငါးပတ်အထိမျှ နေနိုင်သည်ဟုဆိုသည်။ ထို့ကြောင့် ၁၄ ရက် ကွာရန်တင်းပြီးသူများကို နောက်ထပ်ရက်သတ္တနှစ်ပတ် ထပ်တိုးနေထိုင်စေရသည့် အခြေအနေဖြစ်လာသည်။

ထို့အပြင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ချောင်းဆိုး၊ နှာချေရာမှ ထွက်လာသည့် အမှုန်စက်များမှ တစ်ဆင့်ကူးသည်။ ယခုဗိုင်းရပ်စ်သည် ယခင်သူ့ညီအစ်ကိုတော်သူများထက် ထွားသဖြင့် ဝေးဝေးမလွင့်နိုင်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေကြရန် တိုက်တွန်းခဲ့ပြီး ထိုအတိုင်းလူများက လိုက်နာခဲ့ကြသည်။ သို့သော် သိပ်မကြာသေးမီက သိပ္ပံပညာရှင်တစ်ဖွဲ့က ကိုဗစ်-၁၉ သည် ယခင်မှန်းထားသည်ထက် ပိုသွားနိုင်သည်။ ၈ မီတာအကွာအထိ လွင့်နိုင်သည်ဟု ဆိုကြသဖြင့် တစ်ဦးနှင့် တစ်ဦး ၂၄ ပေလောက် ခွာနေရမလို ဖြစ်လာသည်။

၁၄ ရက်နှင့်ပဲ မလုံလောက်သည်ဖြစ်စေ၊ ၂၄ ပေလောက်ခွာနေမှ အန္တရာယ်ကင်းသည်ဖြစ်စေ၊ ယင်းတို့သည် ယခုတွေ့ရှိချက်များဖြစ်ပြီး နောက်ဘယ်လိုအသစ်များ ထပ်ရှာတွေ့လာမည်မသိ။ ကိုဗစ်-၁၉ ကို အနိုင်တိုက်မည့် ဆေးများကလည်း ခပ်မြန်မြန်ပေါ်လာစရာမရှိ။ သတင်းများ အမျိုးမျိုးကြားနေရသော်လည်း လူသားများ စိတ်ချလက်ချ သုံးနိုင်သည့် အဆင့်ရောက်ရန် အချိန်တစ်ခုတော့ ယူရဦးမည်မှာ သေချာသည်။

### ကိုယ့်ကိုယ်ကိုကာကွယ်ပါ

ယခုလို မသေမချာ မရေရာမှုတွေများ လွှမ်းနေသည့် အခြေအနေတွင် အကောင်းဆုံးမှာ လူတစ်ဦးချင်းစီက ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန်ဖြစ်သည်။ ကာကွယ်ဆေးရှိနေပြီး မထိုးရဘူးဆိုလျှင်တော့ အစိုးရကို ဝိုင်းလက်ညှိုးထိုးလို့ရသေးသည်။ လက်ရှိအခြေအနေတွင် အစိုးရများက လုပ်ပေးနိုင်သည်မှာ နှစ်ခုပဲရှိသည်။ ရောဂါကူးစက်မှုမဖြစ်အောင် ကာကွယ်ဟန့်တားနိုင်သည့် အခြေအနေများကို ဖန်တီးပေးရန်နှင့် ရောဂါကူးစက်လာပါက အသေအပျောက်အနည်းဆုံးဖြစ်အောင် ကုသစောင့်ရှောက်ပေးရန် ဖြစ်သည်။ ကာကွယ်ဟန့်တားနိုင်သည့်အခြေအနေတွေကို အစိုးရက ဖန်တီးရာတွင် လိုအပ်သည့် ကာကွယ်ရေးအစီအမံများ (နှာခေါင်းစွပ်၊ ရောဂါကာကွယ်ရေးဝတ်စုံစသည်များ လုံလောက်ရေး)၊ ရောဂါစစ်ဆေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး၊ လူဝင် လူထွက်၊ ကူးသန်းသွားလာမှုများ ထိန်းချုပ်ရေး၊ ယင်းတို့နှင့်ပတ်သက်သည့်အမိန့်များ လိုအပ်သည်။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ဦးချင်းစီ၏ အသိနှင့် ပါဝင်ရေးက အထူးအရေးပါလှသည်။ မည်သည့်အသိဖြစ်မည်လဲ။ အရိုးရှင်းဆုံးလိုက်နာသင့်သည့် အသိတရားက "မိမိကိုယ်ကို ရောဂါမကူးစက်အောင်" နေရန် ဖြစ်သည်။ လူတို့၏ သဘာဝက ထူးခြားသည်။ ကြောက်တတ်ကြသလို ပေါ့ဆတတ်ကြသည်။ပေါ့ပေါ့ဆဆဖြစ်စေသည့် အတွေးမှာ "ငါရောဂါ မကူးနိုင်ပါဘူး" ဟူသော အတွေးဖြစ်သည်။ ကျွန်တော်တို့ပြောင်းပြန်တွေးသင့်ကြသည်။ ''ငါရောဂါကူးနိုင်တယ်"။ " ငါ့ဘေးနားမှာရှိတဲ့ သူတွေက ရောဂါသယ်လာနိုင်တဲ့သူတွေချည်းပဲ"။

သည်အတွေးများ တွေးခိုင်းပြီး အကြောက်လွန်အောင် ကျွန်တော်လုပ်ခြင်းမဟုတ်ပါ။ ရောဂါလက္ခဏာတစ်စက်မျှမပြ၊ လူကောင်းတစ်ဦးလို သွားလာနေသူများ Positive ဖြစ်နေကြ၊ ပိုးတွေ့နေကြချိန်မှာ အဲဒီလိုတွေးလိုက်တာ အကောင်းဆုံးဖြစ်သည်။ ထိုအတွေးများအတွက် စိတ်သက်သာ လုံခြုံစေမည့် အကောင်းဆုံးအစီအမံမှာ အိမ်ထဲတွင်နေရန်ပဲဖြစ်သည်။ ထို့ကြောင့်ပင် ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် ၁။ လက်ဆေးပါ ၂။ အိမ်ထဲမှာ နေပါ ဆိုသည်ထက်ကောင်းသည့် အစီအမံလောလောဆယ်ရှာမတွေ့သေး။

ဝူဟန်မြို့တွင် စဖြစ်တော့ တရုတ်အစိုးရက အိမ်သော့များအပြင် မြို့ပြကြီးတစ်ခုလုံးကို သော့ခတ်ပစ်လိုက်သည်။ လူများအိမ်ထဲမှ အပြင်မထွက်ရ၊ မြို့ပြင်မထွက်ရ။ သည့်ထက်ထိရောက်သော အစီအမံမရှိ။ အိမ်ထဲမှာ မိမိကိုယ်မိမိ သော့ခတ်လိုက်ကြသည့်အတွက် နှစ်လအကျော်မှာ ဝူဟန်က အသက်ပြန်ရှင်လာသည်။ အစိုးရများက မြို့ပြတွေ သော့ခတ်လိုက်ကြခြင်းကြောင့် ဖြစ်ပေါ်လာမည့် လူမှုစီးပွားအကျိုးဆက်များကို အများကြီးထည့်စဉ်းစားကြသည့်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် အခက်အခဲတွေ့ခဲ့ကြသည်။ နောက်ဆုံးတွင် ရွေးချယ်စရာနှစ်ခုထဲကတစ်ခုကို ရွေးကြရမည်။ စည်းစိမ်နှင့်အသက်။ မည်သည်ကို ရွေးချယ်မလဲ။

မကြာမီ မြန်မာ့နှစ်သစ်ကူးကာလ ရောက်တော့မည်။ ယခင်နှစ်သစ်ကူးကာလများတွင် ကျွန်တော်တို့သည် အိမ်ထဲမှာမနေ၊ အိမ်ပြင်ထွက်ကြသည်။ လမ်းပေါ်ထွက်ကြသည်။ လူအများကြီးနှင့် တွေ့ကြသည်။ ကခုန်မြူးထူးပျော်ရွှင်ကြသည်။ ယခုနှစ်သင်္ကြန်တွင်မူ ကျွန်တော်တို့သည် ယခင်လုပ်ခဲ့သည်များနှင့် ဆန့်ကျင်ဖက်လုပ်ကြရမည်။ နေကြ၊ ထိုင်ကြရမည်ဖြစ်သည်။ အိမ်ပြင်မထွက်ဘဲ အိမ်ထဲမှာ နေကြမည်။ လူအများကြီးနှင့်မတွေ့ဘဲ မိမိ မိသားစုနှင့်သာ အိမ်ထဲမှာ အတူရှိကြမည်။ ဧည့်သည်ပင်မလာရ၊ ကျွန်တော်စောစောပိုင်းကရေးခဲ့သလို စတိပင်မရ၊ သတိယှဉ်ရမည့် သင်္ကြန်ကာလဖြစ်ပါသည်။

### အသက်ရှင်ခြင်းထက်အရေးကြီးတာမရှိ

လူသားတို့၏ အခြေခံအကျဆုံး လိုအပ်ချက်သည် အသက်ရှင်နေထိုင်ရေးဟု ကျွန်တော်မှတ်သားဖူးသည်။ ယနေ့အချိန်အခါသည် ကျွန်တော်တို့ အသက်ရှင်နေထိုင်နိုင်ရေးထက် အရေးကြီးတာ ဘာမျှမရှိ။ ကျွန်တော်တို့ ပျော်ရွှင်ရေးနှင့် အသက်ရှင်ရေး၊ လွတ်လပ်မှုနှင့် အန္တရာယ်ကင်းမှု၊ နောက်ဆုံးစည်းစိမ်နှင့် အသက် ဘယ်ဟာကို ရွေးကြမည်လဲ။ အသက်ရှင်ရေးကို ရွေးကြရမည်။ မိမိအတွက် သာမကမိမိ၏ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ မိမိနိုင်ငံသားများ အသက်ရှင်ရေးကို ရွေးကြရမည်။ အိမ်ထဲတွင် ခဏလောက်နေလိုက်ခြင်းဖြင့် ပြင်ပထိတွေ့မှုကို သိသိသာသာ လျှော့ချနိုင်ကာ ရောဂါကူးစက်မှုများကိုလည်း ထိန်းချုပ်နိုင်မည်။ မယုံမရှိနှင့်။ တရုတ်နိုင်ငံနှင့် အချို့သော နိုင်ငံများက လတ်လတ်ဆတ်ဆတ်ကြီး သက်သေပြထားပြီးပြီ။ ကျွန်တော်တို့ သည်နှစ်သင်္ကြန် ရက်ရှည်အိမ်မှာနေကြမည်။ ယခုလို နေရတာကို ကသိကအောက်ဟုမမြင်ဘဲ အခွင့်အရေးတစ်ခုဟု ပြောင်းမြင်လိုက်ပါ။ ဘာအခွင့်အရေးများလဲ။ အိမ်မှာ ယခုလိုနားရသည့် အခွင့်အရေး (စာဖတ်မလား၊ ဝါသနာပါတာတစ်ခုခု လေ့ကျင့်နေမလား၊ တရားဘာဝနာပွားမလား)။ နောက်အခွင့်အရေးက ပိုမွန်မြတ်သည်၊ လူများကို အသက်ကယ်ပေးရသည့် အခွင့်အရေးဖြစ်သည်။

နှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်းသည့် မွန်မြတ်သော အခါသမယတွင် အိမ်ထဲတွင် ကျန်းမာအောင်နေပေးလိုက်ပြီး လူအချင်းချင်းအကြား ရောဂါပျံ့နှံ့ကူးစက်မှုကို ဟန့်တားပေးခြင်းဖြင့် အသက်ကယ်ပေးသော မွန်မြတ်သည့် လုပ်ငန်းတစ်ခုလုပ်ရသည့် အခွင့်အရေးပဲ ဖြစ်သည်။ ခါတိုင်းလို မပျော်ရဘူးဆိုလျှင်လည်း ထိုအပျော်များကို အသက်ကယ်သည့် အလှူအဖြစ် ပေးဆပ်လိုက်ပါလားဟု သဘောထားစေချင်သည်။ စိတ်ကသိကအောက်ဖြစ်ရသည်ဆိုလျှင်လည်း ထိုစိတ်မသက်သာမှုကို အသက်ကယ်သည့်အလှူဟု သတ်မှတ်လိုက်စေချင်သည်။

သင်္ကြန်ဆိုသည်မှာ ရပ်တန့်သွားသည့်အရာမှ မဟုတ်ပေပဲ။ ကျွန်တော်ကိုယ်တိုင်ပင် သင်္ကြန်ပေါင်း ၅၀ ကျော်ဆင်နွှဲပြီးပြီ။ သည်နှစ်သင်္ကြန်မနွှဲရ ဘာဖြစ်လဲ။ နောက်နှစ်များမှာ သင်္ကြန်တွေလာဦးမှာပဲ။ အဲဒီလာမည့်သင်္ကြန်များ မင်္ဂလာရှိဖို့လိုသည်။ ထိုသင်္ကြန်များကို အားပါးတရ ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲခွင့်ရှိရန် ပိုအရေးကြီးသည်။ မဲပြာပုဆိုးစကားပုံတစ်ခုကိုပဲ ညွှန်းပြောပါရစေ။ အနာခံက အသာစံရမည်။

ကျွန်တော်တို့က သင်္ကြန်ကျလျှင် သိကြားမင်းမိုးပေါ်ကဆင်းလာသည်။ သင်္ကြန်တက်လျှင် သိကြားမင်းပြန်တက်သွားသည်ဟု ပြောတတ်ဆိုတတ်ကြသည်။ သည်နှစ်သင်္ကြန်ကာလပြီးလို့ သိကြားမင်းပြန်တက်ချိန်တွင် လူတို့၏အသက်များ၊ ဘဝများကိုကယ်တင်ပေးကြသည့် တိတ်ဆိတ်သော သင်္ကြန်ပွဲကို အိမ်ထဲတွင် ကုသိုလ်ယူဆင်နွှဲပေးနေကြသည့် မြန်မာပြည်က လူများကို မြင်ပြီး သိကြားမင်းကြီး သာစုခေါ်ဆိုနေပုံကို ယခုကတည်းက ကျွန်တော်ကြိုမြင်နေမိပါသည်။ ။

**"ကျွန်တော်တို့ သည်နှစ်သင်္ကြန် ရက်ရှည်အိမ်မှာနေကြမည်။ ယခုလို နေရတာကို ကသိကအောက်ဟုမမြင်ဘဲ အခွင့်အရေးတစ်ခုဟု ပြောင်းမြင်လိုက်ပါ။ ဘာအခွင့်အရေးများလဲ။ အိမ်မှာ ယခုလိုနားရသည့် အခွင့်အရေး (စာဖတ်မလား၊ ဝါသနာပါတာ တစ်ခုခု လေ့ကျင့်နေမလား၊ တရားဘာဝနာပွားမလား)။ နောက်အခွင့်အရေးက ပိုမွန်မြတ်သည်၊ လူများကို အသက်ကယ်ပေးရသည့် အခွင့်အရေးဖြစ်သည်"**

# ပုလဲ၊ ရေဦး၊ ဝက်လက်နှင့် ကျုံပျော်မြို့နယ်တို့၌ မီးလောင်မှုဖြစ်စဉ်များကြောင့် နေအိမ်၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံး

### ပုလဲ

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကိုင်းတွင်းကျေးရွာ၌ မေ ၁၁ ရက် နံနက် ၃ နာရီက မီးကွင်းမီးကျန်မှ ဒုတိယတစ်ဆင့် မီးလောင်မှုဖြစ်ရာ ပုလဲမြို့နယ် မီးသတ်စခန်းမှ ဒုဦးစီးမှူး ဦးကျော်ဇင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ယင်းမာပင်ခရိုင်နှင့် မြို့နယ်မီးသတ်စခန်း၊ ဆားလင်းကြီးမြို့ မီးသတ်စခန်းတို့မှ စုစုပေါင်း မီးသတ်ယာဉ်ရှစ်စီး ရေသယ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် လူနေအိမ် ၃၇ လုံး၊ တဲနှစ်လုံး၊ ဝက်ခြောက်ကောင်၊ ကြက်သွန် ပိဿာ ၂၄၃၀၊ ဆန်အိတ် ၅၀၊ ကုလားပဲ ၁၅ တင်း ၊ စပါးတင်း ၂၀၀၊ နေကြာတင်း ၃၀ နှင့် နှမ်း နှစ်တင်းတို့ ဆုံးရှုံးခဲ့ပြီး အမျိုးသား ၈၆ ဦး၊ အမျိုးသမီး ၉၁ ဦး စုစုပေါင်း ၁၇၇ ဦးတို့ မီးဘေးသင့်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ပုလဲမြို့မ ရဲစခန်းက ဦးရွှေမင်းအား အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**



ပုလဲမြို့၌ မီးလောင်မှုအား မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။

### ရေဦး

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ကန်သာယယ်ကျေးရွာ၌ မေ ၁၀ ရက် နံနက်ပိုင်းက မီးဖိုမီးကွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ရာ တင်းတိမ်ရုံနယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အိမ်ရှင်ဦးအောင်ငွေ (၄၇နှစ်)၏ နေအိမ်မီးဖိုမီးကွင်းမီးကျန်မှတစ်ဆင့် အနီးရှိ ထရံသို့ မီးကူးစက်ကာ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အိမ်ရှင်ဦးအောင်ငွေ၏ နေအိမ်တစ်လုံး၊ မြေစိုက်မီးဖိုတဲနှင့် နွားခြံတဲတွဲလျက် အဆောက်အအုံတစ်လုံး၊ ဆိုင်ကယ် တစ်စီးနှင့် စပါးတင်း ၂၀ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးအောင်ငွေကို ရေဦးမြို့နယ် တင်းတိမ်ရုံနယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

### ဝက်လက်

အလားတူ ဝက်လက်မြို့နယ် ထန်းကြီးကျေးရွာ၌ မေ ၁၀ ရက် ညနေပိုင်းက ဂက်စ်မီးခြစ်ပေါက်ကွဲ၍ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ရာ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အိမ်ရှင်ဦးပြည့် (၃၃ နှစ်)၏ ဂက်စ်မီးခြစ်ပေါက်ကွဲ၍ သက်ငယ်အမိုးသို့ မီးကူးစက်ကာ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အိမ်ရှင်ဦးပြည့်၏ မြေစိုက်နေအိမ်တစ်လုံး ဆုံးရှုံးခဲ့သဖြင့် ဦးပြည့်ကို ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

### ကျုံပျော်

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထောင်မြို့ အမှတ်(၁)ရပ်ကွက် တောကျောင်း ကျေးရွာတွင် ယမန်နေ့ ည ၉ နာရီက ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ရာ အထောင်မြို့ နယ်မြေရဲခန်းမှူး ရဲအုပ်အောင်ကျော်ဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ အထောင်မြို့နှင့် နယ်မြေ မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူ ၂၀၀ခန့်တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုမှာ အထောင်မြို့ အမှတ်(၁) ရပ်ကွက် တောကျောင်းကျေးရွာနေ ဦးစိုးဝင်း၏ ကလောကြိတ်ဖတ်အလုံးများ သိုလှောင်ထားရာ ဂိုဒေါင်အတွင်းရှိ လျှပ်စစ်မီးပလတ်ခုံမှ ဝိုင်ယာရှော့ဖြစ်ပြီး ကလောကြိတ်ဖတ်များ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ဂိုဒေါင်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ မင်းကိုကိုစိုးအား အထောင်နယ်မြေ ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**ဆန်းတင့် (ရေကြည်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၂ . ၄ . ၂၀၂၀ (တနင်္ဂနွေနေ့)
(၁၃၈၁ခုနှစ်၊ မဟာသင်္ကြန်အကြိုနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၆:၁၅ – “ မဇ္ဈိမအလင်း ” (အပိုင်း- ၃)
- ၇:၀၀ – Breakfast News
- ၈:၁၅ – ခါသင်္ကြန်အဆိုအကများ
- ၉:၁၀ – " နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ကောဝိဒ(အဂ္ဂမဟာပဏ္ဍိတ)၊ သာသနာ့ဝေပုလ္လကျောင်း၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း ဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း"
- ၉:၃၅ – သင်္ကြန်ရင်ခုန်သံစကားဝိုင်း “ မုံရွေရည် ”
- ၁၁:၄၅ – ခါသင်္ကြန်အဆိုအကများ
- ၁၂:၃၅ – တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ ဟောကြားသော “ ရဟန်းတစ်ပါး ကြွလာသည်တရားတော် ”
- ၁၃:၃၅ – ဆေးရောင်စုံရုပ်ရှင် “ ကောင်းချစ်တဲ့မမ ” ကျော်သူ၊ ခင်သန်းနု၊ စုမြတ်နိုင် (ဒါရိုက်တာ- ကျော်သူ)

**ညပိုင်း**

- ၁၆:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ “ နတ်ဆိုးမလေးရဲ့ ကိုယ်ရံတော် ” (အပိုင်း- ၃)
- ၁၇:၃၀ – ခါသင်္ကြန်အဆိုအကများ
- ၁၉:၀၀ – သင်္ကြန်ရင်ခုန်သံစကားဝိုင်း “ မောင်တို့ချယ်ရီမြေ ” (အပိုင်း- ၁)
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- – မြန်မာဗီဒီယိုဇာတ်လမ်း “ အတာလေပြေ ” လူမင်း၊ ထွန်းအိန္ဒြာဗို ဒါရိုက်တာ- အာယု
- – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မေ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၇၂ စီး၊ သွင်းကုန် ၁၀၉၀ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ ဒသမ ၅၄၅ သန်းအား ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၈၅) မိုင် (၄)ဖာလုံအနီး ညောင်ခါးရှည်ကျေးရွာ အနီးတွင် နစ်ဆန်း(ဒီယံ) ခြောက်ဘီးယာဉ်တစ်စီးအား စစ်ဆေးရာ ယဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် Excavator Caterpillar (1)U နှင့် ပစ္စည်းတင်ဆောင်လာသော အဆိုပါယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ သန်းအား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## Chinese 8 Ball ပြိုင်ပွဲ၌ မြန်မာကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီ ၂၀၁၈ ကမ္ဘာ့ချန်ပီယံဟောင်းနှင့် ပွဲဦးထွက် တွေ့ဆုံမည်

**ရန်ကုန် မေ ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် အကောင်းဆုံး ထိပ်တန်းကစားသမားရှစ်ဦး ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည့် Chinese 8 Ball ပြိုင်ပွဲ ပွဲစဉ်အတွဲများ ထွက်ပေါ်လာခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံကိုယ်စားပြုကစားသမား ဘုန်းမြင့်ကျော်(ခ)အားတီမှာ ၂၀၁၈ ကမ္ဘာ့ချန်ပီယံဟောင်းနှင့် ပွဲဦးထွက် တွေ့ဆုံကစားရမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ သိရသည်။

အားတီသည် ၎င်း၏ ပွဲဦးထွက်ပွဲစဉ်ကို မေ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၈ မိနစ်တွင် ၂၀၁၈ ခုနှစ် ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ Yu Hai Tao နှင့် စတင် ကစားရမည် ဖြစ်သည်။ အားတီသည် Yu Hai Tao နှင့် အခြားပြိုင်ပွဲများ၌ နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးပြီး တစ်ပွဲစီ အနိုင်ရထားကြသည်။

"ကျွန်တော် သူနဲ့ ပွဲဦးထွက် တွေ့ရတဲ့အတွက် စိတ်ပူပန်မှု လုံးဝမရှိပါဘူး။ ဒါပေမယ့် ဒီပြိုင်ပွဲကြီးက ပထမဆုံး ပြိုင်ပွဲဆိုတော့ စိတ်တော့ လှုပ်ရှားမိတယ်။ ကျွန်တော် ပြောနိုင်တာတစ်ခုကတော့ ပြိုင်ဘက်က ဘယ်လောက်ကောင်းကောင်း ကိုယ့်ရဲ့ပါဖောမင့်ကို မကျအောင် ထိန်းနိုင်ဖို့သာ အရေးကြီးတယ် ဆိုတာပါပဲ။ ဒါ့ကြောင့် ကျွန်တော် အကောင်းဆုံးကြိုးစားကစားသွားမှာပါ"ဟု အားတီက ပြောသည်။

ယခုပြိုင်ပွဲတွင် ပွဲဦးထွက် တွေ့ဆုံကစားရမည့် Yu Hai Tao အပါအဝင် ကမ္ဘာ့ချန်ပီယံဟောင်း ကစားသမား ငါးဦးပါဝင်ပြီး အိုးပင်းချန်ပီယံကစားသမားတစ်ဦး ပါဝင်သည်ဟု အားတီက ပြောသည်။ အားတီသည် ဒုတိယပွဲစဉ် အဖြစ် မေ ၂၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၉ မိနစ်တွင် Li Bo နှင့် ဆက်လက်ကစားရမည် ဖြစ်သည်။

ယခုပြိုင်ပွဲမှာ တရုတ်နိုင်ငံ၌ ပထမဆုံးကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး မေ ၁၈ ရက်မှ ဩဂုတ် ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပထမအဆင့် ရှစ်ယောက် ပတ်လည်ကစားပြီး နိုင်ပွဲအများဆုံး လေးဦးမှာ ဒုတိယအဆင့် ဆက်လက်ကစားရမည်ဖြစ်သော်လည်း ကစားရမည့်ပုံစံများ မသိရသေးကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေကျပ်သိန်း ၁၀၀၀ ချီးမြှင့်မည့် ဆုကြေးငွေ စုစုပေါင်းမှာ မြန်မာငွေကျပ်သိန်း ၂၆၀၀ ဖြစ်ပြီး ပတ်လည်ပွဲတစ်ပွဲ အနိုင်ရရှိပါက ဆုကြေးငွေ ကျပ်သိန်း ၂၀ ရရှိမည်ဖြစ်သည်။ ချန်ပီယံဆု ရရှိပါက ကျပ်သိန်း ၁၀၀၀ဆုရရှိမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## ရွှေကူ၌ ဧရာဝတီမြစ်အတွင်း ငါးဖမ်းနေစဉ် လူနှစ်ဦး မိုးကြိုးစက်ကွင်းမိရာ တစ်ဦးပျောက်ဆုံး

**ရွှေကူ မေ ၁၁**

ရွှေကူမြို့နယ် နောင်မိုကျေးရွာအနီးတွင် မေ ၁၀ ရက် နံနက် ၈ နာရီခွဲခန့်က ဧရာဝတီမြစ်အတွင်း စက်လှေတစ်စင်းဖြင့် ပိုက်မျှော၍ ငါးဖမ်းနေစဉ် လူနှစ်ဦး မိုးကြိုးစက်ကွင်းထိမိကြောင်း သိရသည်။

ရွှေကူမြို့နယ် ရေလဲကျေးရွာနေ ကျော်ဆန်းလင်း(ခ)ကိုဆန်းနှင့် ဇနီးဖြစ်သူ မဇာဇာဦး(ခ) မအိဇာ၊ (၁၀)နှစ်အရွယ် သမီးဖြစ်သူ မအိနှင်းဖြိုး သုံးဦးတို့သည် ရေလဲကျေးရွာမှ ဧရာဝတီမြစ်ရိုးအတိုင်း ဆန်တက်ကာ နောင်မိုကျေးရွာအနီး ဧရာဝတီမြစ်အတွင်း စက်လှေတစ်စင်းဖြင့် ပိုက်မျှော၍ ငါးဖမ်းနေစဉ် မိုးများရွာသွန်းပြီး မိုးကြိုးပစ်ခဲ့ရာ ကျော်ဆန်းလင်း(ခ)ကိုဆန်းသည် မိုးကြိုးစက်ကွင်းထိမိပြီး ဧရာဝတီမြစ်အတွင်းသို့ ပြုတ်ကျသွားခဲ့ကြောင်း၊ ၎င်း၏ ဇနီးဖြစ်သူမှာလည်း စက်ကွင်းမိပြီး အသက်ရှူကျပ်ဝေဒနာဖြင့် ရွှေကူမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိပြီး သမီးဖြစ်သူ မအိနှင်းဖြိုးတွင် ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း သိရသည်။

မိုးကြိုးစက်ကွင်းထိမိပြီး ဧရာဝတီမြစ်အတွင်းသို့ ပြုတ်ကျသွားခဲ့သော ကျော်ဆန်းလင်း(ခ) ကိုဆန်းအား ရှာဖွေရန် ရေလဲကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ဧရာဝတီမြစ်ရိုးတစ်လျှောက် စက်လှေနှစ်စင်းဖြင့် ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးအောင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ကိုင်ဖုန်းများ လုယူသူနှစ်ဦးကို ဖမ်းမိ

**ရန်ကုန် မေ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာ (အနောက်ပိုင်း)နှင့် (အရှေ့ပိုင်း)မြို့နယ်အတွင်း ဖုန်းလုယက်မှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ဟိန်းမင်းလတ်(ခ)မိုးဒီနှင့် သူရိန်တို့နှစ်ဦးကို မေ ၁ ရက်က (၂၀) ရပ်ကွက်၊ ဝေပုလ္လ(၇)လမ်းမပေါ်၌ တွေ့ရှိစစ်ဆေးရာ ၎င်းတို့ ကိုင်ဆောင်ထားသော ဖုန်းနှစ်လုံးနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်မှုမရှိသဖြင့် အမှုဖွင့် အရေးယူခဲ့သည်။

၎င်းတို့နှစ်ဦးသည် ဇန်နဝါရီလမှ မတ်လအထိ လှိုင်သာယာ(အနောက်ပိုင်း) နှင့်(အရှေ့ပိုင်း)မြို့နယ်အတွင်း ပြည်သူများထံမှ လက်ကိုင်ဖုန်းအမျိုးမျိုး ၁၅ လုံးအား လုယူခဲ့ကြကြောင်း၊ ခိုးယူရရှိသည့် လက်ကိုင်ဖုန်းများအား ကျော်မင်းဦး (ခ)ကျော်လင်းထက်(ခ)ကျော်ကြီးက ပြန်လည်ရောင်းချပေးကြောင်း စစ်ဆေးပေါ်ပေါက်၍ အမှုဖြင့်ဖမ်းဆီးကာ ဟိန်းမင်းလတ်(ခ)မိုးဒီပါသုံးဦးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**




# အီစတာပွဲတော်မတိုင်မီ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူပေါင်း တစ်သိန်းကျော်ရှိလာ

ဝါရှင်တန် မေ ၁၁

**ကမ္ဘာတစ်ဝန်း အီစတာပွဲတော်မတိုင်မီ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း တစ်သိန်းကျော်လာခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၁၁ ရက်က ပြောကြားလိုက်သည်။ ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် ကမ္ဘာ့လူပေါင်းသန်းချီ နေအိမ်အတွင်း အသွားအလာကန့်သတ်မှုများနှင့် နေထိုင်နေရကြောင်း သိရသည်။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အရေးကြီးသည့် ထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်ခဲ့ရာ အဆိုပါ ထုတ်ပြန်ချက်တွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါး အချိန်မတိုင်မီ အဝင်အထွက်ပိတ်ဆို့မှုများကို ဖယ်ရှားလိုက်မည်ဆိုပါက ရောဂါကူးစက်ပျံ့နှံ့မှုများ ကြောက်စရာကောင်းလောက်အောင် ပြန်လည်ဖြစ်ပေါ်လာနိုင်ကြောင်း ထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မှသည် နီပေါအထိ ထိုမှတစ်ဖန် အိန္ဒိယနိုင်ငံ နယူးဒေလီအထိ သာမန်ထက် ထူးခြားသည့် ဆောင်ရွက်ချက်များအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ကျောင်းများပိတ်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ကလည်း ကမ္ဘာကြီးအနေဖြင့် ၁၉၃၀ ပြည့်နှစ်ဝန်းကျင် စီးပွားရေးပျက်ကပ်ကြီး ကြုံတွေ့ရသည့်အချိန် ကတည်းကစကာ ယခုအချိန်သည် အဆိုးရွားဆုံးအခြေအနေနှင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အတည်ပြုလူနာပေါင်း ၁ ဒသမ ၇ သန်းကျော်လာပြီးနောက် သေဆုံးသူဦးရေမှာလည်း ၁၀၂၇၅၁ ဦးအထိ မြင့်တက်လာခဲ့သည်။ သေဆုံးနိုင်ချေရှိသော ကိုဗစ်-၁၉ ဖြစ်ပွားမှု ၇၀ ရာခိုင်နှုန်းသည် ကိုဗစ်- ၁၉ အဆိုးဆုံးကူးစက်ဖြစ်ပွားရာ ဥရောပမှ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ဖြစ်ပွားရာ ဗဟိုချက်နေရာလို ဖြစ်ခဲ့သော အမေရိကန်ပြည်ထောင်စုသည် တစ်နေ့တည်းသေဆုံးသူ ၂၁၀၈ ဦးအထိ စံချိန်တင်မြင့်တက်ခဲ့သော ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စာရင်းများအရ သိရသည်။

အမေရိကန်ပြည်ထောင်စုတစ်ခုလုံးအတိုင်းအတာအနေဖြင့် ကိုဗစ်-၁၉ ကြောင့်သေဆုံးမှုသည် ၁၈၆၀၀ အထိ ရောက်ရှိလာရာ ယင်းအရေအတွက်က ကိုဗစ်-၁၉ ကြောင့် ကမ္ဘာပေါ်တွင် အများဆုံးသေဆုံးမှုဖြစ်ပွားရာ အီတလီနိုင်ငံ၏သေဆုံးနှုန်း ၁၈၈၄၉ ဦးအရေအတွက်ကို ရောက်လုနီး၊ မီလုနီးပါးဖြစ်လာကြောင်း သိရသည်။

တခြားနိုင်ငံများနှင့် နှိုင်းယှဉ်ရာတွင် အမေရိကန်ပြည်ထောင်စုသည် သန်းထက်ဝက်ကျော်ရှိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် သာလွန်လျက်ရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စာရင်းဇယားများအရ သိရသည်။



ကိုဗစ်-၁၉ ဝေဒနာရှင်တစ်ဦးအား ပြင်သစ်နိုင်ငံ ဆေးရုံတစ်ရုံရှိ အထူးကြပ်မတ်ဆောင်၌ ကုသပေးနေသည်ကို တွေ့ရစဉ်။

သို့သော်လည်း မည်သို့ပင်ဆိုစေ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပအာဏာပိုင်များက ကိုဗစ်-၁၉ အခြေအနေကိုဖော်ပြသော မျဉ်းကွေးသည် တဖြည်းဖြည်း ပြေပြစ်လာကြောင်း ပြောကြားလိုက်သည်။ အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က နိုင်ငံ၏ကိုဗစ်-၁၉ ကူးစက်မှုသည် အမြင့်ဆုံးနီးပါး ရောက်လာပြီဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်သည့် အလေ့အကျင့်သည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးထိန်းချုပ်ရာတွင် အလုပ်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာလိုက်ပြီးနောက် ဂျပန်မြို့လယ်ကောင်တွင် တိတ်ဆိတ်ငြိမ်သက်

**တိုကျို မေ ၁၁**

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် အစိုးရက နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာလိုက်ပြီးနောက် ပထမဆုံး ရက်သတ္တပတ်အဖြစ် ဂျပန်နိုင်ငံ မြို့လယ်ကောင်တွင် မေ ၁၁ ရက်က တိတ်ဆိတ်ငြိမ်သက်လျက်ရှိကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ယခင်က စည်ကားလှသော တိုကျိုမြို့၏ ဟာရာဂျူကူဒေသရှိ လမ်းများတွင်လည်း လူအနည်းငယ်မှလွဲ၍ ခြောက်ကပ်တိတ်ဆိတ်လျက်ရှိကြောင်း သိရသည်။

အဝတ်အထည်ဆိုင်များ၊ စတိုးဆိုင်များလည်း ယာယီပိတ်ထားကြောင်း စာတန်းများကပ်ထားသလို အချို့စားသောက်ဆိုင်များနှင့် ဆေးဆိုင်များလည်း နာရီအနည်းငယ်သာ ဖွင့်လှစ်ကြောင်း သိရသည်။

၁၃ နှစ်ကြာ လည်ပတ်ခဲ့သော စားသောက်ဆိုင်တစ်ဆိုင်က လေဝင်လေထွက်ကောင်းရန် ပြတင်းတံခါးကို ဖွင့်ထားပြီး စားပွဲခုံများကိုလည်း သန့်စင်ထားသည်။ သို့သော်လည်း မေ ၁၁ ရက်က တစ်နာရီကြာဖွင့်လှစ်ထားသည့်အချိန် နောက်ပိုင်းအထိ မည်သည့်စျေးဝယ်သူမှမလာကြောင်း သိရသည်။




လူအနည်းငယ်မှလွဲ၍ ခြောက်ကပ်တိတ်ဆိတ်လျက်ရှိသော တိုကျိုမြို့လယ်တစ်နေရာကိုတွေ့ရစဉ်။

အသက် ၅၀ ဝန်းကျင်စားသောက်ဆိုင်ပိုင်ရှင်က ယခုလိုမျိုး လူမထွက်သလောက် နည်းသွားသည့်အနေအထားကို တစ်ခါမှ မတွေ့ဖူးကြောင်း၊ အရေးပေါ်အခြေအနေ ကြေညာလိုက်ပြီးနောက် ယခုလိုစျေးဝယ်သူအရေအတွက် လျော့ကျသွားကြောင်း ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမှ တားဆီးကာကွယ်ရန် ကြိုတင်ဆောင်ရွက်ချက်များ လုပ်ဆောင်နေပြီး ရောင်းဝယ်ဖောက်ကားသည့်အချိန်ကို လျှော့ချလိုက်သည့်အတွက် သူ့အတွက်မည်သည့် စီးပွားရေးအကျိုးအမြတ်မှ မရနိုင်သော်လည်း ဆိုင်ကိုဆက်ဖွင့်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## ပြည်ပမှဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ကူးစက်မှုကို တားဆီးသည့်အနေဖြင့် ရုရှားနယ်စပ်တွင် ယာယီဆေးရုံတည်ဆောက်

**မော်စကို မေ ၁၁**

ပြည်ပမှ ဝင်ရောက်လာသော ကိုဗစ်- ၁၉ ကူးစက်ခံထားရသူများကြောင့် ရောဂါကူးစက်မှုမြင့်တက်လာမည်ကို တားဆီးသည့်အနေဖြင့် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ်ရှိ တရုတ်- ရုရှားနယ်စပ် ဆွေဖန်းဟော်မြို့တွင် ယာယီဆေးရုံတစ်ရုံ တည်ဆောက်လျက်ရှိကြောင်း မေ ၁၁ ရက်က နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

**ခုတင် ၆၀၀ ကျော်ထားရှိ**

အဆိုပါဆေးရုံသည် ရုံးအဆောက်အအုံတစ်ခုကို အသွင်ပြောင်းထားခြင်းဖြစ်ပြီး လူနာတင်ခုတင် ၆၀၀ ကျော် ထားရှိနိုင်မည်ဖြစ်သည်။

ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်း ၄၀၀ ခန့်ကို တာဝန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကန့်သတ်နေထိုင်ရမည်**

ဆွေဖန်းဟော်နယ်စပ်မြို့မှ ဝင်ရောက်လာသူများအားလုံးသည် နယူးကလိယက်အက်စစ် စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး သတ်မှတ်ထားသော အဆောက်အအုံများတွင် အသွားအလာ ကန့်သတ်နေထိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဩစတြေးလျတွင် ကိုဗစ်- ၁၉ ကူးစက်မှုနှုန်း ကျဆင်း

**ကင်ဘာရာ မေ ၁၁**

ကိုဗစ်- ၁၉ တိုက်ဖျက်ရာတွင် ဩစတြေးလျနိုင်ငံသည် တိုးတက်အောင်မြင်မှုများ ရရှိခဲ့ကြောင်းနှင့် ကိုဗစ်- ၁၉ ကူးစက်ခံရနှုန်းသည် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိကျဆင်းလာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၁၁ ရက်က ဖော်ပြလိုက်သည်။

ကျန်းမာရေးဌာန၏ သတင်းထုတ်ပြန် ဖော်ပြချက်အရ ဩစတြေးလျနိုင်ငံတွင် မေ ၁၁ ရက်နံနက်ပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၆၂၃၈ ဦးရှိခဲ့ကြောင်း ယင်းပမာဏသည် မေ ၁၀ ရက်ရှိခဲ့သော အတည်ပြုလူနာပေါင်း ၆၁၅၂ဦးထက် ၁ ဒသမ ၃၉ ရာခိုင်နှုန်းပိုမိုများပြားလာကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ဩစတြေးလျမြို့တော်တွင် မေ ၁၀ ရက်မှ ၁၁ ကြား ကိုဗစ်- ၁၉ အတည်ပြု လူနာထပ်မံမတွေ့ရှိဘဲ သုညဖြစ်ခဲ့သည်။

နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ကူးစက်မှုနှုန်းပြမျဉ်းကွေးသည် အနည်းငယ်ပြေပြစ်လာသော်လည်း ဩစတြေးလျကျန်းမာရေးအရာရှိ အကြီးအကဲ ဗင်နစ်ဆာဂျွန်စတန်က လူများကို အိမ်ထဲ၌ နေထိုင်ရန်နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်သည့် စည်းမျဉ်းများ ဆက်လက်လိုက်နာကြရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

ယခု ရက်သတ္တပတ်အတွင်းမှာ မိမိပြောကြားထားသလို ပြည်သူများအားလုံး အီစတာအားလပ်ရက်မှာ ကျေးဇူးပြုပြီး အိမ်မှာပဲနေထိုင်ကြရန်နှင့် သူငယ်ချင်းမိတ်ဆွေများ စုပေါင်းပြီး ခရီးမသွားကြရန်၊ လူစုလူဝေး မလုပ်ကြရန်လည်း ပြောကြားလိုသည်ဟု ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အကယ်၍မဖြစ်မနေအပြင်သွားရတော့မည်ဆိုလျှင်လည်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ကြရန်၊ လက်ဆေးကြရန်နှင့် အသက်ရှူလမ်းကြောင်းကောင်းမွန်ရေးများကို ဂရုတစိုက်လိုက်ပါလုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။

ဩစတြေးလျနိုင်ငံတွင် မေ ၁၁ ရက်နံနက်ပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၆၂၃၈ ဦးရှိခဲ့ရာ ၅၄ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်းနှင့် လူပေါင်း ၃၃၈၀၀၀ ကို ကိုဗစ်-၁၉ ရှိ မရှိ စမ်းသပ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။




ဩစတြေးလျထိပ်တန်းဆေးရုံတစ်ရုံဖြစ်သည့် ရိုင်ရယ်မဲဘုန်းဆေးရုံရှိ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးဝန်ထမ်းများကို တွေ့ရစဉ်။

**ဆင်ဟွာ**

# အသွားအလာပိတ်ဆို့ကန့်သတ်မှုကို အီတလီ၌ အချိန်ထပ်မံတိုးမြှင့်



ဗင်းနစ်မြို့တွင် ဆေးဖျန်းနေသည့် လုပ်သားတစ်ဦးကို တွေ့ရစဉ်။

**ရောမ ဧပြီ ၁၁**

ကိုဗစ် – ၁၉ နှိမ်နင်းနိုင်ရေးအတွက် အီတလီနိုင်ငံသည် တိုင်းပြည်အနှံ့ ပိတ်ဆို့မှုများ ပြုလုပ်ထားပြီး ယင်းအချိန်သတ်မှတ်ချက်ကို နောက်ထပ် သုံးပတ်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

မေ ၃ ရက်အထိ တိုင်အောင် ပိတ်ဆို့ကန့်သတ်မှုကို တိုးမြှင့်သွားမည်ဟု အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက ဧပြီ ၁၀ ရက်တွင် ကြေညာခဲ့သည်။

ယခင်က ပိတ်ဆို့ကန့်သတ်မှုကို မတ် ၁၀ ရက်မှ ဧပြီ ၁၃ ရက်ဟု သတ်မှတ်ခဲ့ရာမှ ယခုအခါ အချိန်တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ ယခုလို ဆုံးဖြတ်ရခြင်းမှာ ခက်ခဲသော်လည်း လိုအပ်သည့်အတွက် လုပ်ကိုင်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ အားလုံးကို တာဝန်ခံသွားမည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက ပြောသည်။


ဧပြီ ၁၄ ရက်တွင် စာအုပ်ဆိုင်နှင့် ကလေးပစ္စည်းဆိုင်များ အပါအဝင် အခြားသော စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ပေးမည်ဟု အီတလီဝန်ကြီးချုပ်ကပြောသည်။

လုပ်ငန်းခွင် လမ်းညွှန်မှုများ အပေါ်မူတည်ပြီး ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ပေးရန် အရှိန်တိုးမြှင့်သွားမည်ဟု ကွန်တီက အကြံပြုပြောကြားခဲ့သည်။ အီတလီနိုင်ငံရှိ အချို့သော စီးပွားရေးအဖွဲ့အစည်းများသည် ပိတ်ဆို့ထားမှုများကို စောစီးစွာ အဆုံးသတ်ပေးရန် တောင်းဆိုနေကြသည်။

ဧပြီ ၁၀ ရက်အထိ အီတလီနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရမှု ပေါင်း ၁၄၇၅၇၇ ဦးအထိ ရှိပြီး အမေရိကန်နှင့် စပိန်နိုင်ငံတို့ပြီးလျှင် တတိယမြောက်ကူးစက်မှု အမြင့်ဆုံးလည်း ဖြစ်သည်။ အီတလီနိုင်ငံ၏ လူသေဆုံးမှုနှုန်းမှာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများရှိနေသည့် အပျော်စီးသင်္ဘောပေါ်မှ ခရီးသည်များ ဩစတြေးလျသို့ ထွက်ခွာ




ဂရက်မော်တိုင်မာသင်္ဘောပေါ်မှ ခရီးသည်များကို တွေ့ရစဉ်။

**မွန်တီဗီဒီယို ဧပြီ ၁၁**

ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံသား ၁၀၀ ကျော်သည် အပျော်စီးသင်္ဘောပေါ်တွင် သီတင်းနှစ်ပတ်ကြာပိတ်မိနေခဲ့ပြီးနောက် ဧပြီ ၁၁ ရက်တွင် ဥရုဂွေးနိုင်ငံမှ စင်းလုံးငှားလေယာဉ်ဖြင့် ထွက်ခွာလာခဲ့ကြပြီဖြစ်ကြောင်း သိရသည်။

ဂရက်မော်တိုင်မာ သင်္ဘောပေါ်ရှိလူပေါင်း ၂၁၇ ဦးတွင် ၁၂၈ ဦးမှာ ကိုဗစ်–၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် အဆိုပါသင်္ဘောကို ကျောက်ချရပ်နားခွင့်မပေးဘဲ ပိတ်ထားခဲ့သည်။

ဥရုဂွေးနှင့်ဩစတြေးလျအစိုးရတို့ကြား သဘောတူညီမှုကြောင့် အသက်အရွယ်ကြီးရင့်သည့် ခရီးသွားများကို မွန်တီဗီဒီယိုဆိပ်ကမ်းမှ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်ပေးရန် သဘောတူခဲ့ကြသည်။ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး မရစ်ပိန်းက ဥရုဂွေးနိုင်ငံခြားရေးဝန်ကြီးကို ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

ဥရုဂွေးနိုင်ငံ၏ ပူးပေါင်းကူညီမှုကြောင့် ဩစတြေးလျခရီးသည်များကို ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးကပြောခဲ့သည်။

စင်းလုံးငှားလေယာဉ်ပေါ်တွင်လိုက်ပါလာသည့် ဩစတြေးလျနှင့်နယူးဇီလန်နိုင်ငံသားများတွင် ကိုဗစ် – ၁၉ ကူးစက်ခံရမှုကြောင့် ဖျားနာနေသူ များ၊ ကူးစက်ခြင်းမခံရသူများ ပါဝင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ကိုဗစ် - ၁၉ လူနာများကို အီဘိုလာ ကုသဆေးပေးရာတွင် အထောက်အကူဖြစ်ဟုဆို

**ဝါရှင်တန် ဧပြီ ၁၁**

ကိုဗစ် – ၁၉ ကြောင့် ပြင်းပြင်းထန်ထန်ရောဂါ ခံစားနေရသည့်လူနာသုံးပုံနှစ်ပုံကို အီဘိုလာရောဂါကုသဆေးဖြင့် ကုသကြည့်ရာတွင် ကောင်းမွန်သည့်တုံ့ပြန်မှုများ ရရှိကြောင်း အပြည်ပြည်ဆိုင်ရာ သုတေသီ အဖွဲ့တစ်ဖွဲ့က ပြောသည်။

ဧပြီ ၁၀ ရက်က ထုတ်ဝေခဲ့သည့်ဆေးပညာဂျာနယ်တွင် ဂျပန်၊ အမေရိကန်နှင့် ဥရောပမှ သုတေသီများ၏ အစီရင်ခံစာကို ဖော်ပြထားခြင်းဖြစ်သည်။ အီဘိုလာကုသဆေးဖြစ်သည့် Remdesivir ဆေးကို အမေရိကန်ဆေးဝါးကုမ္ပဏီက ထုတ်လုပ်ထားသည်။ ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် အဆိုပါ ဆေးဝါးကို ကိုဗစ် –၁၉ ကုသမှုဆေးဝါး အဖြစ် စတင်အသုံးပြုခဲ့ကြသည်။

ကိုဗစ် –၁၉ ကြောင့် ဝေဒနာပြင်းထန်နေသည့်လူနာ ၅၃ ဦးကို Remdesivir ဆေးဖြင့် ကုသမှုပေးထားကြောင်း ဧပြီ ၁၀ ရက်က ထုတ်ဝေသည့် ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

အဆိုပါ ဆေးဝါးပေးပြီးနောက် လူနာ ၃၆ ဦးမှာ ကျန်းမာရေးအခြေအနေ တိုးတက်လာသည်။ အသက်ရှူအထောက်အကူပြု ကိရိယာတပ်ဆင်ထားရသည့်လူနာ ၃၀မှ ၁၇ ဦးကို အသက်ရှူပိုက်များ ပြန်လည်ဖြုတ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ဝေဒနာပြင်းထန်နေသည့်လူနာကို အဆိုပါဆေးကုသခြင်းဖြင့် တစ်စုံတစ်ခုသောအတိုင်းအတာအထိ ပြန်လည်ကောင်းမွန်လာကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။ သို့သော် ယင်းဆေးဝါး၏ ထိရောက်မှုများကို အကဲဖြတ်ရန် နောက်ထပ်စမ်းသပ်မှုများ ပြုလုပ်ရန် လိုနေသေးသည်။

**အင်န်အိတ်ချ်ကေ**

# ကာကွယ်ဆေးမရှိဘဲ အားကစားပြိုင်ပွဲများကို အမေရိကန်များလာရောက်ကြည့်ရှုမည်မဟုတ်

**ဝါရှင်တန် ဧပြီ ၁၁**

ကိုဗစ် – ၁၉ ကာကွယ်ဆေးမပေါ်သေးလျှင် အနာဂတ်၌အားကစားပြိုင်ပွဲများကို အမေရိကန်များ လာရောက်ကြည့်ရှုရန် တွန့်ဆုတ်နေကြလိမ့်မည်ဟု ဆီတွန်ဟောတက္ကသိုလ်၏ လေ့လာမှုများ အရသိရသည်။ ကိုဗစ် –၁၉ ကူးစက်ခံရမှုများကြောင့် လွန်ခဲ့သည့်လမှစတင်ကာ မြောက်အမေရိကတစ်လွှား အဓိက အားကစားပြိုင်ပွဲကြီးများကို ပိတ်ထားရသည်။

ကာကွယ်ဆေးမထုတ်လုပ်နိုင်သေးမီ အားကစားရုံကြီးများဆီသို့ တစ်ဖန်ပြန်လာကြည့်ရှုရန် အမေရိကန်များ မဝံ့မရဲနှင့် စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြသည်ဟု ဆီတွန်ဟောတက္ကသိုလ်၏လေ့လာမှု ရလဒ်များအရ သိရသည်။

ဧပြီ ၆ ရက်မှ ၈ ရက်ကြား လူပေါင်း ၇၆၂ ဦးကို လေ့လာမှုများပြုလုပ်ခဲ့ရာ ၇၂ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးမပေါ်ဘဲ အားကစားရုံများသို့သွားရောက်ကာ အားကစားပြိုင်ပွဲများကို ကြည့်ရှုလိုခြင်းမရှိဟု ဖြေကြားခဲ့ကြပြီး ၆၁ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးမရှိလျှင် လုံခြုံစိတ်ချရမှုမရှိဟု ဖြေကြားခဲ့ကြသည်။

ယင်းနောက် ၁၂ရာခိုင်နှုန်းမှာလည်း လူအချင်းချင်းခပ်ခွာခွာနေခြင်းဖြင့် လုံခြုံစိတ်ချရသည် ဟုခံစားရကာ ၁၃ ရာခိုင်နှုန်းကမူ ဒီအတိုင်းလည်း စိတ်ချမှုခံစားရသည်ဟု ဖြေကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ်အတွင်း မည်သည့်အားကစားပွဲမျှ မလုပ်လျှင်ကောင်းမည်ဟု ဖြေကြားသည့်အုပ်စုမှာမူ ၄၀ရာခိုင်နှုန်းခဲ့ရှိသည်။ အမေရိကန်နိုင်ငံသည် အခြားနိုင်ငံများနှင့်ယှဉ်လျှင် ကိုဗစ် –၁၉ ကူးစက်ခံရမှုမြင့်တက်နေပြီး ကူးစက်ခံရမှု ၄၇၃၀၀၀ အထိရှိပြီး ၁၇၈၀၀ သေဆုံးခဲ့ရပြီဖြစ်သည်။

**အေအက်ဖ်ပီ**




လော့စ်အိန်ဂျလိစ်မြို့ရှိ ဒေါ်ဂါအားကစားရုံကြီးကို တွေ့ရစဉ်။

# တရုတ်နိုင်ငံမှ ဆေးဝါးကျွမ်းကျင်သည့်အဖွဲ့ကို ရုရှားသို့စေလွှတ်

**ဟာဘင် ဧပြီ ၁၁**

တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ် အရှေ့မြောက်ပိုင်းမြို့ဖြစ်သည့် ဟာဘင်မြို့မှဆေးဝါးကျွမ်းကျင်သူ ၁၀ ဦးပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ရုရှားနိုင်ငံသို့ ဧပြီ ၁၁ ရက်က စေလွှတ်လိုက်ကြောင်း၊ ကိုဗစ် – ၁၉ ထိန်းချုပ်ရေးအတွက် စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျွမ်းကျင်သူများသည် ဓာတ်ခွဲခန်းစမ်းသပ်မှု၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကျွမ်းကျင်သူများဖြစ်သည်။ အဆိုပါအဖွဲ့သည် တရုတ်နိုင်ငံမှလှူဒါန်းလိုက်သည့် လိုအပ်သည့်ဆေးဝါးများ၊ ဆေးပစ္စည်းများကိုပါ သယ်ဆောင်လာခဲ့သည်။

၎င်းတို့သယ်ဆောင်လာသည့်ပစ္စည်းများတွင် ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းများ၊ ဆေးဘက်သုံးနှာခေါင်းစည်းများ၊ ဆေးဘက်သုံးအကာအကွယ်အင်္ကျီများလည်း ပါဝင်သည်။

ယင်းအဖွဲ့သည် ရုရှားနိုင်ငံမှ ဆေးဝါးကျွမ်းကျင်သူများနှင့် အတွေ့အကြုံ ချင်းဖလှယ်ကြမည်ဖြစ်သည်။ ထို့အပြင် ကိုဗစ် –၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းတို့အတွက် လေ့ကျင့်မှုများပေးသွားမည်ဟုလည်း သိရသည်။

**ဆင်ဟွာ**

# မိတ္ထီလာ၌ ပုံမှန်ဝင်ငွေမရှိသောပြည်သူများအား စားသောက်ကုန်များ လှူဒါန်း

**မိတ္ထီလာ မေ ၁၁**

မိတ္ထီလာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိဘဲ စားဝတ်နေရေးအတွက် အမှန်တကယ် အခက်အခဲကြုံတွေ့နေရသည့် အိမ်ထောင်စုများအား စိစစ်၍ အခြေခံစားသောက်ကုန်များကို ဒေသခံ စေတနာရှင် အလှူရှင်များက လှူဒါန်းလျက်ရှိသည်။

"မနေ့က ရန်မျိုးအောင်နဲ့ အောင်ဆန်းရပ်ကွက် နယ်မြေမှာရှိတဲ့ အမှန်တကယ် အခက်အခဲ ကြုံတွေ့နေတဲ့ အိမ်ထောင်စုတွေကို ကွင်းဆင်း စာရင်းကောက်ယူပြီး အိမ်ထောင်စု ၂၆၀ ကို တစ်အိမ်ထောင် ဆန်နှစ်ပြည်၊ ဆီ ၃၀ သား၊ ကြက်သွန်နီ ၅၀ သား၊ ဆား ၂၅ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သား၊ ကြက်ဥ ခြောက်လုံး၊ လက်ဖက် သုံးထုပ်၊ ခေါက်ဆွဲခြောက် တစ်ထုပ် စုစုပေါင်း ပစ္စည်း ရှစ်မျိုး၊ တန်ဖိုး ကျပ် ၇၀၀၀ ခန့်ကို ပေးဝေထောက်ပံ့ ကူညီခဲ့ပါတယ်။ တတ်နိုင်သရွေ့ အိမ်မှာပဲနေကြဖို့နဲ့ လက်ကို ဆပ်ပြာနဲ့ မကြာခဏဆေးဖို့ကိုလည်း ပညာပေး ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆရာဝန်များအသင်း (မိတ္ထီလာ)က ပေးထားတဲ့ ကိုဗစ်-၁၉ အသိပညာပေး လက်ကမ်းစာစောင်များ ကိုလည်း ပေးဝေခဲ့ပါတယ်။ လိုအပ်ရင် နောက်လည်း ဆက်လက်ပြီး ထောက်ပံ့ကူညီပေးသွားမှာပါ"ဟု ဦးဆောင်လှူဒါန်းခဲ့သူတစ်ဦးဖြစ်သည့် ရန်မျိုးအောင်ရပ်ကွက်နေ ဦးကျော်က ပြောကြားသည်။

မိတ္ထီလာဒေသခံ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတလူငယ်အဖွဲ့များ အနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် ဆက်စပ်၍ အရေးကြီးကာလအတွင်း အမှန်တကယ် နေ့စဉ်စားသောက်ရေး အခက်အခဲရှိသည့် အိမ်ထောင်စုများရှိရာ ရပ်ကွက်ကျေးရွာများသို့ ကွင်းဆင်း၍ အခြေခံစားသောက်ကုန်များ လှူဒါန်းထောက်ပံ့ ကူညီခြင်းနှင့်အတူ ပိုးသတ်ဆေးဖျန်းခြင်းကိုလည်း ကူညီလုပ်ဆောင်ပေးလျက်ရှိသည်။

**ချမ်းသာ(မိတ္ထီလာ)**



စားသောက်ကုန်များကို အလှူရှင်များက လိုအပ်သော ပြည်သူများထံ ဖြန့်ဝေလှူဒါန်းစဉ်။

# အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားသောက်ကုန်များကို မြို့နယ်အသီးသီးသို့ ဖြန့်ဝေ

**ရွာတော**

ကယားပြည်နယ် ရွာတောမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးအပ်သော အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့် ကုလားပဲများကို မေ ၁၁ ရက်က စတင်ဖြန့်ဝေပေးခဲ့သည်။

ရွာတောမြို့နယ် စုပေါင်းရုံးခန်းမ၌ ဖြန့်ဝေပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင် ကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်မိုအောင်နှင့် မီးသတ်ဝန်ထမ်းများ၊ အခြားတာဝန်ရှိသူများက ရွာတောမြို့နယ်အတွင်းရှိ ရပ်ကွက် လေးခုနှင့် ကျေးရွာအုပ်စု သုံးစုရှိ ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၄၄ စုအတွက် တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာနှင့် ဆား ၅၀ ကျပ်သားနှုန်းဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ စားသောက်ကုန်များကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ရပ်ကွက်နှင့် ကျေးရွာများမှ အခြေခံလူတန်းစား အိမ်ထောင်စုများထံသို့ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မော်လိုက်**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရမှ အခမဲ့ ထောက်ပံ့ဝေငှပေးသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုးကို မေ ၁၁ ရက်က မော်လိုက်မြို့ မြို့တော်ခန်းမ၌ ဖြန့်ဝေထောက်ပံ့ပေးခဲ့သည်။

စားသောက်ကုန်များ ထောက်ပံ့ပေးရာတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်းက မဟာသင်္ကြန်ရုံးပိတ်ရက်ရှည် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရမှ အခြေခံစားသောက်ကုန် ပစ္စည်းငါးမျိုး ထောက်ပံ့ဝေငှပေးသည့် အစီအစဉ်အကြောင်း ရှင်းလင်းပြောကြားပြီးနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်သိန်းနှင့် ဦးလှိုင်မြင့်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦးနှင့် မြို့မိမြို့ဖများက မြို့မ(၁)ရပ်ကွက်မှ အခြေခံလူတန်းစား အိမ်ထောင်စု ၁၈၂ စုနှင့် မြို့မ(၂)ရပ်ကွက်မှ အခြေခံလူတန်းစား အိမ်ထောင်စု ၃၃၁ စုတို့အတွက် အခြေခံစားသောက်ကုန် ငါးမျိုးဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

မော်လိုက်မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများကို စာရင်းကောက်ယူခဲ့ရာ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျေးရွာအုပ်စု ၂၈ အုပ်စု၌ ထောက်ပံ့မှုရယူရန် စာရင်းပေးထားသော အိမ်ထောင်စု ၂၉၀၅ စုရှိသဖြင့် ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများကိုလည်း နောက်ရက်များတွင် စားသောက်ကုန်များ ဆက်လက်ထောက်ပံ့ဝေငှပေးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မော်လိုက်သားလေး**

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားကုန်ငါးမျိုး ဖြန့်ဝေ

**နေပြည်တော် မေ ၁၁**

နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စု ၆၈၁၇ စု ရှိသည့်အနက် ယနေ့တွင် ဒက္ခိဏသီရိရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၈၄၁ စု၊ ရွာမကျေးရွာအုပ်စု ရွာမကျေးရွာနှင့် ကျားကူး(အရှေ့)ကျေးရွာတွင် အိမ်ထောင်စု ၂၀၆ စု စုစုပေါင်းအိမ်ထောင်စု ၁၀၄၇ စုတို့အား အခြေခံစားကုန် ငါးမျိုးအနက်မှ ဆန် ၃၄၉ အိတ်နှင့် စားသုံးဆီ ၅၂၃ ဒသမ ၅ ပိဿာတို့ကို နေအိမ်များအရောက် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိ အခြားသူများက ကျန်းမာရေးပညာပေးညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကို မကြာခဏ စနစ်တကျ ဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့ တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများ အနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်ပွားပါက ထိရောက်စွာကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**၁၁-၄-၂၀၂၀ ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၁၁-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီတွင် ထုတ်ပြန်ချက်အရ စောင့်ကြည့်လူနာများ၊ ဆေးရုံများနှင့် သက်ဆိုင်ရာနေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသူများ စုစုပေါင်း (၁၆၇) ဦး၏ ဓာတ်ခွဲ နမူနာများအားစစ်ဆေးခဲ့ရာ **(ဇယား-၁)** ၌ ဖော်ပြထားရှိသော လူနာ (၃) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန်လူနာများနှင့် စောင့်ကြပ်ကြည့်ရှုလျက်ရှိသူ (၁၆၄) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း တွေ့ရှိရပါသည်။

၂။ ဓာတ်ခွဲအတည်ပြုလူနာ Case 29 သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် နေထိုင်သော အသက် (၂၆) နှစ်အရွယ် အမျိုးသား (၁) ဦးဖြစ်ပြီး (၂၈-၃-၂၀၂၀)ရက်နေ့တွင် အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရာတွင် ရန်ကုန်လေဆိပ်မှတစ်ဆင့် မင်္ဂလာဒုံမြို့နယ်ရှိ သတ်မှတ်ထားသော အဆောက်အဦတစ်ခုတွင် အသွားအလာကန့်သတ်ခြင်း (Facility Quarantine) ပြုလုပ်ရန် ညွှန်းပို့ခဲ့ပြီး ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ လူနာအား စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့သို့ လွှဲပြောင်းကုသရန် စီစဉ်လျက်ရှိပြီး လတ်တလောကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာ Case 30 သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးရုံတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်တစ်ဦးဖြစ်ပြီး ဓာတ်ခွဲအတည်ပြုလူနာတစ်ဦးအား အနီးကပ် ဆေးကုသမှုပေးခဲ့သည့် ရာဇဝင်ရှိခဲ့သဖြင့် ၎င်းထံမှ ဓာတ်ခွဲနမူနာအား ပေးပို့စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ လူနာအား ဝေဘာဂီဆေးရုံကြီးသို့ လွှဲပြောင်းကုသရန် စီစဉ်လျက်ရှိပြီး လတ်တလောကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာ Case 31 သည် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် နေထိုင်သော အသက် (၄၉)နှစ်အရွယ် အမျိုးသမီး (၁)ဦးဖြစ်ပြီး ဓာတ်ခွဲအတည်ပြုလူနာ Case 1 သည် ကလေးမှ တီးတိန်သို့သွားစဉ် Case 31 ၏ နေအိမ်၌ ညအိပ်တည်းခိုခဲ့ကြောင်း သိရှိရပါသည်။ Case 1 အား ဓာတ်ခွဲအတည်ပြုလူနာအဖြစ် သတ်မှတ်ခဲ့ပြီးနောက် ၎င်းအား (၂၅-၃-၂၀၂၀)ရက်နေ့မှ စတင်ကာ နေအိမ်၌ အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပြီး ဓာတ်ခွဲနမူနာရယူစစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ လူနာအား တီးတိန်ဆေးရုံသို့ လွှဲပြောင်းကုသရန် စီစဉ်လျက်ရှိပြီး လတ်တလောကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၅။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၁၁-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၃၁) ဦး တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။

၆။ သို့ဖြစ်ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာများမှာ ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် (၂)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် လူနာ (၁၈) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးပြည်သူ့ဆေးရုံကြီးတွင် (၁) ဦး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁) ဦး၊ တီးတိန်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးပို့ရန် စီစဉ်လျက်ရှိသော လူနာ (၁)ဦး၊ ဝေဘာဂီအထူးကုဆေးရုံသို့ လွှဲပြောင်းပေးပို့ရန် စီစဉ်လျက်ရှိသော လူနာ (၁)ဦး၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ရန် စီစဉ်လျက်ရှိသော လူနာ (၁)ဦး၊ စုစုပေါင်း (၂၅)ဦးတို့ဖြစ်ပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီ အထူးကုဆေးရုံကြီးရှိ လူနာ (၁) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၇။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအားလုံးကို စုံစမ်းဖော်ထုတ်၍ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ် ထိတွေ့ခဲ့သည့် ပြည်သူလူထုအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား -၁

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၁-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | လွှဲပြောင်းကုသမှုပေးမည့်ဆေးရုံ | အသွားအလာ ကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 29 | ၂၆ နှစ် | ကျား | မရှိပါ။ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့ | ၂၈-၃-၂၀၂၀ | တွေ့ရှိ |
| 30 | ၅၈ နှစ် | မ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံ | ၈-၄-၂၀၂၀ | တွေ့ရှိ |
| 31 | ၄၉ နှစ် | မ | မရှိပါ။ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၂၅-၃-၂၀၂၀ | တွေ့ရှိ |

*ကျန် (၁၆၄)ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

# Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

(၁၁-၄-၂၀၂၀)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့်ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ် ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှု မရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုး စွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁) ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/ သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလစုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှု အကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၈) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ် ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း ပြီးစီးသည့်နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုးဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေး ထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# လောက်ကိုင်မြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ စောင့်ကြည့်ရေးစခန်းများတွင် အသုံးပြုရန်ပစ္စည်းများ လာရောက်လှူဒါန်း

**လောက်ကိုင် ဧပြီ ၁၁**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါစောင့်ကြည့်ရေးစခန်းများတွင် အသုံးပြုရန်အတွက် ပစ္စည်းများကို ပြည်သူ့ဖွံ့ဖြိုးကျန်းမာရေးအဖွဲ့(HPA) တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယမန်နေ့နံနက်က လာရောက်လှူဒါန်းခဲ့သည်။

ပြည်သူ့ဖွံ့ဖြိုးကျန်းမာရေးအဖွဲ့(HPA)တာဝန်ရှိသူများက စုစုပေါင်း တရုတ်ယွမ် ၈၇၅၀၀ တန်ဖိုးရှိ အိပ်ရာခင်း ၁၂၅ ခု၊ မိုးကာ ၂၅၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ရန်ပုံငွေလက်ခံရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လောက်ကိုင်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**




စောင့်ကြည့်ရေးစခန်းများတွင် အသုံးပြုရန် အိပ်ရာခင်းနှင့် မိုးကာများ ပေးအပ်လှူဒါန်းစဉ်။

# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၀)ကျင်းပ

**စစ်တွေ မေ ၁၁**

ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၀)ကို ယမန်နေ့ ညနေပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပထမအကြိမ် အစည်းအဝေးတွင် ကော်မတီ၏ဆုံးဖြတ်ပြီးဖြစ်သော လုပ်ငန်း ကော်မတီများ ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများ၏ အဓိကကျသည့်အချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အနေဖြင့် ယနေ့ဆွေးနွေးချက်များအပေါ်တွင် ရရှိသော အချက်အလက်များ၊ ကော်မတီက ဆောင်ရွက်ထားသော အချက်အလက်များနှင့်ပေါင်းစပ်ပြီး လုပ်ငန်းစီမံချက်တစ်ခု ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီများအနေဖြင့် ယခင်ဆောင်ရွက်ချက်များ၊ ယခုလတ်တလော ဆောင်ရွက်နေသော အချက်များနှင့် ရှေ့လုပ်ဆောင်မည့်အချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ ယနေ့တွင်လည်း အခြေခံ စားကုန်ငါးမျိုးကို ပြည်နယ်တစ်ခုလုံး အောင်မြင်စွာ ဖြန့်ဝေနိုင်ခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ နှင့်ပတ်သက်၍ လုပ်ငန်း ကော်မတီများအနေဖြင့် မည်သို့ ဆောင်ရွက်သင့်သည်၊ ပြည်သူများသို့ မည်သို့ ထပ်မံပြီး ပညာပေးသင့်သည်၊ မည်သို့ကြိုတင်လုပ်ဆောင်ထားသင့်သည်တို့ကို ဆွေးနွေးပေးစေလိုပါကြောင်း၊ အခြေခံစားကုန် ငါးမျိုးဖြန့်ဝေရာတွင် အချိန်မီစွာ လုပ်ဆောင်နိုင်သကဲ့သို့ ရှေ့လုပ်ဆောင်မည့်လုပ်ငန်းများတွင်လည်း အချိန်မီမီဖြင့် လက်ဦးမှုရယူကာ လုပ်ဆောင်နိုင်မည်ဆိုလျှင် မိမိတို့အတွက်၊ မိမိတို့ပြည်သူများအတွက် ကိုဗစ်–၁၉ ရောဂါအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များက ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများ၊ နီးနွှယ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက် မည့် အခြေအနေများနှင့် ကော်မတီ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



**တင်ထွန်း(ပြန်/ဆက်)**

# ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အသုံးပြုမည့် အထူးကြပ်မတ်ကုသဆောင်များ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီး

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်ပါက အသုံးပြုမည့် ကျန်းမာရေးစင်တာအဖြစ် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အထူးကြပ်မတ်ကုသဆောင်(ICU) လေးဆောင်မှာ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်မှ သိရသည်။

ကျန်းမာရေး စင်တာအဖြစ် ကြိုတင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းချုပ်၊ ပုဂ္ဂလိကဆေးရုံများ အသင်းတို့မှ ပူးပေါင်းပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်ပြီး အတည်ပြုလူနာများထားရှိမည့် အထူးကြပ်မတ်ကုသဆောင်များအတွက် အမိုးနှင့် မျက်နှာကြက်များ လဲလှယ်ခြင်း၊ အတွင်းရှိ နံရံအကာများအား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




အထူးကြပ်မတ်ကုသဆောင်များ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်လင်း

"ကျန်းမာရေး စင်တာကို အမြန်ဆုံး ဖွင့်လှစ်နိုင်ဖို့အတွက် ဆောင်ရွက်နေတာမို့ လက်ရှိ လူနာဆောင် ငါးဆောင်ရဲ့ အဆောက်အအုံ အကြမ်းထည်လုပ်ငန်းတွေ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ပါတယ်။ မေ ၁၉ ရက်မှာ ကျန်းမာရေးဝန်ထမ်းတွေနဲ့ လေ့ကျင့်မှုလုပ်ပွဲမယ်။ လာရောက်တာဝန်ထမ်းဆောင်ကြမယ့် ဆရာဝန်၊ သူနာပြုများ အပါအဝင် ကုသမှုအထောက်အကူပြု ပညာရှင်များ၊ စေတနာ့ဝန်ထမ်းများ နေထိုင်ရေး၊ စားသောက်ရေးတို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်က ပြောသည်။

ယခုအခါ အဆိုပါနေရာအား ပြင်ဆင်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းချုပ်မှ အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖောင်ကြီး အဝင်လမ်း လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်းဖောက်ခြင်းလုပ်ငန်းကို လည်းကောင်း၊ နယ်စပ်/စည်ပင်မှ အမှိုက်စွန့်ပစ်ရန် သွားသည့်လမ်းဆောင်ရွက်ခြင်း လုပ်ငန်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆေးရုံသုံးပစ္စည်းများ မီးရှို့ဖျက်ဆီးရန်အတွက် အမှိုက်မီးရှို့စက် ဆောင်ရွက်သည့်လုပ်ငန်းများ၊ YESC မှ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းများအပါအဝင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝိုင်ဖိုင်ရရှိစေရန်အတွက် Myanmar Net တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လင်းညွန့်**

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ တရုတ်နိုင်ငံ လုံလင်ခရိုင် ပြည်ပချစ်ကြည်ရေးအသင်းမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**လောက်ကိုင် မေ ၁၁**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် မြန်မာ–တရုတ်နယ်စပ် နှစ်နိုင်ငံ ဝင်/ထွက်ပေါက် ရန်လုံကျိုင်းတံတားပေါ်၌ တရုတ်နိုင်ငံ လုံလင်ခရိုင် ပြည်ပချစ်ကြည်ရေးအသင်း တာဝန်ရှိသူများက ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ စုစုပေါင်းတရုတ်ယွမ်ငွေ ရှစ်သောင်း တန်ဖိုးရှိသော တစ်ခါသုံး နှာခေါင်းစည်း အခု ၂၀၀၀၀၊ ဆေးရုံသုံးနှာခေါင်းစည်း အခု ၄၀၀၀ကို ယမန်နေ့က လာရောက်လှူဒါန်းခဲ့ကြသည်။

လှူဒါန်းရာသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

# လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**လွယ်ဂျယ် မေ ၁၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ပြည်သူ့ဆေးရုံအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးဆေးရုံသုံး ပစ္စည်းများကို Myanmar Mai Family Group မှ ယနေ့ နံနက်ပိုင်းက လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံရှေ့၌ လာရောက်လှူဒါန်းသည်။ **(အောက်ပုံ)**

ယင်းသို့ လှူဒါန်းရာ၌ စုစုပေါင်းတန်ဖိုး တရုတ်ငွေ ၃၈၁၂၀ ယွမ်၊ မြန်မာငွေကျပ် ၇၅ သိန်းခန့်တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀၊ အသက်ရှူစက် နှစ်လုံး၊ ရောဂါကာကွယ်ရေးဝတ်စုံနှင့် တွဲသုံးသည့် မျက်မှန် အလက် ၂၀၀၊ ပိုးသတ်ဆေး အထုပ် ၄၄၀၀ တို့ကို Myanmar Mai Family Group မှ ကိုကျားဖုက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

ယခုလို လှူဒါန်းရခြင်းကြောင့် ဝမ်းမြောက်ပီတိဖြစ်ရကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်အတွက် ရည်ရွယ်လှူဒါန်းခြင်းမဟုတ်ဘဲ ကိုယ့်မြို့ ကိုယ့်ဒေသမှာ လိုအပ်လျှင် အားလုံးအသုံးပြုနိုင်ရန် ရည်ရွယ်ပါကြောင်း၊ နောက်လိုအပ်ပါက ထပ်ပြီး ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကိုကျားဖုက ပြောသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**



# ဖားကန့်ရတနာနယ်မြေကို ဝင်ရောက်မည့်သူများအား မေ ၁၂ ရက်မှစတင်ကာ ကန့်သတ်သွားမည် ဒေသတွင်း ကောလာဟလများနှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှင်းလင်း

**ဖားကန့် မေ ၁၁**

ကချင်ပြည်နယ် ဖားကန့်ရတနာနယ်မြေသို့ မေ ၁၂ ရက်မှ စတင်ကာ ဝင်ရောက်မည့်သူများအား ကန့်သတ်စိစစ်သွားတော့မည် ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မေ ၉ ရက် ရက်စွဲဖြင့် ထုတ်ပြန်သော ပြည်သူလူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး ကြေညာချက်မှ သိရသည်။

ဖားကန့်မြို့နယ်သို့ ဝင်ရောက်လာသူများအနေဖြင့် ဒေသခံ မှတ်ပုံတင် ရှိ မရှိ၊ မြို့နယ်တွင်းမှ ကုမ္ပဏီဝန်ထမ်း၊ အလုပ်သမား ဟုတ် မဟုတ်၊ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေး ထောက်ခံချက် ပါ မပါ စိစစ်ပြီးမှသာ ဝင်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။

ဖားကန့်မြို့နယ်သို့ အခြားအနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာမှုမရှိစေရေးအတွက် မြို့နယ်၏ ဝင်/ထွက်ပေါက်များဖြစ်သည့် ကာမိုင်းစစ်ဆေးရေးဂိတ်၊ လုံးခင်း(လယ်ပြင်) စစ်ဆေးရေးဂိတ်၊ မကားပင်(ဝှေခါ) စစ်ဆေးရေးဂိတ်၊ ဟောင်ပါး(ဆယ်ဇင်း–၁) စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ် စစ်ဆေးရေးဂိတ်နှင့် ဟောင်ပါး(ဆယ်ဇင်း–၂) မိုးညှင်းမြို့နယ်နှင့် အစပ်နေရာ ငါးခုတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများက စစ်ဆေးသွားမည်ဖြစ်သည်။

ဖားကန့်မြို့နယ်တွင် အဝင်သွားလာမှုပိတ်မည်ဆိုသည့် သတင်းများ ဖေ့ဘုတ်အွန်လိုင်းစာမျက်နှာတွင် ပျံ့နှံ့နေမှုနှင့် ပတ်သက်ပြီး ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးက မဟုတ်မမှန်ကြောင်းနှင့် အဝင်ကန့်သတ်စိစစ်ခြင်းသာ ဖြစ်ကြောင်း ပြောသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က "လူဦးရေ လေးသိန်းကျော်ရှိတဲ့ ဖားကန့်မြို့နယ်မှာ နိုင်ငံတော်က ချထားပေးတဲ့ ကျန်းမာရေးဆရာဝန် ၁၀ ယောက်၊ အဲဒီတော့ ဘာမှလုံလောက်မှုမရှိတဲ့ ဒီဒေသအတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ မြို့နယ်အဝင်ကိစ္စမှာ (၁/မကတ) ဒါမှမဟုတ် ဒီဒေသက ရပ်/ကျေး ထောက်ခံချက်နဲ့ ခရီးသွားတဲ့သူတွေပဲ ပြန်လက်ခံသွားဖို့ပါ။ ကျန်တဲ့သူတွေကို အကြောင်းအချက် မခိုင်လုံဘဲ မြို့နယ်အတွင်း ဝင်ခွင့်မပြုတော့ပါဘူး" ဟု ပြောသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်ရှိ သံဃာတော်များနှင့် သာကေတမြို့နယ် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးကော်မတီတို့အား ကျပ်သိန်း ၄၀၀ လှူဒါန်း

**ရန်ကုန် မေ ၁၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် သာသနဒ္ဓဇမာန်မဟာသိမ်တော်ကြီး၌ မေ ၉ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်ရှိ သံဃာတော်များနှင့် သာကေတမြို့နယ် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးကော်မတီတို့အား သုဓမ္မမဏိဇောတရ ဦးမောင်မောင်လေး၊ ဒေါ်မြင့်မြင့်ခိုင်(မောင်မောင်လေး နှင့် ညီများ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး) မိသားစုက ငွေကျပ်သိန်း ၄၀၀ လှူဒါန်းပွဲ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါလှူဒါန်းပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်ရှိ သံဃာတော်များအား တစ်မြို့နယ်လျှင် အလှူတော်ငွေကျပ် ၂၅ သိန်းစီနှင့် သာကေတ



မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်တိုက်ဖျက်ရေး ကော်မတီအား ငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ရာ ဆရာတော်များနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့သည်။ **ကျော်ဟိန်း(ပြန်/ဆက်)**

# ညောင်လေးပင်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေးဌာန ဝန်ထမ်းများကို ငွေကျပ် ၃၃ သိန်း ဂုဏ်ပြု

**ညောင်လေးပင် မေ ၁၁**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ညောင်လေးပင်မြို့နယ် အတွင်းရှိ ကျန်းမာရေးဌာနများရှိ ဝန်ထမ်းအတွက် ဂုဏ်ပြုထောက်ပံ့သည့် အနေဖြင့် အလှူရှင်မိသားတစ်စုက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ မေ ၁၁ ရက်က ငွေကျပ် ၃၃ သိန်းနှင့် ဖုန်းငွေဖြည့်ကတ်များ လှူဒါန်းခဲ့သည်။

ဂုဏ်ပြု လှူဒါန်းရာတွင် ညောင်လေးပင်မြို့နယ် အတွင်းရှိ မိခင်နှင့်ကလေး ကျန်းမာရေးဌာနနှစ်ခု၊ တိုက်နယ်ကျန်းမာရေးဌာနနှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခုနစ်ခု စုစုပေါင်းဌာန ၁၁ ခုရှိ ဝန်ထမ်းများအတွက် တစ်ဌာနလျှင် ငွေကျပ်သုံးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၃၃ သိန်းနှင့် ကျေးလက်ကျန်းမာရေးဝန်ထမ်း ၉၀ အတွက် ဖုန်းငွေဖြည့်ကတ် ငွေကျပ် ၃၀၀၀ စီကို ညောင်လေးပင်မြို့ စက်ရုံလမ်းနေ ဦးကျင်ဝှက်နှင့် သမီး မအောင်သန့်မွန် မိသားစုက လှူဒါန်းရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ညောင်လေးပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဇန်နဝါရီလကုန်ပိုင်းကတည်းက အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသံချဲ့စက်များဖြင့် ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ယခုနောက်ပိုင်းတွင်လည်း အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူသူ နေရပ်ပြန်များ၏ ကျန်းမာရေးအခြေအနေ ပုံမှန်ကြည့်ရှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများကို တာဝန်သိသိ ဆောင်ရွက်ပေးလျက်ရှိသည့် အတွက် ဂုဏ်ပြုထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရန်ကုန်မြို့ရှိ ဟိုတယ်များ၌ အသွားအလာကန့်သတ်စောင့်ကြည့်ခံရသူများ သတ်မှတ်ကာလပြည့်မြောက်သည့်အတွက် မိမိနေအိမ်သို့ ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၁၁**

ပြည်ပနိုင်ငံအသီးသီးမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရန် ဟိုတယ်များ၌ အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်း ဆောင်ရွက်ခဲ့ပြီးနောက် သတ်မှတ်ကာလ ပြည့်မြောက်သည့်အတွက် မိမိနေအိမ်သို့ ပြန်လည်ထွက်ခွာကြလျက်ရှိကြောင်း သိရသည်။

"ကျွန်တော့်ဟိုတယ်မှာ ပြင်သစ်နိုင်ငံသားတွေထားတယ်၊ ကိုရီးယား၊ တရုတ်၊ မြန်မာတွေထားတယ်။ မြန်မာတွေအတွက် ကျွန်တော်တို့က နေတာကတော့ အခမဲ့ဖြစ်ပြီး အစားအသောက်အတွက် တစ်ဦးကို ငွေကျပ် တစ်သောင်းယူပါတယ်။ မနက်၊ နေ့လယ်၊ ညစာအတွက်ပေါ့။ ဟိုတယ်ခကတော့ အခမဲ့ပါ။ မနေ့ကရယ်၊ တစ်နေ့ကရယ်၊ ဒီနေ့ရယ် သုံးဖွဲ့ခွဲပြီး ထွက်သွားပါတယ်" ဟု စီးတီးဟိုတယ် (ရန်ကုန်)မှ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးကိုကိုလတ်က ပြောသည်။

စီးတီးဟိုတယ်(ရန်ကုန်)၌ ကိုရီးယားနိုင်ငံသား အမျိုးသား တစ်ဦး၊ ပြင်သစ်နိုင်ငံသား အမျိုးသား ငါးဦး၊ တရုတ်နိုင်ငံမှ အမျိုးသား ၄၆ ဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံမှ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၂၅ ဦးအပါအဝင် စုစုပေါင်း ၁၁၇ ဦး အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုခံယူခဲ့သည်။ ဟိုတယ်တွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ကျဆရာဝန်များနှင့် သူနာပြုများထားရှိကာ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ကိုဗစ် - ၁၉ ရောဂါကြောင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများ များပြားခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နေရာအခက်အခဲရှိလာသည့်အတွက် ဟိုတယ်လုပ်ငန်းရှင်များက နိုင်ငံတော်အတွက် ယခုကဲ့သို့ ဝင်ရောက်ကူညီခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်တွင် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ပြုလုပ်ခဲ့သည့်နေရာများမှာ ရန်ကုန်လေဆိပ် ဟိုတယ်၊ ၇ မိုင်ဟိုတယ်၊ ဂန္ဓမာဟိုတယ်၊ Myanmar Life ဟိုတယ်၊ ရွှေပြည်စံရာဟိုတယ်၊ စီးတီးဟိုတယ်(ရန်ကုန်)၊ City Golf Resort Hotel၊ KG Hotel (မင်္ဂလာဒုံ)တို့ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# လှိုင်လင်မြို့၌ ကန့်သတ်စောင့်ကြည့်ရက်ပြည့်သူ ၁၆ ဦး နေရပ်သို့ပြန်

**လှိုင်လင် မေ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်ပနိုင်ငံများမှ ပြန်ရောက်လာကြသူများအား အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်းအတွက် လှိုင်လင်မြို့ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ထားရှိကြောင်း သိရသည်။

အဆိုပါ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ကန့်သတ်စောင့်ကြည့်ထားရှိသူ ယနေ့အထိ ၃၃ ဦးရှိကြောင်းနှင့် ထိုအထဲမှ ၁၆ ဦးသည် အသွားအလာကန့်သတ် စောင့်ကြည့်ရက်ပြည့်မြောက်၍ သက်ဆိုင်ရာက နေရပ်သို့ ပြန်လည်စေလွှတ်ပေးခဲ့သည်။

အဆိုပါ ၁၆ ဦးအား ဒေါက်တာဇော်လင်း၊ ဒေါက်တာနေဦးနှင့် ဌာနဆိုင်ရာများက ကန့်သတ်စောင့်ကြည့်ရက်ပြည့်မြောက်ကြောင်း ထောက်ခံချက်များပေးအပ်ကာ မိမိနေအိမ်တွင် ဆက်လက်နေထိုင်ရမည့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။ ထို့အပြင် ပရဟိတအဖွဲ့များက နှာခေါင်းစည်း၊ တစ်ကိုယ်ရေသုံးဆပ်ပြာ၊ အသိပညာပေးလက်ကမ်းစာစောင်နှင့် အားဆေးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# ရေဦးမြို့နယ်တွင် စောင့်ကြည့်ကာလပြည့်ပြီးသူများအား နေရပ်သို့ ပြန်လည်ပို့ဆောင်

**ရေဦး မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် မေ ၁၀ ရက် ညနေ ၆ နာရီက စောင့်ကြည့်ကာလ ပြည့်ပြီးသူ ၁၂ ဦးအား နေအိမ်အရောက် ပြန်လည်ပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

စောင့်ကြည့်ရက်ပြည့်ပြီးသူများအား မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းတွင် အတူပူးပေါင်းပါဝင်ခဲ့သည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ကျော်နိုင်က မိမိနေအိမ်ပြန်ရောက်လျှင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည့် ကိုဗစ် - ၁၉ ရောဂါ ကူးစက်မှုကြိုတင်ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များ၊ ဆောင်ရန်ရှောင်ရန် အချက်များ လိုက်နာပေးစေလိုကြောင်း၊ ကျန်းမာရေးအတွက်လိုအပ်ပါက အချိန်မရွေး အကူအညီ တောင်းခံနိုင်ကြောင်း ပြောကြားသည်။



ရေဦးမြို့နယ်တွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူ ၂၆၁ ဦး၊ ပြည်တွင်း မြို့နယ်အသီးသီးမှ ပြန်လာသူ ၈၈၈ ဦး စုစုပေါင်း ၁၁၄၉ ဦး ရောက်ရှိခဲ့သည်။ ရောက်ရှိသူများအနက်မှ ပြည်ပမှ ပြန်လာသူများအား သီးခြားနေရာတွင် ထားရှိပြီး ပြည်တွင်းမှ ပြန်လာများအား ၎င်းတို့နေအိမ်များ၌ပင် ထားရှိကာ အပြင်မထွက်စေဘဲ စောင့်ကြည့်လျက်ရှိသည်။ ပြည်ပမှ ပြန်လာသူများအနက် ယနေ့အထိ စောင့်ကြပ်ကြည့်ရှုပြီးသူ ၁၇၀ မှာ ကိုဗစ်-၁၉ ရောဂါလက္ခဏာ တစ်စုံတစ်ရာ မတွေ့ရ၍ မိမိနေအိမ်သို့ ပြန်လည်စေလွှတ်ပြီးဖြစ်ကြောင်း၊ အလားတူ မေ ၁၀ ရက် ညနေ ၆ နာရီက အောင်ဆန်းရပ်ကွက် အထက (၁) ရှိ ကန့်သတ်စောင့်ကြည့်ကာလ ပြည့်ပြီးသူ ၁၂ ဦးတို့အား ၎င်းတို့ နေထိုင်ရာ နေအိမ်အရောက် ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ကျန်ရှိနေသော ထိုင်းနိုင်ငံမှ ပြန်လာသူ ၃၁ ဦး၊ တရုတ်နိုင်ငံမှ ပြန်လာသူ ၅၉ ဦး၊ မလေးရှားနိုင်ငံမှ ပြန်လာသူ တစ်ဦးတို့ကိုလည်း သက်ဆိုင်ရာ ရပ်/ကျေးအလိုက် သီးသန့်နေရာ ၁၇ နေရာတွင် ထားရှိပြီး မေ ၁၇ ရက်အထိ စောင့်ကြည့်ရမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ဆိုင်ရာ သတင်းနှင့် ပြန်ကြားရေး ကော်မတီ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**သန်းထိုက်(ရေဦး)**

# ရန်ကုန်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး ကူညီစောင့်ရှောက်ရေးအဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မေ ၁၁**

ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာဆောင်ရွက်နိုင်ရန် Rescue Taskforce တစ်ရပ်ကို ဖွဲ့စည်းပြီး ရန်ကုန်မြို့ အထက(၁) တာမွေတွင် မေ ၉ ရက်မှစ၍ အခြေစိုက်စခန်းဖွင့်လှစ်ထားကာ ကန့်သတ်စောင့်ကြည့်ထားသူများ၊ သံသယလူနာများ ကူညီပို့ဆောင်ပေးလျက်ရှိသည်။

"ဒီ Rescue Taskforce မှာ ရန်ကုန်တိုင်းဒေသကြီး YRO အဖွဲ့ ၂၀၀ ကျော်က အလှည့်ကျတာဝန်ချထားတဲ့ လူအင်အား ၇၀ ရှိပါတယ်။ ဒါက ကန့်သတ်စောင့်ကြည့်စင်တာမဟုတ်ပါဘူး။ ကန့်သတ်စောင့်ကြည့်ထားတဲ့လူတွေကို လိုက်ပို့ပေးတာပါ။ ဒီမှာ အရေးပေါ်ကားသုံးစီးကို အရန်သင့်ထားပါတယ်။ လိုအပ်ရင် Hotline ဖုန်းကို ဆက်သွယ်နိုင်ပါတယ်"ဟု လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်) ၏ သတင်းနှင့် ပြန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြောသည်။

ယနေ့အထိ လူ ၃၀ ကျော်ကို ပို့ဆောင်ပေးနိုင်ခဲ့ပြီး ကန့်သတ်စောင့်ကြည့်ထားရှိသူများ၊ ကိုဗစ်-၁၉ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ သွားလာရေးအခက်အခဲရှိသူများ၊ ကုသရေးစင်တာများအနေဖြင့် လိုအပ်ပါက အကူအညီတောင်းခံနိုင်ရန် Rescue Taskforce အခြေစိုက်စခန်း၏ Hotline ဖုန်းနံပါတ် ၀၉ ၄၀၆၃၀၀၁၀၀ နှင့် ၀၉ ၄၀၆၃၀၀၈၀၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဂတီဖောင်ဒေးရှင်းက စီစဉ်သော နေရာများတွင် ကန့်သတ်စောင့်ကြည့်ခံရသူ ၂၀၀ ကျော် စောင့်ကြည့်ရက်ပြည့်သဖြင့် နေရပ်သို့ပြန်ခွင့်ပြု

**ရန်ကုန် မေ ၁၁**

ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာသော နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများအပါအဝင် ခရီးသည် ၂၀၀ကျော်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ရောဂတီဖောင်ဒေးရှင်းနှင့် သက်ဆိုင်ရာကျန်းမာရေးအဖွဲ့များ ပူးပေါင်းစီစဉ်သော ကန့်သတ်စောင့်ကြည့်စခန်းများတွင် စောင့်ကြည့်စစ်ဆေးပြီးနောက် မေ ၁၁ ရက်တွင် အားလုံး နေရပ်ပြန်နိုင်ကြပြီဖြစ်ကြောင်း စခန်းတာဝန်ခံ ကိုကျော်လင်းထွေးထံမှ သိရသည်။

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်းအတွင်းရှိ လက်ရွေးစင် ဘောလုံးသမားများထားရှိသော အဆောင်များ၌ မတ် ၂၅ ရက်မှစတင်၍ ပြည်ပမှ ပြန်ရောက်လာသူ ၁၄၅ ဦးကို စောင့်ကြည့်ခဲ့ရာ မေ ၉ ရက်တွင် စောင့်ကြည့်ရက်ပြည့်သူ ၅၅ ဦးကို နေရပ်သို့ပြန်လည်ပို့ဆောင်ခဲ့ပြီး မေ ၁၁ ရက်တွင် ကျန်ရှိစောင့်ကြည့်ခံရသူ ၉၀ ကို နေရပ်သို့ပြန်ခွင့်ပြုခဲ့သည်။

အလားတူ မြန်မာနိုင်ငံ ဘောလုံးအကယ်ဒမီသင်တန်းကျောင်းရှိ စောင့်ကြည့်ခံ နေရပ်ပြန်လာသူ ၂၆ ဦး၊ ရောဂတီဘဏ်သင်တန်းကျောင်းတွင် စောင့်ကြည့်ခံရသူ ၅၀ကျော်အပါအဝင် စုစုပေါင်း ကန့်သတ်စောင့် ကြည့်ခံရသူ ၂၀၀ ကျော်တို့မှာ ကျန်းမာရေးကောင်းမွန်သဖြင့် နေရပ်ပြန်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကိုဗစ် - ၁၉ ကင်းဝေးနိုင်စေရန် မြို့မအပျော်တမ်းတူရိယာအသင်းမှ နှစ်သစ်အကြို ဆုတောင်းမေတ္တာပို့သ



ယမန်နှစ်ကကျင်းပခဲ့သည့် မန္တလေးသင်္ကြန်ပွဲတော်တွင် မြို့မအသင်းမှ ပါဝင်ဆင်နွှဲကာ ဖျော်ဖြေနေစဉ်။

**မန္တလေး မေ ၁၁**

မန္တလေးမြို့ဂုဏ်ဆောင် မြို့မအပျော်တမ်းတူရိယာအသင်းမှ မန္တလေးဒေသခံပြည်သူများအပါအဝင် နိုင်ငံသူ နိုင်ငံသားအားလုံး လက်ရှိဖြစ်ပွားနေသည့် ကိုဗစ် – ၁၉ ရောဂါ ကပ်ဘေးကြီးမှ ကင်းဝေး၍ ကျန်းမာချမ်းသာကြစေရန် နှစ်သစ်အကြို ဆုတောင်းမေတ္တာ ပို့သပါကြောင်း ပြောကြားသည်။

မန္တလေးသင်္ကြန်ပွဲတော်ကာလတွင် နှစ်စဉ်ဖျော်ဖြေမှုပေးနေသည့် မြို့မအပျော်တမ်းတူရိယာအသင်းအနေဖြင့် ယခုဖြစ်ပွားနေသည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပူးပေါင်းပါဝင်ကူညီသောအားဖြင့် ယခုနှစ်သင်္ကြန်ပွဲတော်ကာလတွင် အသင်း၏ ဖျော်ဖြေရေးအစီအစဉ်များကို ရပ်နားထားခဲ့ကြောင်း အဆိုပါအသင်းမှ အတွင်းရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။

“ကျွန်တော်တို့ မြို့မအသင်းက ဒီနှစ်သင်္ကြန်မှာ မြို့မိမြို့ဖတွေကို ဖျော်ဖြေမပေးနိုင်တဲ့အတွက် ဝမ်းနည်းမိပေမယ့် ဒီရောဂါကူးစက်မှု မရှိအောင် ပါဝင်ကူညီတဲ့အနေနဲ့ ဖျော်ဖြေမှုတွေ မလုပ်ဆောင်ခဲ့တာလို့ ခံယူထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့အသင်းကြီးရဲ့ သင်္ကြန်ကာလမှာ မြို့တွင်းလှည့်လည်ဖျော်ဖြေမှုကို စောင့်ဆိုင်းနားဆင်ကြတဲ့ ပြည်သူတွေအတွက် ဒီနှစ်မှာ လာရောက်ဖျော်ဖြေမှု မပေးနိုင်တော့ပေမယ့် ရှေ့နှစ်တွေမှာ အများမသိသေးဘဲ တိမ်မြုပ်နေတဲ့ သီချင်းကောင်းတွေကို ဖော်ထုတ်ပြီး မန္တလေးပရိသတ်ကြီးကို လှိုက်လှိုက်လှဲလှဲနဲ့ ဖျော်ဖြေပေးနိုင်ဖို့ အစီအစဉ်တွေနဲ့ ကြိုတင်ပြင်ဆင်လျက်ရှိပါတယ်လို့ သတင်းစကားပါးချင်ပါတယ်။ မန္တလေးဒေသခံပြည်သူတွေ ရောဂါဘယကင်းဝေးစွာနဲ့ နောင်နှစ်တွေမှာ မြို့မအသင်းကြီးရဲ သီဆိုဖျော်ဖြေမှုတွေကို ပျော်ရွှင်စွာခံစားနားဆင်နိုင်ကြပါစေ။ နိုင်ငံသူနိုင်ငံသားအားလုံးလည်း ကိုဗစ် – ၁၉ ရောဂါကပ်ဘေးကြီးမှ ကင်းဝေးကာ ကျန်းမာချမ်းသာကြပါစေလို့ အသင်းရဲ့ ကိုယ်စား ဆုတောင်းမေတ္တာပို့သပါတယ်”ဟု ၎င်းက ပြောသည်။

မြို့မအသင်းကြီးကို ၁၉၂၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၃၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ငွေငန်းအလှပြယာဉ်ကြီးဖြင့် သင်္ကြန်ပွဲတော် ဖျော်ဖြေမှုများကို စတင်ခဲ့ကာ နှစ်စဉ်သင်္ကြန်ကာလအတွင်း ဖျော်ဖြေမှုများအဖြစ် သင်္ကြန်အကြိုနေ့ မဟာမုနိဘုရားသို့ ဦးတိုက်ဖူးမြော်ခြင်း၊ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲတွင် အလှပြယာဉ်များအား ရှေ့ဆုံးမှ ဦးဆောင်၍ ပါဝင်ဆင်နွှဲခြင်းများအပြင် သင်္ကြန်အကျနေ့မှ အတက်နေ့အထိ ညပိုင်းများတွင် မြို့တွင်းရှိ ရပ်ကွက်များသို့ လှည့်လည်ကာ ဖျော်ဖြေတင်ဆက်မှုများ လုပ်ဆောင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သထုံတွင် ပြည်ထောင်စုလမ်းမကြီးများနှင့် မြို့တွင်းလမ်းများကို ပိုးသတ်ဆေးဖျန်း

**သထုံ မေ ၁၁**

မွန်ပြည်နယ် သထုံမြို့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတလူမှုကူညီရေးအဖွဲ့ဝင်များ ပူးပေါင်း၍ မေ ၁၀ ရက် ည ၈ နာရီက ပြည်ထောင်စုလမ်းမကြီးနှင့် သထုံမြို့တွင်းအဓိကလမ်းများကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုကာကွယ် ထိန်းချုပ်ရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် သထုံမြို့နေ ပြည်သူများ၏ စိုးရိမ်ပူပန်နေမှုများကို လျော့ကျစေရန်အတွက် ပိုးသတ်ဆေးဖျန်းခြင်း ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ပြောသည်။

“ဒီဆေးတွေကို ဒီနေ့တော့ အနိုင်းမဲ့မေတ္တာသွေးနဲ့ အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်း (သထုံ) က စီစဉ်လှူဒါန်းတာပါ။ ဖြစ်နိုင်မယ်ဆိုရင်တော့ သုံးရက်ကို တစ်ကြိမ်လောက် လုပ်ချင်တယ်။ ဒီက တာဝန်ရှိသူတွေအားလုံးက မြို့အတွက် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသလို မြို့က စေတနာရှင်တွေကလည်း ပူးပေါင်းဖြည့်ဆည်းပေး နေကြပါတယ်။ ဒါကြောင့် မြို့က ပြည်သူတွေကလည်း သက်ဆိုင်ရာကညွှန်ကြားချက်တွေကို လိုက်နာပြီး မြို့ကြီးဘေးကင်းအောင် ကူညီကြစေချင်တယ်” ဟု ၎င်းက ပြောသည်။

အဆိုပါနေ့တွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုကူညီရေး ပရဟိတလုပ်အားရှင်များက ဆေးဖျန်းမီးသတ်ယာဉ်နှင့် ဆေးဖျန်းပုံးများဖြင့် သထုံ–မော်လမြိုင်၊ သထုံ–ဘားအံ အဝေးပြေး ပြည်ထောင်စုလမ်းမကြီးများနှင့် မြို့တွင်းလမ်းအားလုံးတို့ကို ပိုးသတ်ဆေး လိုက်လံဖျန်းပေးခဲ့သည်။



မြို့တွင်း ပိုးသတ်ဆေးဖျန်းလုပ်အားရှင်များအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အိမ်မဲမြို့မဈေးကြီးအတွင်း ဈေးဝယ်သူများအတွက် သတ်မှတ်နေရာစည်းဝိုင်းများ ပြုလုပ်ပေး

**အိမ်မဲ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့၌ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးကြီးအတွင်း ဈေးဝယ်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး နီးကပ်ခြင်းမရှိဘဲ အရှေ့ သုံးပေခြား၊ ဘေး ခြောက်ပေခြား၍ ဈေးဝယ်နိုင်ရန် နေရာသတ်မှတ်ပေးသည့် စည်းဝိုင်းများကို အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မေ ၁၀ ရက်က ရေးဆွဲပေးထားကြောင်း သိရသည်။

ဈေးဝယ်လာသူများအနေဖြင့် အဆိုပါ သတ်မှတ်နေရာများအတွင်း ရပ်၍သာ ဈေးဝယ်ကြရန်အတွက်လည်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက မြို့မဈေးကြီးအတွင်း ဈေးဆိုင်များရှေ့တွင်စောင့်ကြည့်၍ ကြီးကြပ်မှုများ ဆောင်ရွက်ခဲ့ပြီး ဈေးသူ ဈေးသားများအနေဖြင့်လည်း မိမိတို့ဆိုင်များသို့ ဈေးလာဝယ်ကြသူများအား အဆိုပါ စည်းဝိုင်းနေရာများအတွင်းမှသာ ဝယ်ယူကြရေး တိုက်တွန်းဆောင်ရွက်ရန်လည်း မှာကြားထားကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့၌ လူငယ်များပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းစက်တစ်လုံးပြုလုပ်ပြီး ပိုးသတ်ဆေးများဖျန်းပေးနေ

**ဆိပ်ဖြူ မေ ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ကာကွယ်ဆေးဖျန်းခြင်းကို ရပ်ကွက်/ကျေးရွာများတွင် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်စေရန် ရည်ရွယ်လျက် ဆိပ်ဖြူမြို့ ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုအဖွဲ့မှ လူငယ်များက ပိုးသတ်ဆေးဖျန်းစက်တစ်လုံးကို ကိုယ်တိုင်ပြုလုပ်ထားကာ မြို့နယ်အတွင်း လိုက်လံ၍ ဆေးဖျန်းပေးလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုအဖွဲ့မှ လူငယ်များပူးပေါင်း၍ လေမှုတ်ပန်ကာ၊ ကော်ပုံး၊ ဆေးဖျန်းနော်ဇယ်ခေါင်းနှင့် ရေဆေးပန့်တို့ကို အသုံးပြုပြီး အဆိုပါ ပိုးသတ်ဆေးဖျန်းစက်ကို ပြုလုပ်ထားခြင်းဖြစ်ကာ လက်ရှိတွင် အဆိုပါ ဆေးဖျန်းစက်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်အတွင်း လိုက်လံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်း လုပ်ဆောင်ရာတွင် အချိန်ကုန်သက်သာရန်နှင့် လူအင်အား သက်သာစေရန် ဆေးဖျန်းစက်ကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လက်တွေ့ အသုံးပြုရာတွင် ထိရောက်လျင်မြန်မှုရှိကြောင်း၊ စက်အတွက် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ခုနစ်သိန်းဝန်းကျင် ကုန်ကျ ခဲ့ကြောင်း၊ ဈေးကွက်အတွင်း ရောင်းချနေသော ပိုးသတ် ဆေးဖျန်းစက်ကြီးများမှာ တစ်ခုလျှင် ငွေကျပ် သိန်း ၄၀ ခန့်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုအဖွဲ့မှ လူငယ်များအနေဖြင့် လက်ရှိအချိန်တွင် အဆိုပါ ဆေးဖျန်းစက်ဖြင့် မြို့နယ်အတွင်းမှ ဆေးရုံများ၊ ဈေးများ၊ ရောဂါသံသယရှိသူများအား သီးသန့်ထား စောင့်ကြပ်ကြည့်ရှုနေသည့် နေရာများ၊ လမ်းများနှင့် လူနေအိမ်များတွင် ဆေးဖျန်းခြင်းကို အလှူရှင်များနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုစွဲ(အညာမြေ)**



လူငယ်များကိုယ်တိုင် ပြုလုပ်ထားသည့် ပိုးသတ်ဆေးဖျန်းစက်ဖြင့် လိုက်လံ ဆေးဖျန်းပေးနေစဉ်။

## နွေရာသီသောက်သုံးရေ မပြတ်လပ်ရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် တိမ်ကောနေသောချောင်း တူးဖော်



မော်လူးမြို့နယ်၌ တိမ်ကောနေသော မော်လူးချောင်းအား တူးဖော်ကြစဉ်။

**မော်လူး မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် မေ ၉ ရက်က နွေရာသီသောက်သုံးရေမပြတ်လပ်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် တိမ်ကောနေသော မော်လူးချောင်းကို တူးဖော်လျက်ရှိသည်။

မော်လူး - စီးမော်ချောင်းသည် နန်းခွင်ကျင်ရွာနှင့် ညောင်ပင်သာရွာထိပ်ချောင်းဖျားမှ စတင်စီးဆင်းလာ၍ ညောင်ပင်သာ၊ စီးမော်၊ မော်လူး၊ အုန်းဒုတ်၊ မင်းသာရွာများသို့ ဖြတ်ကာ မော်လူးချောင်းအမည်ဖြင့် သူရောင်းလေးတန်ချောင်းသို့ စီးဝင်သွားခဲ့သည်။

အဆိုပါ မော်လူးချောင်းသည် နှစ်ပေါင်းကြာမြင့်လာသည့်အလျောက် ယခုအခါ လူအများ စည်းကမ်းမဲ့ စွန့်ပစ်သော အမှိုက်များကြောင့် ရေစီးရေလာအားနည်းလာပြီး ချောင်းမှာ တဖြည်းဖြည်းတိမ်ကောလာခဲ့ရသည့်အတွက် အဆိုပါချောင်းကို အမှီပြုသုံးစွဲကြသည့် ကျေးရွာရှစ်ရွာ၊ အိမ်ထောင်စု ၂၀၀၀ ကျော်ခန့်တို့၏ သောက်သုံးရေအခက်အခဲနှင့် နွေရာသီမီးဘေးအန္တရာယ်အတွက် စိုးရိမ်လာရရာ ချောင်းရေစီးရေလာ ကောင်းရန် ချောင်းဖြောင့်ခြင်းနှင့် ချောင်းဆယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

"ဒီချောင်းဟာ တိမ်ကောနေတာကြာပါပြီ။ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုတွေ ဖြစ်နေပါတယ်။ အခုလို ဆယ်ယူခြင်းအားဖြင့် ရေစီးရေလာကောင်းပြီး ရေကြီးရေလျှံတာတွေ မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့်မို့ ဒီချောင်းကို ဆယ်ယူနိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၄၀ နဲ့ အကျယ်ပေ ၂၀၊ အရှည် ပေ၈၀၀၀ ကျော်ကို ဆောင်ရွက်သွားမှာပါ"ဟု မော်လူးမြို့အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက ပြောသည်။

**နီတိုး**

## အခြေခံစားသောက်ကုန်များ သင်္ကြန်ကာလအတွင်း အိမ်အရောက်ပို့ ရောင်းချပေးမည်

**ရန်ကုန် မေ ၁၁**

ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးကာလအတွင်း ရန်ကုန်မြို့နေပြည်သူများအတွက် စားနပ်ရိက္ခာပို့ဆောင်ကူညီရေး အစီအစဉ်အရ အခြေခံစားသောက်ကုန်များကို မူလဈေးနှုန်းထက် အသက်သာဆုံးဈေးနှုန်းဖြင့် အကျိုးအမြတ်ရယူခြင်းမပြုဘဲ လူထုအခြေပြုပရဟိတအဖွဲ့ဖြစ်သည့် We Love Yangon က အိမ်တိုင်ရာရောက် ပံ့ပိုးကူညီရောင်းချပေးလျက်ရှိသည်။ မကြာမီရောက်ရှိလာမည့် သင်္ကြန်ကာလတွင်လည်း နားရက်မယူဆက်လက် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

We Love Yangon ဦးဆောင်အဖွဲ့ဝင် ကိုစန်းမောင်မောင်က "အခြေခံ စားသောက်ကုန်တွေကို ပက်ကေ့ချ်သုံးမျိုးနဲ့ ရောင်းချပေးပါတယ်။ သင်္ကြန်ကာလမှာလည်း ရောင်းချပေးသွားမယ်၊ နားလို့မရပါဘူး။ အဲဒီရက်တွေမှာ ပိုပြီး လိုအပ်ပါလိမ့်မယ်"ဟု ပြောသည်။

အခြေခံစားသောက်ကုန် ပက်ကေ့ချ်များကို ကြိုက်နှစ်သက်သဖြင့် ကုမ္ပဏီနှင့်လုပ်ငန်းများမှ ယင်းတို့၏ ဝန်ထမ်းလုပ်သားများကို ထောက်ပံ့ပေးရန် အော်ဒါမှာယူမှုများရှိသည်။ ထိုသို့ မှာယူရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ထောက်ခံ ချက်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ပုံမှန်မှာယူပါက သုံးရက်အတွင်း အရောက်ပို့ဆောင်ရောင်းချပြီး ကုမ္ပဏီနှင့် လုပ်ငန်းများက မှာယူပါက နှစ်ရက်အတွင်း ရက်ချိန်းပေးကာ လာရောက်ဝယ်ယူကြသည်။ ပက်ကေ့ချ် (B) နှင့် (C) ကို ဝယ်ယူမှုများသည်။ ငွေကျပ်၁၆၀၀၀ တန် ပက်ကေ့ချ် (A) တွင် ညှော်မထဆန် ခြောက်ပြည်၊ နေကြာဆီ ၅၀ ကျပ်သားတစ်ဘူး၊ ကြက်သွန်နီ တစ်ပိဿာ၊ ငါးသေတ္တာ ငါးဘူး၊ ကော်ဖီမစ်နှင့် ကွေကာအုပ် ငါးထုပ်စီ၊ ကြက်ဥ ၁၀လုံး၊ ငရုတ်သီးမှုန့်တစ်ထုပ်၊ အသင့်စားခေါက်ဆွဲ ခြောက်ငါးထုပ်တို့ ပါဝင်သည်။ ငွေကျပ် ၁၂၀၀၀ တန် ပက်ကေ့ချ် (B) တွင် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကော်ဖီမစ်နှင့် ကွေကာအုပ်၊ ကြက်ဥ၊ ငရုတ်သီးမှုန့်တို့ ပါဝင်သည်။ ငွေကျပ် ၁၀၀၀၀ တန်ပက်ကေ့ချ် (C) တွင် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ငရုတ်သီးမှုန့်တို့ ပါဝင်သည်။

ပက်ကေ့ချ် အလိုက် ဝယ်ယူလိုသူများက We Love Yangon Page ရှိ သက်ဆိုင်ရာ မြို့နယ်အလိုက် ဖုန်းနံပါတ်များနှင့် Messenger မှ တစ်ဆင့် ချိတ်ဆက်ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## ကွမ်းလုံသို့ တရုတ်နိုင်ငံမှ နေရပ်ပြန် ၈၉ ဦး ရောက်ရှိ

**ကွမ်းလုံ မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်မြို့ တရုတ်နိုင်ငံနယ်စပ်ဝင်ပေါက်မှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၈၉ ဦးအား ကွမ်းလုံမြို့နယ်သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ကြိုတင်ဆောင်ရွက်ထားသည့် လူငယ်သင်တန်းကျောင်း (နတလ)၌ မေ ၉ ရက်ကလွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။ ၎င်းတို့အား ကျန်းမာရေးစစ်ဆေးမှုများ၊ ကိုယ်ရေးအချက်အလက်စာရင်းများ ကောက်ယူခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ စီမံဆောင် ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး သတ်မှတ်နေရာများတွင် စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ရာ အဆိုပါ နေရပ်ပြန်များမှာ တရုတ်နိုင်ငံ ရှန်တုံပြည်နယ်မှ ပြန်လာသူများဖြစ်ကြောင်း သိရသည်။

**မိုင်းခိုင်ဇော်(ကွမ်းလုံ)**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူလိုပါက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ နွေနှင့် မိုးစပါးစိုက်ပျိုးထွန်ယက်ခြင်းနှင့် ထွက်ရှိလာသောသီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းစုချုပ်၏ လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ဝေးမြို့နယ်တွင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏လယ်ယာလုပ်ငန်းများမှထွက်ရှိလာမည့်စပါးများ ရိတ်သိမ်းခြွေလှေ့လိုလျှင် လည်းကောင်း၊ ရာသီအမီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများပြုလုပ်လိုလျှင်လည်းကောင်း ဝန်ဆောင်မှုသမဝါယမအသင်းများမှ သင့်လျော်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

ဒုတိယညွှန်ကြားရေးမှူး - ၀၉-၂၆၂၇၅၈၃၆၅ / ၀၉-၇၉၆၉၂၉၈၁၈

လက်ထောက်ညွှန်ကြားရေးမှူး - ၀၉-၂၅၆၀၈၈၅၂၅

ဦးကျော်ဆန်း (အတွင်းရေးမှူး) - ၀၉-၄၂၀၇၅၀၁၈၄

အသင်းစုချုပ်လယ်ယာဝန်ဆောင်မှု ကော်မတီ (ပျဉ်းမနား)

ဦးသန်းနွဲ့ (အတွင်းရေးမှူး) - ၀၉-၇၉၈၃၄၃၆၂၂

လယ်ဝေးမြို့နယ်သမဝါယမအသင်းစု

ဦးစိုးဝင်းသန်း (အတွင်းရေးမှူး) - ၀၉-၇၉၉၁၉၉၄၄၅ / ၀၉-၄၂၀၇၇၀၁၁၅

လယ်ဝေးမြို့နယ်လယ်ယာဝန်ဆောင်မှု အသင်း

**သမဝါယမဦးစီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ | ကျပ် | ၅၃၀/၅၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ | ကျပ် | ၄၃၀/၄၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၃၂၁၆ | ၃၄၅၉၉၅၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၁၁၅၂၈ | ၄၂၇၇၈၁၅၀ |
| MCB | ၉၁၀၀ | ၈၅၀၀ | ၃၀ | ၂၇၂၄၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၁ | ၂၃၆၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၁၈ | ၈၉၀၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း


စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm


HTOO
လိပ်ပူ ရေ… လိပ်ပူ…
ဦးတင့်…ကျွန်မရဲ့သား လိပ်ပူ ကိုတွေ့မိလား ဟင်
မတွေ့ မိပါလား
အဲ..ပိုမှာတွေ့ပြီ..လာခဲ့စမ်း နင်ကဘယ်တွေလျှောက်သွား နေတာလဲ…
သူငယ်ချင်းတွေနဲ့ နေရိပ်ထဲမှာ ဆော့နေတာပါ..
အိမ်ထဲက အိမ်ပြင်မထွက်ဖို့
နင့်ကိုပြောထားတာ..ငါ့စကား နားမထောင်တာ ဘာသဘောလဲ..
သားအတွက် မစိုးရိမ်ပါနဲ့..
နေပူထဲထွက်ရင် ဦးထုပ်ပါတယ်.. နေရောင်ခြည်ဒဏ်ခံနိုင်တဲ့ စကင်ကိုယား လိမ်းပြီးအသားအရေကိုကာကွယ်ထားပါတယ်..
ဒီမှာလေ….
ကိုဗစ် နိုင်တင်း ကူးစက်ခံရမှာစိုးလို့ အိမ်ထဲမှာပဲနေခိုင်းတာဟဲ့..လာ
သိပါဘူး..အသားမည်း မှာစိုးလို့အိမ်ပြင်မထွက် ခိုင်းတယ်မှတ်နေတာ..
ဖြစ်မှ ဖြစ်ရလေ….


ကုန်ပါပြီတော် ကုန်ပါပြီ..
ကိုဗစ်ကြောက်လို့ ကြိုတင်ဝယ်ထားတဲ့မုန့်တွေ ကုန်ပါပြီတော်..
သားလည်း အပြင်မထွက်ရတော့..ပျင်းတာနဲ့ မုန့်တွေပဲစားနေမိတာပေါ့ လို့.
ရှိရင်ရှိသလို စားပစ်ရသလား ဟဲ့..
တော်ပြီ အခုကစပြီး..အမိန့် ထုတ်မယ်
နောက်ဆို နေ့ဖို့ညစာထားတဲ့မုန့်တွေနဲ့ ဥပဒေအကွက်မှာနေရမယ်
ဒါပဲ
ဟင်


ဟလို


HOME STAY





# သင်္ကြန်ရင်ခုန်သံအစီအစဉ် (အပိုင်း-၁) 'သင်္ကြန်မိုး' ရုပ်ရှင်ဇာတ်ကား စကားဝိုင်းဆွေးနွေးပွဲ

**မှတ်တမ်း - စန္ဒာမင်း (ပြန်/ဆက်)**

**ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကြောင့် မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန်အတွက် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထင်ဟပ်စေသည့် "သင်္ကြန်မိုး" ရုပ်ရှင်ဇာတ်ကား၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသခဲ့ပါသည်။**



"သင်္ကြန်မိုး" ရုပ်ရှင်ဇာတ်ကား၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်စဉ်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အစီအစဉ်မှူးအဖြစ် "သင်္ကြန်မိုး" ဇာတ်ကား ထုတ်လုပ်ခဲ့သည့် ရီမြင့်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးဇော်မြင့်၊ ရိုက်ကွင်းမန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့သူ အကယ်ဒမီ ဒါရိုက်တာစင်ရော်မောင်မောင်၊ သရုပ်ဆောင် အကယ်ဒမီ နေအောင်နှင့် ဇာတ်ဝင်တေးသီချင်းသီဆိုသူ ဦးသန်းမြတ်စိုးတို့၏ ပါဝင်ဆွေးနွေးခဲ့မှုများကို ဖော်ပြလိုက်ရပါသည် -

**ဦးဇော်မြင့်**

အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်တို့ လူလည်းစုံပြီဆိုတော့ သင်္ကြန်မိုးဇာတ်ကားရဲ့ ရှေးဟောင်းနှောင်းဖြစ်လေးတွေ စလိုက်ရအောင်ပေါ့။ အဲဒီတော့ ရိုက်ကူးထုတ်လုပ်ရေးဖြစ်စဉ်အနေနဲ့ ကိုမောင်က အသိဆုံးမို့လို့ ကိုမောင်ပဲ စပြီးတော့ ပြောပေးစေချင်ပါတယ် ခင်ဗျ။

**အကယ်ဒမီ စင်ရော်မောင်မောင်**

အားလုံးမပြောခင် ဒီသင်္ကြန်မိုးရဲ့ ဝိညာဉ်ကို စတင်သွင်းခဲ့တဲ့ ကျွန်တော်တို့ခေါင်းကိုင်ဆရာ ဆရာဦးတင်ဦးကို ကျွန်တော် ဒီကနေပြီးတော့ ဂါရဝပြုပါတယ်။ ကျွန်တော် လွှစ္စလမ်းအခန်းထဲမှာ သင်္ကြန်မိုးရဲ့ ဦးတင်ဦးရဲ့ အိပ်မက်ကို ကျွန်တော်ရယ်၊ ကိုဇော်မြင့်ရယ်၊ မီးပွားရယ် တိုင်ပင်ပါတယ်။ ဦးတင်ဦးဆွဲလာတဲ့ သူစီစဉ်လာတဲ့ စက်ရယ်၊ Chart ရယ်၊ Production ဟာ ကျွန်တော့်ဘဝမှာ လုံးဝတစ်သက်လုံးမမေ့လောက်အောင် ပညာအလွန်ပြည့်စုံတဲ့ Production Chart ပါ။ အဲဒီမှာ သီချင်းတွေကို ဘယ်လိုလုပ်မယ်။ ဆက်တင်တွေ ဘယ်လိုလုပ်မယ်ဆိုတဲ့ သူ့ရဲ့ အိပ်မက်ကို တဖြည်းဖြည်း ထည့်သွင်းတာပါ။ အဲဒီတော့ ကျွန်တော်တို့ သရုပ်ဆောင်အဖြစ် ဦးနေအောင်ကို စရွေးတယ်။ ဒေါ်ခင်သန်းနုကို ရွေးတယ်။ ကိုဇင်ဝိုင်း သူ့ရဲ့ တပည့်အရင်း ခေါက်ခေါက်ကို သူရွေးတယ်။ ကျွန်တော်တို့နဲ့အတူ ၁/၈၄ က မေသန်းနုအဖြစ် ဖြစ်လာမယ့် သန်းသန်းဆင့်ကို သူရွေးပါတယ်။ လေးလေးကိုလည်း ရွေးပါတယ်။ အဲဒီကနေ နောက် မန္တလေးမြို့မှာ အခြေစိုက်ပြီးတော့ လုပ်ဖို့အတွက် သီချင်းတွေဖန်တီးဖို့ ဖြစ်လာပါတယ်။ ဒီသင်္ကြန်မိုးက အဲဒီခေတ်တုန်းက အကုန်ဆုံးပဲ။ ဘယ်လောက်ကုန်ကုန် ဆိုတဲ့ Blank Cheque လက်မှတ်ကို ကိုဇော်မြင့်ရဲ့အမေက ကိုဇော်မြင့်နဲ့ ကျွန်တော်ကို ပေးတယ်။ အဲဒီအချိန်က တစ်ကျပ်ဆိုတာ သိပ်တန်ဖိုးရှိတဲ့ အချိန်မှာ တစ်နေ့ ၅၀၀၀ သုံးပြီး ရက်ပေါင်းကို လချီပြီးတော့ကျော်အောင် ရိုက်ခဲ့ရတာပါ။ ကျွန်တော်တို့ ဒီကားကို တကယ့်ကို စန္ဒရားငြိမ်းမောင်အဖြစ် တစ်နိုင်ငံလုံးရဲ့ အသည်းနှလုံးကို ဆုပ်ကိုင်သွားနိုင်တဲ့ ကိုနေအောင် အဓိကသရုပ်ဆောင်ပေါ့။ ကိုနေအောင်ကပဲ ဒီဟာကို ပြောပြပါဦး။

**အကယ်ဒမီ နေအောင်**

သင်္ကြန်မိုးကတော့ ကျွန်တော်တို့က စရိုက်မယ်ဆိုတည်းက ကိုပါကြီးက ပြောပါတယ်။ ဒီမှာ စာရေးဆရာကြီး မြို့မငြိမ်းပုံစံ ဖြစ်အောင်ဆိုတော့ စာရေးဆရာကြီး မြို့မငြိမ်းကို မမြင်ဖူးလိုက်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က မိသားစုနဲ့ တွေ့ပြီးတော့ အဲဒီဓာတ်ပုံတွေကို ကြည့်ရတယ်။ နီးပါးပေါ့။ လုံးဝမဟုတ်တာတောင် နီးပါးဖြစ်အောင် ကျွန်တော်တို့ ကြိုးစားခဲ့ရတယ်။ ပြီးတော့ ဆရာကြီးရဲ့ နေပုံထိုင်ပုံ၊ ပြောဟန်ဆိုဟန် ဒါလေးတွေ ကျွန်တော်လေ့ကျင့်ရပါတယ်။ စန္ဒရားကတော့ ကျွန်တော် မတီးတတ်ပါဘူး။ ဒါပေမယ့် လက်ကွက်လေး တစ်ကွက်နှစ်ကွက်ကတော့ ကျွန်တော်အပိုင်ကျင့်ပြီးတော့ ကျွန်တော့်လက်ကနေ Pan သွားတဲ့အခါမှာလေ။ ဒါကလည်း ထုတ်လုပ်သူများလည်း စိတ်ကြိုက်ဖြစ်အောင် ကျွန်တော်တို့လည်း ကြိုးစားရမှာပေါ့။ အဲဒါလေး ရိုက်ခဲ့တယ်။ အခက်အခဲဖြစ်တာတစ်ခုကျတော့ ဒီလူအုပ်တွေကလည်းများတာကိုး။ အဲဒီအချိန်မှာလည်း ဦးနေအောင်တို့၊ ခင်သန်းနုတို့ အကုန်လုံးချစ်ကြတာပေါ့လေ။ လူတွေကအုံပြီး ခဏခဏ တည်အိမ်ပစ်ရတာ။ Producer မှာ Financier ငွေထုတ်သူမှာ တော်တော်လေး အကုန်အကျ များပါတယ်။ နောက်မှ တောင်းပန်ပြီးတော့ ရိုက်ရတယ်။ နောက်ဆုံးအခန်းက အဆိုးဆုံးပဲ။ ည ၂ နာရီခွဲမှာမှ ရိုက်ရတော့တာ။ ကျွန်တော်တို့ သင်္ကြန်မကျခင်ကတည်းက ကျွန်တော်တို့ သင်္ကြန်မိုးကို ဆင်ပြီးတော့ ရိုက်ပါတယ်။ မြို့တော်ဝန်မဏ္ဍပ်ကြီးကို အစောကြီးကတည်းက သွားပြီးတော့။ သင်္ကြန်တွင်းမှာလည်း အစစ်ရိုက်ပါတယ်။ သင်္ကြန်ပြီးတော့လည်း မဖျက်ပါနဲ့ဦးဆိုပြီး ဆက်ရိုက်နေရတယ်။ အဲဒီကျမှ ဒီကားကြီးက အောင်မြင်စွာနဲ့ ပြီးပါတယ်။ အခက်ဆုံးအခန်းကတော့ အဲဒါပေါ့လေ။ ပြန်ကြည့်ပြီး လူကြားထဲကနေပြီးတော့ အနုပညာသည်ရဲ့ သားဟာ အနုပညာသရုပ်ဆောင်ဘွဲ့ရ ရမယ်ဆိုတဲ့ အဲဒီမျက်နှာပေါ် ရမယ်တဲ့ ဦးတင်ဦးက။ ဟုတ်ပြီဆရာ ဟုတ်ပြီ။ မဟုတ်သေးဘူးတဲ့။ နောက်တစ်ခါ။ တစ်ချိန်တစ်ခါက ခင်ခင်ထားကိုလည်း မင်းမှာ လွမ်းရိပ်လေးတွေ ပါရမယ်။ အများကြီး မဟုတ်ဘူးနော် ပါးပါးပဲ လုပ်ပြန်ရော။ နောက်ဆုံးတစ်ခုကကျတော့ တန်ခူးမည် မှတ်ဖက်ဆွတ်ရေတိုးသင်္ကြန်မိုး ဒါကို ကြည့်ပြီးတော့မှ ကျေနပ်တာ။ ကျွန်တော်တို့ရဲ့ မဟာသင်္ကြန်ရဲ့ အတာသင်္ကြန်ပွဲတော်ကြီးက အောင်မြင်စွာ ပြီးပြီဆိုတာ ထွက်သွားရမှာတဲ့။ လူအုပ်ထဲကနေပြီးတော့။ ကျွန်တော်လုပ်ရတာ တော်တော်လေး ခက်ပါတယ်။ သို့သော်လည်းပဲ အတတ်နိုင်ဆုံး၊ အပီပြင်ဆုံးဖြစ်အောင်တော့ ကြိုးစားခဲ့ပါတယ်ခင်ဗျာ။

**အကယ်ဒမီ စင်ရော်မောင်မောင်**

Music နဲ့ ပတ်သက်လို့က ဆရာမြို့မငြိမ်းရဲ့ ကမ္ဘာတည်သရွေ့ရှိနေတဲ့ ဒီသီချင်းတွေပေါ့နော်။ မြူမှုန်ဝေကင်းတို့၊ သင်္ကြန်နွေဦး တူးပို့တူးပို့အပါအဝင် သီချင်းတွေအားလုံးကို ဆရာကြီးမြို့မ ကိုပေါနဲ့ ပတ်သက်လို့ကော ဆရာအဥ္ဇလီရော အားလုံးပြောပြပေးပါ။

**ဦးဇော်မြင့်**

သီချင်းရွေးတော့ ရွေးပါတယ်။ ကိုဟန်တင်တို့လည်း ပါတယ်။ ကိုဟန်တင်လည်း ရွေးတယ်။ ဆရာပေါလည်း ရွေးတယ်။ ကျွန်တော့်အစ်ကို အဥ္ဇလီမောင်မောင်ပေါ့။ မောင်မောင်မဈွိမလှိုင်း ဆရာကြီးလည်းပါတယ်။ ဝိုင်းရွေးကြတာပေါ့လေ။ ကိုသန်းမြတ်စိုးကတော့ ထဲထဲဝင်ဝင်ပါတယ်။ သီချင်းတွေကလည်း တစ်သက်လုံး ဒီသီချင်းတွေ၊ သင်္ကြန်သီချင်းတွေရဲ့ကြားထဲမှာ နေလာတော့ ကိုသန်းမြတ်စိုးပဲ ဆိုဖို့ဖြစ်လာတာပေါ့။ အဲဒီတော့ သီချင်းဆိုတဲ့ အကြောင်းနဲ့ ပတ်သက်ပြီးတော့ ကိုသန်းမြတ်စိုး ပြောပါဦး။

**တေးသံရှင် သန်းမြတ်စိုး**

သင်္ကြန်သီချင်းဆိုတော့လည်း သင်္ကြန်နှစ်တိုင်းနှစ်တိုင်း မြို့မအသင်းနဲ့ လည်ခဲ့ပါတယ်။ မန္တလေးသားတစ်ယောက် အနေနဲ့ပေါ့။ အဲဒီတော့ မန္တလေးကနေပြီးတော့ ရန်ကုန်ကို ပြောင်းသွားတဲ့အခါမှာလည်း မန္တလေးစင်ရော်တေးသံသွင်းကနေပြီးတော့ နှစ်တိုင်းနှစ်တိုင်း သင်္ကြန်သီချင်းများကို ထုတ်လေ့ရှိပါတယ်။ ကိုဇော်မြင့် ထုတ်တယ်။ ကိုမောင်မောင်လည်း အသိပဲ။ မန္တလေးစင်ရော်တေးသံသွင်းကနေပြီးတော့ ၁၉၈၅ ခုနှစ်မှာ မြူမှုန်ဝေကင်းမဖြစ်သေးဘူး။ အေးတဲ့ရေ သီချင်းကို ထည့်ပြီးဆိုလိုက်ပါတယ်၊ ဆရာပေါရဲ့ စီစဉ်မှုနဲ့။ ဆိုလိုက်ပြီးတော့ သင်္ကြန်သီချင်းကို သင်္ကြန်သီချင်းစီးရီးထဲမှာ ပါပါတယ်။ အဲဒီထဲကနေ ကိုဇော်မြင့် နှစ်ခြိုက်သွားတယ်။ နှစ်ခြိုက်သွားပြီးတော့ ဒီသီချင်းကို သင်္ကြန်မိုး ဇာတ်ကားရဲ့ Title အဖြစ် အဲဒီအချိန်တုန်းက ဒါလေးသုံးချင်တယ် ဆိုပြီးတော့ ကိုတင်ဦးနဲ့ တိုင်ပင်ပြီးတော့ ဒီသီချင်းကို ရွေးချယ်ခဲ့ပါတယ်။ Arrangement လည်း မတူဘူး။ ဘာလို့လဲဆိုရင် အရင်တုန်းက Key F နဲ့ ဆိုခဲ့ရပါတယ်။ မြို့မအသင်းနဲ့ အဲဒီမှာ မန္တလေးက Musicians နဲ့သွင်းတဲ့အချိန်က ဒီသီချင်းက ကြိုးသီချင်းဖြစ်နေတော့ ဒါ ငါးပေါက်သံနဲ့ ဆိုခဲ့တာပေါ့။ ကိုတင်ဦးကနေပြီးတော့ ကိုသန်းမြတ်စိုးရေ အသံနည်းနည်းမြှင့်ကြည့်ရအောင်ကွာဆိုပြီးတော့ တစ်ခါတည်း သူပြောတာနဲ့ တစ်ခါတည်း F ကနေ G တစ်သံမြင့်သွားတယ်။ G ကနေ တစ်ခါထပ်ပြီး Half Note ထပ်ပြီး တင်လိုက်သေးတယ်။ တင်လိုက်တဲ့ အခါကျတော့ G-Sharp, A-Flat ခေါ်တယ်။ G-Sharp, A-Flat ထိကို တင်ပြီးတော့ တစ်သံခွဲတင်ပြီးတော့ကို ဆိုလိုက်ရပါတယ်။ ဆိုလိုက်တော့လည်း ပိုပြီးတော့ အသံပွင့်လင်းသွားတယ်။ ပို၍ဆိုလို့လည်း ပိုကောင်းတယ်။ နားထောင်ရတာလည်း အရသာအလွန်ရှိသွားတယ်။ ကျွန်တော်နဲ့လည်း Key အလွန်ကိုက်သွားတဲ့အတွက် ဒီသီချင်းက အလွန်ကို အောင်မြင်ရပါတယ်။ ဒီသီချင်းနဲ့ပတ်သက်ပြီးတော့လည်း ခဏခဏ တီဗွီရိုက်ရတယ်။ ဟိုက တောင်းဆို၊ ဒီက တောင်းဆိုနဲ့ နှစ်ပေါင်းများစွာ ခုအချိန်ထိအောင် ဒီသီချင်းက အောင်မြင်ကျော်ကြားတဲ့ သီချင်းပါပဲ။ ဒီသီချင်းရဲ့ မူလအရင်းအမြစ်ကတော့ စံရာတောင်ကျွန်းသီချင်းပါ။ စံရာတောင်ကျွန်းလို့အမည်ရတဲ့ ကြိုး ၁၃ ပုဒ်ထဲက မြန်မာ့ မဟာဂီတထဲက သီချင်းကို အခြေခံပြီးတော့ မြို့မငြိမ်းနဲ့ Contemporary ပေါ့။ သူတို့ခေတ်က ဆရာလေးလေးရင်ပေါ့။ သူကနေပြီးတော့ ဒါကို ရေးသားခဲ့ပါတယ်။ စာသားလေးတွေ၊ သင်္ကြန်စာသားတွေ ပြောင်းလိုက်တာပေါ့။ ဒါပေမယ့် ကျွန်တော်က ဆိုတဲ့အချိန်မှာကျတော့ သီချင်းကြီးပုံစံနဲ့ ကျွန်တော် မဆိုပါဘူး။ ကျွန်တော့်ရဲ့ မူပုံစံလေးနဲ့ ဒီသီချင်းလေးကို ကျွန်တော်က နည်းနည်းလေး ပြုပြင်ပြီး တော့ ကျွန်တော် ဆိုလိုက်တဲ့အခါမှာ ဒီသီချင်းက ပို၍ ပို၍ ပိုပြီးခန့်သွားတာပေါ့။

**အကယ်ဒမီ နေအောင်**

နားသောတဆင်ရတာလေ အေးပြီးငြိမ်နေတာပဲ။

**တေးသံရှင် သန်းမြတ်စိုး**

ကျွန်တော် တချို့နေရာတွေမှာ နည်းနည်းလေး ပြောင်းဆိုပါတယ်။ စံရာတောင်ကျွန်းနဲ့ မတူအောင်ပေါ့။

**အကယ်ဒမီ စင်ရော်မောင်မောင်**

အဓိကကတော့ ဇာတ်သိမ်းသီချင်း၊ အဥ္ဇလီမောင်မောင်ရဲ့ သင်္ကြန်မိုးသီချင်းပေါ့။ နိုင်ငံတော်သီချင်းဆန်ဆန်ထိ ဖြစ်သွားတာပေါ့။ ဒါလည်း ဒီသင်္ကြန်မိုး ဇာတ်ကားမှာ ကိုမောင်မောင်ဟာ ကိုနေအောင်ရဲ့ အကောင်းဆုံးသရုပ်ဆောင်သွားတဲ့ အခန်းမှာ ဇာတ်သိမ်းမှာ မေသန်းနုက ကနေတယ်။ ဇင်ဝိုင်းက တီးနေတယ်။ ခင်သန်းနုက ကြည့်လိုက်တဲ့အကြည့်၊ ကိုနေအောင်က ကျေနပ်သွားတဲ့အကြည့်။ အဲဒီတုန်းက ကိုဇော်မြင့်က မန္တလေးဗုံတွေ၊ မန္တလေးက ပစ္စည်းတွေအကုန် ရန်ကုန်သယ်လာတယ်။ ပြီးတော့ တီးတဲ့ ဦးလေး ဦးထွန်းရင်တို့ကိုပါ ခေါ်ပြီးတော့ ရထားတွဲနဲ့ လာပြီး လင်းစတူဒီယိုမှာ သွင်းတယ်။

**ဦးဇော်မြင့် (ရီမြင့်ရုပ်ရှင်ထုတ်လုပ်ရေး)**

ဒိုးသံက မန္တလေးဒိုးသံနဲ့ မန္တလေးမှာ ကျက်တဲ့သားရေနဲ့က အထူနဲ့အပါးနဲ့ ရှိတယ်လို့ ပြောတယ်။ ကျွန်တော်တို့က ကျန်တာကတော့ တူတူပဲ။ ရန်ကုန်ကတောင် ပိုကောင်းမယ်။ ဗုံနဲ့ ဘာနဲ့ ဌာန်ကရိုဏ်းကျတာကတော့ မန္တလေးက တီးတာပဲ၊ သင်္ကြန်သံကို မန္တလေးသံပိုထွက်တယ်။

**အကယ်ဒမီ စင်ရော်မောင်မောင်**

ကျွန်တော်အကြိုက်ဆုံးက ဆရာမြို့မ ကိုပေါရယ်၊ ကိုဇော်မျိုးထွဋ်ရယ်၊ အဥ္ဇလီမောင်မောင်ရယ် ဒီဇာတ်ကားနဲ့ပတ်သက်လို့ Music တွေကို သုံးယောက်ထိုင်ပြီးတော့ လင်းစတူဒီယိုမှာ Management တွေ၊ Arrangement တွေ ထုတ်တာလေ။ အဲဒီမှာ Creative လုပ်တာ တစ်သက်လုံး မေ့လို့မရလောက်အောင် တကယ်ထူးချွန်ပြောင်မြောက်တဲ့ဟာတွေကို ထုတ်သွားနိုင်ခဲ့တာ။ သင်္ကြန်မိုးရဲ့ Production ပေါ့။ ဒီခေတ် အနေအထားနဲ့တွက်ရင် သိန်းလေးသောင်းလောက် ကုန်မယ်။ သင်္ကြန်မိုးရိုက်တဲ့ ငွေရဲ့တန်ဖိုးက သုံးသွားတာ။ နောက်တစ်ခုက လူအုပ်တွေကို မြို့နယ် မြို့နယ်တွေမှာသွားပြီး ကျွန်တော်တို့က ဆင်းပြီးတော့ ၁၉၅၆၊ ၁၉၅၇ အဝတ်အစားတွေ ဆင်ရတယ်။ နောက် သူတို့ကို ကျွန်တော်တို့ ဇလုံကြီးတွေနဲ့ လက်ဖက်သုပ်တွေ ကျွေးပြီးတော့ အကတွေ တိုက်ရတယ်။ ယာဉ်တွေနဲ့ သူတို့ကို စုရပ်ခေါ်ရတယ်။ နောက်တစ်ခါ ရှေးခေတ်အဝတ်အစားတွေကို ကိုဇော်မြင့်အဘိုး၊ ဒါးတန်း ဦးသန့်ရိုက်ခဲ့တဲ့ မန္တလေးရုပ်ရှင်ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေကို ယူပြီးတော့ ပြန်ချုပ်ရတယ်။ အဆိုးဆုံးက ဒီမင်္ဂလာဆောင်တဲ့အခန်း။ ထားမင်္ဂလာဆောင်တဲ့အခန်းကို ကျွန်တော်တို့ ပထမတစ်နေရာမှာ ရိုက်တယ်။ ဝါးတန်းနားမှာ ရိုက်တယ်။ လူအုပ်မနိုင်ဘူး။ ပြုဆင်းသွားတယ်။ သုံးတဲ့ရတနာတွေကလည်း ဒီမန္တလေးမြို့ရဲ့ အဖိုးထိုက်တဲ့အစစ်တွေကို တပ်ပြီး ရိုက်တယ်။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

နောက်တစ်ခါ ဒီမန္တလေးဂေါပက ကလည်း အများကြီးကူညီလို့ ဒီသင်္ကြန်ရဲ့အဖွင့်လေ။ အဓိကက ဆရာဦးတင်ဦးပဲ။ ဆရာတင်ဦးက လိုချင်တာကို တစ်ချက်ကလေးမှ မလျှော့ခဲ့ဘူး။ ရဲရဲတောက် ပရိဂျူဆာနဲ့ ပေါင်းပြီးတော့ ကျွန်တော်တို့က ပညာသင်တွေ။ ကျွန်တော်တို့၊ မီးပွားတို့၊ အောင်မင်းသိန်းတို့ ဒါရိုက်တာအငယ်လေးတွေပေါ့။ အဲဒီမှာ ပညာသင်တွေပေါ့။ ရဲရဲတောက်လုပ်ခဲ့တဲ့ ဇာတ်ကား။ သီချင်းကလည်း လမိုင်းကပ်တယ်။ Production ကလည်း အတော်ကောင်းတယ်။ ကင်မရာ ချစ်မင်းလူကလည်း သူရိုက်ဖူးခဲ့တဲ့ဇာတ်ကားတွေထဲမှာ အကောင်းဆုံးပဲ။ သူလည်း လေးဆုလား၊ ငါးဆုလား မသိဘူးရတယ်။ ခက်ခက်ခဲခဲ ရိုက်တာ။ ကျွန်တော်တို့ ပြမယ့် Making ထဲမှာ ပါတယ်။ ခြေချင်းတွေနဲ့ ရိုက်တဲ့အခန်းကို မန္တလေးလူအုပ်တွေ ဘယ်လိုလုပ်တယ်ဆိုတဲ့ အရုပ်တွေလည်း ပါတယ်။ ကျွန်တော်သည် ဘာလို့ Production ကို နိုင်နိုင်နင်းနင်း ဖြစ်ခဲ့လဲဆိုတာ ဆရာဦးတင်ဦးက တစ်ကားတည်းနဲ့ ကျွန်တော့်ကို ပညာပေးခဲ့တာ။ ဒါကို ကျွန်တော် ပြောချင်တာလေ။

နောက် ဇင်ဝိုင်းပေါ့။ ဇင်ဝိုင်းဆိုရင်လည်း လိုချင်တဲ့ Acting ဖြစ်အောင် ဇင်ဝိုင်းကို စိတ်ဆိုးအောင် တစ်နေကုန်ထားထားတာ။ သူလိုချင်တဲ့ Acting ရမှ သူရိုက်ထည့်လိုက်တာ။ နောက် မေသန်းနုပေါ့။ မေသန်းနုကို ၁/၈၄ က ခေါ်လာပြီး မေသန်းနု အခုအကယ်ဒမီ ငါးဆု ရသွားအောင်အထိ သူမွေးထုတ်ပေးခဲ့တာ။ သူ့တပည့်တွေ အများကြီးပေါ့နော်။ နေအောင်၊ မို့မို့မြင့်အောင်၊ ဇင်ဝိုင်း အစရှိတဲ့သူတွေ အများကြီးပါပဲ။ မေသဇ္ဈာဦးပေါ့နော်။ နောက်တစ်ခါ ကိုဟန်တင်၊ အဲဒီတုန်းက ဝိုင်းကြတာလေ။ မန္တလေးတစ်မြို့လုံးဆင်းလာပြီး ဝိုင်းတာ။ မန္တလေးက ဒီကားရိုက်ဖို့အတွက် ဘာလုပ်ပေးရလုပ်ပေးရ အားပေးတာ။ မြို့မအသင်းတွေကတော့ ရက်ပေါင်းများစွာနော် ကိုသန်းမြတ်စိုး။ ခေါက်တုံ့ခေါက်ပြန် ရိုက်ရတာ။ မကြိုက်မချင်း ဦးတင်ဦးက။ ဖလင်တွေသုံးတယ်ဆိုတာ အဲဒီခေတ်တုန်းက ပုံမှန်နှစ်သောင်းကျော် သုံးတဲ့အချိန်မှာ ဦးတင်ဦးက နဂ္ဂတစ်ပေတစ်သိန်းကျော် သုံးတာ။ ကျွန်တော်က ဖလင်တွေ လိုက်ဝယ်ရတာလေ။ ဟိုတိုက်ကိုသွား ဖလင်လေးရောင်းပါဦး။ စုပြီးတော့ကို သုံးတာ။ ဒီနဂ္ဂတစ်တွေကို မြင့်တင်ရေးက ကောင်းကောင်းမွန်မွန် ဆေးသွားနိုင်တာလည်း တကယ့်သမိုင်းပဲ။ ဒါလေ ရုပ်ရှင်မြင့်တင်ရေးရဲ့ အခန်းကဏ္ဍကိုလည်း အကောင်းဆုံးကိုမြသန်းတို့ ဒီလိုမျက်စိနဲ့ကြည့်ပြီးတော့ အရောင်ကို Colors Grading လုပ်သွားတာပေါ့နော်။ ဒါတွေကို ကျွန်တော့်ဘဝမှာ။ နောက် Edit ကတော့ ဆရာကိုမြင့်ခိုင်ပေါ့။ အလွန်ပြောင်မြောက်ပါတယ်။အကယ်ဒမီကို ပထမဆုံးဆုရတာလေ။

Music ဆုသာ ပေးခဲ့မယ်ဆိုရင် အဲဒီခေတ်က သင်္ကြန်မိုးက Music ဆုနဲ့ ထိုက်တန်တယ်။ ဒါရိုက်တာဆုလည်းရတယ်။ ကျွန်တော် ဇာတ်ကားဆုရတယ်။ ကင်မရာဆုလည်းရတယ်။ ဒါပေမယ့် ကျွန်တော်အကြိုက်ဆုံးပြောရရင် ကိုနေအောင်နဲ့ ဒေါ်ခင်သန်းနုကို အဲဒီကားမှာ ကျွန်တော် ပေးချင်တာ။ ဒါ ကျွန်တော့်ဘာသာ ကျွန်တော် လူငယ်တစ်ယောက်အနေနဲ့ပေါ့နော်။ ဒါလေးကို ပြောတာပါ။

ကိုဇော်မြင့်ရဲ့ ကဏ္ဍလေး ပြောချင်ပါတယ်။ သင်္ကြန်မိုးရိုက်တဲ့အချိန်မှာ တစ်မြို့လုံးက ဝိုင်းပြောတာ မင်းရှုံးတော့မယ်။ ကျွန်တော်က မနက်မိုးလင်းရင် ငွေထုပ်သွားယူရတယ်။ကိုဇော်မြင့်အမေက ထုတ်ပေးတယ်။ ဒီနေ့ရှုတင်။ ရက်က တစ်ရက်နှစ်ရက် မဟုတ်တော့ဘူး။ တစ်ပတ်နှစ်ပတ် မဟုတ်တော့ဘူး။ တစ်လခွဲ လောက်ရှိသွားပြီ။ သောက်သောက်လဲ ကုန်နေပြီ။ ငွေထုပ်ကိုင်ပြီး ကျွန်တော် သုံးခဲ့ရတာ။ ဒါပေမယ့် အံ့သြဖို့ ကောင်းတယ်။ ဒီ Trader အစ ပပဝင်းရုပ်ရှင်ရုံကြီးမှာ အထူးပွဲပြတဲ့အချိန်မှာ မှတ်မှတ်ရရ မင်းသားကြီး ဦးကျော်ဟိန်း၊ နောက် ဆရာမင်းသားကြီး ဦးထွန်းဝေ လာကြည့်တယ်။ ပွဲပြီးတော့ ဦးထွန်းဝေက လက်ခုပ်ကို ဒီလိုတီးတာ။ ဦးကျော်ဟိန်းက ကျွန်တော် ကြည့်ဖူးတဲ့ကားထဲမှာ ဒီကားက အပြောင်မြောက်ဆုံး အကောင်းဆုံးပဲလို့ ပြောသွားတယ်။ အဲဒီထဲက ကျွန်တော်တို့ စိတ်အေးသွားပြီ။ ရုံလည်း တင်ရောဗျာ ဘယ်လိုမှ မနိုင်တော့ဘူး။

**ဦးဇော်မြင့်**

တချို့က ဇာတ်သိမ်းကို မပြခင်မှာ ကြည့်တဲ့အချိန် မှာ ဒီဇာတ်သိမ်းကြီးက ဒီဇာတ်သိမ်းကြောင့် ပိုက်ဆံမရဘူးဖြစ်သွားမှာလို့ အဲဒီလိုပြောတာ။ ကျွန်တော်ပြောတာ ပိုက်ဆံရတာမရတာ ခင်ဗျားတို့ကိစ္စ မဟုတ်ဘူး။ Producer ကိစ္စ။ အနုပညာသမားတစ်ယောက်ရဲ့ သစ္စာတရားက အနုပညာအပေါ်မှာပဲရှိတယ်။ သူ့အနုပညာနဲ့ လူတွေကို ဖျော်ဖြေနေပြီဆိုရင် ခင်ခင်ထားတွေရော၊ ဘာတွေရော ညာတွေရောဆိုတာ သူက တဒင်္ဂမေ့လို့ ရတယ်။ အဲဒီလို သိမ်းချင်တာဆိုတော့ ဒီဇာတ်သိမ်းလေးနဲ့ အတော်ပဲ။ ဒါကို Happy Ending လုပ်ချင်ကြတယ်။ ကျွန်တော် လက်မခံဘူး။ ဒီလိုပဲသိမ်းတာ။

**အကယ်ဒမီ စင်ရော်မောင်မောင်**

စီးရီးအတွက် ကျွန်တော်တို့ စင်ရော်တေးသံသွင်းကနေ ကျွန်တော်တို့ရိုက်တာ ဘလောက်တုံးနဲ့လေ။ ဒီဘလောက်တုံးကြီးက ကာဗာတစ်သိန်း ကုန်သွားတာတောင် ဘလောက်တုံးကြီး ပြတ်သွားလို့ အသစ်ပြန်လုပ်ရတဲ့အထိ သင်္ကြန်မိုးသီချင်းတွေအောင်မြင်ခဲ့တာ။ ဒါလေးက အမှတ်တရပါ။ နှစ်ကိုယ်တူချစ်သမျှ၊ နောက် ဆရာငြိမ်းရဲ့သီချင်းတွေကို Non Stop ဦးလေးပေါ်နဲ့ ကိုဇော်မျိုးထွဋ်နဲ့ လုပ်သွားတဲ့ Non Stop သီချင်းတွေ။ နောက်ဇာတ်သိမ်းကတော့ ပြောစရာမလိုဘူး သင်္ကြန်ရောက်ရင် ဒီသီချင်းကြားရင်ကို မနေနိုင်ဘူး။ အခုလည်း ကွယ်လွန်သွားတဲ့ ဆရာဦးတင်ဦး၊ ကိုချစ်မင်းလူ၊ နောက် နေမကောင်းလို့ မလာနိုင်တဲ့ ဇင်ဝိုင်း၊ မေသန်းနု အားလုံးကို ဒီနေရာကနေ သတိရပါတယ်။



သင်္ကြန်မိုး ဇာတ်ဝင်ခန်းတစ်ခန်း

**ဦးဇော်မြင့်**

ဟိုတစ်နေ့ကပဲ ရုပ်ရှင်ဗီဒီယိုဇာတ်ကားတစ်ကား ဆက်ထားတဲ့အထဲမှာ ကျွန်တော် သွားကြည့်ပြီးတော့ Making ပေါ့နော်။ Making ကို သင်္ကြန်မိုး သီချင်းထဲမှာပါတဲ့ သီချင်းသုံးပုဒ်၊ Melody သုံးပုဒ်နဲ့ ပထမတော့ ကတာတွေ ပြပြီးတဲ့အခါမှာ Making ဆိုတာ အမှတ်တရပဲဆိုပြီး အဲဒီ Making အခွေကို ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ တော်တော် လွမ်းစရာကောင်းတယ်။ အဲဒီမှာ ဦးတင်ဦး တက်ကြွပြီး ရိုက်ခဲ့တာတွေ၊ ကိုအေးသိန်းက ပဝါကြီး စလွယ်သိုင်းပြီးရိုက်ခဲ့တာတွေ ပြီးရင်အရုပ်တွေ ကျွန်တော် ပြပါ့မယ်။ ခြေကျင်းနဲ့ လိုက်ရိုက်တာတွေ။ အခုတော့ နာမည်ကြီးနေတဲ့ မီးပွားပေါ့ဗျာ။ ဦးခင်ဇော်ပေါ့။ နာမည်ကြီးနေတဲ့ ဦးစင်ရော်မောင်မောင်ပေါ့။ မောင်မောင်လေးအောင် ပေါ့။ ဘာလုပ်ရတုန်းဆိုတော့ ဘုရားကြီးမှာ လာကြည့်တဲ့ လူအုပ်ကြီးကို လူအုပ်ထိန်းရတာ မနိုင်ဘူးဖြစ်နေတယ်။ အဲဒီ ဒါလေးက တော်တော်လေး အမှတ်တရဖြစ်ပါတယ်။ မန္တလေးသင်္ကြန်မှာ စထွက်ပြီဆိုရင် မြို့မအသင်းက ဘုရားကြီးကို ဦးခိုက်ပြီးမှ ကြိုက်တဲ့နေရာကို သွားရတာ။ အဲဒီအစဉ်အလာလေးကို ကျွန်တော် ရိုက်ထားလိုက်တာပါ။ အဲဒီပွဲမှာ တော်တော်လေးထိန်းရခက်ပါတယ်။

**အကယ်ဒမီ စင်ရော်မောင်မောင်**

ဦးတင်ဦးက သင်္ကြန်ကားကြီးနှစ်ခုကို ဆက်တင်လုပ်တာလေ၊ တကယ့်ရှေးခေတ် ဓာတ်ပုံဆရာဦးလေးသန်းရဲ့ ဓာတ်ပုံတွေကို ဦးသန်းရဲ့ ဓာတ်ပုံတွေကို ယူပြီးလုပ်တာ။ နောက်တစ်ခါ ဒီကိုနေအောင်နဲ့ ခင်သန်းနုနဲ့တွေ့မယ့်၊ ဇင်ဝိုင်းနဲ့ ပြောမယ့်ဆက်တင်ကို အိမ်တစ်လုံးလုံးကို ဆောက်ပစ်လိုက်တာ။ ဆောက်ပြီး ကင်မရာတွေကို ဟောလိဝုဒ်မှာ ရိုက်တဲ့အတိုင်း ဘယ်ကယူရင် ဘယ်လိုဆိုတာကို တကယ့်စတူဒီယိုထဲမှာ ဆောက်ခဲ့ပါတယ်။ မန္တလေးမှာမပြီးလို့ ရန်ကုန်မှာ စိန်မောင်ခြံထိ ယူလာပြီးတော့ အဲဒီဆက်တင်အတိုင်း ဆောက်ရတာ။ ကျွန်တော်ဆိုရင် ကျုံးထဲကို ခုန်ချချင်လောက်အောင်ကို နှိပ်စက်ခဲ့တာ။

**အကယ်ဒမီ နေအောင်**

အဲဒီမှာ ကျွန်တော် ပြောချင်သေးတယ်။ ရိုက်နေတုန်း ရေစိုကြီးနဲ့ ညနေ ၅ နာရီဖြစ်နေပြီ ကိုတာက ခဏလေးကွာဆိုပြီး သွားတာ။ ရေစိုကြီးနဲ့ စောင့်နေတာ။ ပြန်မလာဘူး သုံးရက်ကြာတယ်။ ပြင်ဦးလွင်တက်သွားတာ။

**တေးသံရှင်သန်းမြတ်စိုး**

အဲဒါ ဇော်ဝမ်းအစစ်ပဲ။

**ဦးဇော်မြင့်**

ကျွန်တော်တို့ နိဂုံးလေး နည်းနည်းချုပ်လိုက်ရအောင်ပါ။ သင်္ကြန်မိုးက ဘယ်လိုပြောမလဲ။Good Teamwork ပေါ့နော်။ Combination လည်း ညီတယ်။ Teamwork လည်း ကောင်းလို့ပေါ့။ ကျွန်တော်လည်း တစ်ခါတလေ ပြန်ကြည့်မိရင်တော့ တော်တော်တော့ လွမ်းစရာကောင်းသားဗျ။ သြော် လောကကြီး ဒီတစ်ကားနဲ့ ငါလည်း အနိုင်ပိုင်းနေတာ ဆက်လည်း မရိုက်နိုင်တော့ဘူး။

**အကယ်ဒမီ စင်ရော်မောင်မောင်**

ကျွန်တော်တို့ မရှိတော့ပေမယ့်လည်း သင်္ကြန်မိုးကြီးက ရှိနေဦးမှာပဲ။ တစ်ချိန်ကျရင် ကျွန်တော်တို့လည်း လောကကြီးကို စွန့်ခွာရမှာပဲ။ သင်္ကြန်မိုးက ရှိနေဦးမှာ။ ဒါလေးနဲ့ နိဂုံးချုပ်ချင်တယ်။ သင်္ကြန်မိုးကို ဖန်တီးခဲ့တဲ့သူတွေပေါ့နော်။ ကျေးဇူးတင်ပါတယ်။

**ဦးဇော်မြင့်**

အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ ။

# မကွေးတိုင်းဒေသကြီး ရခိုင်ရိုးမနယ်စပ်တောအတွင်းက မျောက်လွှဲကျော်(မျက်ခုံးဖြူ)များဘဝ ပိုမိုလုံခြုံမှုရှိလာ

**မကွေး ဧပြီ ၁၁**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မန်းကြိုးဝိုင်းဒေသ ရခိုင်ရိုးမ နယ်စပ်တောအတွင်း၌ ၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရှစ်နှစ်တာကာလအတွင်း နှစ်စဉ်သဘာဝတောထာဝစဉ်တည်တံ့ရေးလုပ်ငန်းများကို အဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ လက်ရှိကာလတွင် သစ်ပင်သစ်တော ပြန်လည်ကောင်းမွန်လာမှုကြောင့် ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသောမျိုးစိတ်အဖြစ် သတ်မှတ်ထားသည့် မျောက်လွှဲကျော် (မျက်ခုံးဖြူ) Whitebrowed Gibbon (Hylobates Hoolock) များ၏ဘဝ ပိုမိုလုံခြုံမှုရှိလာကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အဖွဲ့(မြန်မာ)မှ သိရသည်။

မျောက်လွှဲကျော် (မျက်ခုံးဖြူ) များမှာ သဘာဝတောများအတွင်း နေထိုင်ကျက်စား ကြသည်ဖြစ်ရာ စီးပွားဖြစ်သစ်များ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ အိမ်မွေးတိရစ္ဆာန်အဖြစ် တရားမဝင်မွေးမြူခြင်း၊ အလွန်အကျွံအမဲလိုက်ခြင်းနှင့် တောမီးရှို့မှု ခံရခြင်းတို့ကြောင့် မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် မျိုးစိတ်အဖြစ် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (မြန်မာ)မှ ကချင်ပြည်နယ်စီမံကိန်း မန်နေဂျာ ဦးငွေလွင်က "ကျွန်တော်တို့အနေနဲ့ မျောက်လွှဲကျော် (မျက်ခုံးဖြူ) မျိုးစိတ်ကို အဓိကထားပြီး ထိန်းသိမ်းရေးလုပ်ငန်းတွေ ရွေးလုပ်တာ နေရာနှစ်နေရာရှိပါတယ်။ ဒီ မကွေးတိုင်းဒေသကြီး မန်းကြိုးဝိုင်းဒေသ ရခိုင်ရိုးမနယ်စပ် တောထဲမှာ တစ်ခုလုပ်တယ်။ နောက်ပြီး အင်းတော်ကြီး ဇီဝအဝန်းနယ်မြေမှာ တစ်ခု လုပ်တာရှိတယ်။ ဒီမန်းကြိုးဝိုင်း ရခိုင်ရိုးမနယ်စပ်တောထဲမှာ ထိန်းသိမ်းရေးလုပ်ငန်းကို ၂၀၁၂ ခုနှစ်ကတည်းက နှစ်ရှည်စီမံကိန်းအနေနဲ့ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် မကုန်ခင်လောက်က ဒီတောထဲမှာ အကျယ်အဝန်းဧက သုံးသောင်း ကျော်လောက်ကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဖို့ အဆိုပြုထားတာတွေတောင် ဖြစ်လာပြီ"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် မျောက်လွှဲကျော် (မျက်ခုံးဖြူ)များသည် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့ရှိ အမြဲစိမ်းတောနှင့် ရွက်ပြတ်ရောနှောတောများတွင် နေထိုင်ကျက်စားလျက်ရှိကြောင်း လေ့လာသိရှိရသည်။

"ကျွန်တော်တို့က ဒီမျောက်လွှဲကျော် (မျက်ခုံးဖြူ)ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေကို အဲဒီမှာရှိတဲ့ ဒေသခံတွေနဲ့ အတူတူပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံတွေကိုယ်တိုင်ကလည်း စိတ်ပါဝင်စားစွာနဲ့ အမှန်တကယ်ကို ထိန်းသိမ်းရေးတွေမှာ ပါဝင်လုပ်ကိုင်လာကြတယ်။ အခုဆိုရင် တောင်ယာကနေ အမြဲတမ်းစိုက်ခင်းမျိုးတွေ ပြောင်းလဲလုပ်ကိုင်လာကြတဲ့အတွက် သစ်တောတွေ ပြန်ကောင်းလာတယ်။ ဆုတ်ယုတ်မှုမရှိဘူး၊ နည်းနည်းတန့်သွားတယ်။ သစ်တောပျက်စီးမှုလျော့နည်းလာတယ်ပေါ့။ အဲဒီလို အနေအထားတွေဖြစ်လာတဲ့ အခါကျတော့ မျောက်လွှဲကျော် (မျက်ခုံးဖြူ) တွေရဲ့ ဘဝရှင်သန်ရပ်တည်မှုက ပိုမိုလုံခြုံမှုရှိလာတာပေါ့" ဟု ၎င်းက ဆက်လက်ပြောခဲ့သည်။

အဆိုပါမျောက်လွှဲကျော်(မျက်ခုံးဖြူ) မျိုးစိတ်များ အသက်ရှင်ရပ်တည်နိုင်ရေးနှင့် ၎င်းတို့၏ နေရင်းဒေသ သဘာဝတောများ ထိခိုက်စေသော အခြေအနေ မဖြစ်ပေါ်စေရန်အတွက် သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ဝန်ထမ်းများက လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိသလို အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (မြန်မာ)မှ ဝန်ထမ်းများ၊ ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ထိန်းသိမ်းရေးကို စိတ်ဝင်တစားရှိကြသည့် ကျေးရွာအသီးသီးမှ ဒေသခံထိန်းသိမ်းရေး အဖွဲ့များ၊ ဒေသရှိ ရိုးမလူငယ်အလင်းတန်းအဖွဲ့သားများကလည်း ဝိုင်းဝန်းပူးပေါင်း၍ မန်းကြိုးဝိုင်းဒေသအတွင်း၌ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မျောက်လွှဲကျော်(မျက်ခုံးဖြူ)များကို အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (IUCN) က မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသောမျိုးစိတ်အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ လုံးဝကာကွယ်စောင့်ရှောက် ထားသည့် တောရိုင်းတိရစ္ဆာန်စာရင်းတွင် ပါဝင်ထားကြောင်း သိရသည်။

**သိန်းညွန့်**

**ဓာတ်ပုံ-FFI**

# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာအခမဲ့ ပြသလျက်ရှိ

နေပြည်တော် ဧပြီ ၁၁

ABC Content Solution Co.,Ltd (Mahar Mobile Application) မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာအခမဲ့ ပြသလျက်ရှိသည်။

ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများနေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ် မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာအခမဲ့ ပြသနေသည်။ အဆိုပါ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကို ဧပြီ ၃၀ ရက် အထိ တစ်လတာကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လျှာဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App – Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ကြည့်ရှုနိုင်သည်။ ပြသလျက်ရှိသည့် ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ –



ဒိုး
မြင့်မြတ်၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်နန္ဒာ၊ ဇူဇူးမောင်



ဆွဲစားမယ်
မြင့်မြတ်၊ ရန်အောင်၊ မယ်လိုဒီ



ညှို့သောပင်လယ်နှင့် ဆွဲငင်သောလမင်း
ဒွေး၊ ထွန်းအိန္ဒြာဗို



နေခြည်ဖြာမှ နွေးသော်ကြောင့်
အောင်လွင်၊ နွဲ့နွဲ့မူ



ရင်တွင်းစကား
ဒွေး၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်



အိပ်မက်နတ်သမီး
ဒွေး၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်



ကျွန်မကမ္ဘာပြိုသောအခါ
ပြေတီဦး၊ ကျော်ကျော်၊ ရတနာဗိုလ်



ပါဏာတိပါတာ
လူမင်း၊ကျော်ကျော်၊ ခိုင်သင်းကြည်၊ ယွန်းယွန်း



လှလေးစိန်ရဲ့လှလေးစိန်
မြင့်မြတ်၊ ရွှေသမီး



သရီး (အင်) ဝမ်း (3 in 1)
ကောင်းပြည့်၊ နေထူးနိုင်၊ သန္တာဗိုလ်



တံခါးလေးစေ့ထားရုံ
အောင်ရဲလင်း၊ ပတ်ထရစ်ရှာ



ငါ့အနားမင်းနေပါ
မြင့်မြတ်၊ မင်းဦး၊ ခင်ဝင့်ဝါ



ရိုက်ကွင်းမှတ်တမ်း
မြင့်မြတ်၊ ခင်လှိုင်၊ ရွှေသမီး



အဆိပ်သင့်လိပ်ပြာ(ဗီတီ)
အောင်ရဲလင်း၊ ရွှေမှုံရတီ



မချစ်တတ်ရင် သင်ပေးမယ်
ဟိန်းဝေယံ၊ ဝတ်မှုံရွှေရည်၊ ယွန်းရွှေရည်

# ကိုဗစ် - ၁၉ ရောဂါနှင့် နှလုံးသတိပြု

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**ကိုဗစ်-၁၉ ပိုးဟာ အသက်ရှူလမ်းကြောင်းကို အဓိကတိုက်ခိုက်တာဖြစ်ကြောင်း သိရှိကြပြီးဖြစ်ပါတယ်။ နှလုံးရောဂါဆေးပညာရှင်များက ဒီဗိုင်းရပ်စ်များဟာ နှလုံးကိုလည်း ထိခိုက်စေနိုင်တယ်လို့ ယုံကြည်ကြကြောင်း သိရပါတယ်။**


ယူကေနိုင်ငံမှာ လူပေါင်းနှစ်သောင်းဟာ ကိုဗစ် -၁၉ ရောဂါကူးစက်ခံနေရကြောင်း အတည်ပြုနိုင်ပြီးနောက် ပိုင်းမှာလည်း ဆက်လက်ကူးစက်နိုင်ကြောင်း သတိပေးထားပါတယ်။ ဒါကြောင့် ကာကွယ်ရေးလုပ်ငန်းများကို တိတိကျကျလိုက်နာကြရန် အလွန်အရေးကြီးပါတယ်။ ယူကေနိုင်ငံမှာသာမက ကမ္ဘာ့ကပ်ရောဂါဖြစ်နေတဲ့ အတွက် လူသားအားလုံးက သတိရှိရှိနဲ့ ကျန်းမာရေးဆိုင်ရာပညာရှင်များရဲ့ ညွှန်ကြားမှုများကို လေးစား ယုံကြည်စွာ လိုက်နာကြရန် အရေးကြီးပါတယ်။ ဒီရောဂါပိုးဟာ droplets ခေါ်တဲ့ ရောဂါကူးစက်ခံနေရသူရဲ့ အသက်ရှူလမ်းကြောင်းက ထွက်လာတဲ့ အမှုန်အမွှားကလေးတွေက အဓိကကူးစက်နိုင်တယ်ဆိုသလို airborne ခေါ်တဲ့ လေထုထဲကနေလည်း ကူးစက်နိုင်ကြောင်း သိရပါတယ်။ (စကားပြောရာကနေတောင် ကူးစက်နိုင်တယ်လို့လည်း သိရပါတယ်)။ ဒါကြောင့် လက်ကို သေချာစွာ ဆေးကြောကြရန်၊ mask ခေါ် နှာခေါင်းစည်းကို သုံးကြရန်၊ လူစုလူဝေးကို ရှောင်ကြရန်၊ social distancing ဆိုတဲ့ တစ်ယောက်နဲ့တစ်ယောက် အနည်းဆုံး သုံးပေအကွာမှာနေကြရန်၊ အိမ်ထဲမှာသာနေကြရန် စတဲ့အချက်တွေကို လိုက်နာကြရင် ထပ်မံကူးစက်ပျံ့နှံ့နိုင်ခွင့်များကို ကောင်းစွာဖြတ်တောက်နိုင်မှာဖြစ်ပါတယ်။

**ကိုဗစ်က နှလုံးကိုလည်းထိခိုက်စေနိုင်**

ဗိုင်းရပ်စ်ပိုးများဟာ အသက်ရှူလမ်းကြောင်းကို သာမက နှလုံးကိုပါ ထိခိုက်စေနိုင်ကြောင်း၊ နှလုံးရောဂါနဲ့ ဆင်တူတဲ့ ရောဂါလက္ခဏာများ ခံစားစေနိုင်ကြောင်း နယူးယောက်မြို့ ဆရာဝန်များက သတိပေးထားပါတယ်။ အမေရိကန်နိုင်ငံ ဘရွတ်ကလင်းဆေးရုံကို နှလုံးခုန်မမှန်တဲ့ လူနာတစ်ယောက် ရောက်လာပါတယ်။ သူ့ရဲ့ သွေးအတွင်း ပရိုတိန်းဓာတ်တစ်မျိုးကလည်း တော်တော်မြင့်တက်နေတာ တွေ့ရပါတယ်။ ဒီပရိုတိန်းဓာတ်ဟာ နှလုံးကြွက်သားများ ထိခိုက်နေမှုကိုပြသတဲ့ အညွှန်းကိန်းတစ်ခုလည်း ဖြစ်ပါတယ်။ သို့သော် သူ့မှာ နှလုံးရောဂါနဲ့ ပတ်သက်တဲ့ အထောက်အထား မတွေ့ရှိရပါဘူး။ ကိုဗစ်-၁၉ ကူးစက်ခံနေရတာကိုတော့ တွေ့ရပါတယ်။ ဆေးရုံမှာ ၁၂ ရက်တာ စောင့်ကြည့်ကုသပေးလို့ ကျန်းမာသွားပါတယ်။ သူ့ရဲ့နှလုံးထိခိုက်မှုကတော့ ထူးခြားချက်တစ်ခုအဖြစ် ဆရာဝန်များကို သတင်းပေးထားခဲ့သလို ဖြစ်သွားပါတယ်။ Dr. John Rumsefeld ဒေါက်တာ ရမ်စ်ဖဲလ် (American College of Cardio-logy-Chief Science and Quality အမေရိကန် နှလုံးရောဂါဆိုင်ရာ ကောလိပ်အကြီးအကဲ)က "ကိုဗစ်-၁၉ နဲ့ ပတ်သက်ရင် ကျွန်တော်တို့က အဆုတ်၊ အဆုတ်ဆိုတာကိုပဲ သတိပြုနေကြတယ်။ နှလုံးအပေါ်လည်း သိသာထင်ရှားတဲ့ သက်ရောက်မှုရှိနိုင်တယ်ဆိုတာ စဉ်းစားကြသင့်ပါပြီ"လို့ The New York Times သတင်းစာကြီးကို ပြောပြပါတယ်။ The University of Texas Health Science Centre at Houston ဟူစတန်မြို့ရှိ တက္ကသိုလ်သိပ္ပံဌာနမှ သုတေသီတို့ရဲ့ လေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ တို့သည် နှလုံးကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ နဂိုကနှလုံးရောဂါ အခံမရှိသူများမှာ နှလုံးထိခိုက်ခံရမှုများရှိနိုင်ကြောင်း သိရပါတယ်။ Dr.Mohammad Madjid လေ့လာသူအကြီးအကဲ ဒေါက်တာ မိုဟာမက် မက်ဂျစ် ဆိုသူက အရင်က နှလုံးရောဂါမရှိသူ နှလုံးကောင်းပါတယ်ဆိုတဲ့ သူတွေမှာတောင် ကိုဗစ်-၁၉ ကြောင့် နှလုံးကြွက်သားတွေ ထိခိုက်ပျက်စီးနိုင်တာ တွေ့ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် နှလုံးရောဂါတစ်မျိုးမျိုးရှိပြီးသူတွေဆို ပိုသတိထားရပါမယ်လို့ ဆိုပါတယ်။

**ရောဂါအခံရှိသူများ ပြင်းထန်နိုင်ဖွယ်ရှိနေ**

ကမ္ဘာကျော် မေယိုကလင်းနစ် နှလုံးရောဂါဌာနမှ ဌာနမှူးဒေါက်တာလက်စလီကူးပါးက "နှလုံးရောဂါအခံရှိသူများအနေနဲ့ ကိုဗစ်-၁၉ ကူးစက်တိုက်ခိုက်မှုကို အထူးသတိထားကြရပါမယ်။ သူတို့မှာဖြစ်ရင် သိပ်ပြင်းထန်နိုင်ပါတယ်" လို့ဆိုပါတယ်။ ကိုဗစ်-၁၉ ကြောင့် အသက်ရှူလမ်းကြောင်း ထိခိုက်ပျက်စီးနေပြီဆိုရင် နှလုံးရဲ့စွမ်းဆောင်မှုတွေလည်း ကျဆင်းလာပါတယ်။ Systemic Inflammatory response ခေါ်တဲ့ ကူးစက်ရောဂါကို ခန္ဓာကိုယ်ရဲ့ အင်္ဂါစနစ်အသီးသီးက ခုခံတုံ့ပြန်မှုကြောင့် နှလုံးအပါအဝင် အရေးကြီးကိုယ်တွင်းအင်္ဂါများ၏ ကြံ့ခိုင်မှုများ ကျဆင်းလာတတ်ပါတယ်။



ဒီဖြစ်ရပ်ရဲ့နောက်ဆက်တွဲအဖြစ် နှလုံးထိခိုက်နိုင်တာဖြစ်ပါတယ်။ အချို့ဆို direct viral infection to heart နှလုံးဆီ ဗိုင်းရပ်စ်ပိုးက တိုက်ရိုက်ဝင်ရောက်နိုင်တာလည်း ဖြစ်တတ်ပါတယ်။

"ကိုဗစ်-၁၉ နဲ့ နှလုံးတို့နဲ့ပတ်သက်ပြီး အောက်ပါအချက်နှစ်ချက်ကို သတိပြုစေလိုပါတယ်" လို့လည်း ပြောကြားပါတယ်။

၁။ Heart Failure. နှလုံးပျက်စီးခြင်းရောဂါ။

ဒီရောဂါဟာနှလုံးကြွက်သားများ အားပျော့ပျက်စီးတာဖြစ်ပါတယ်။ နှလုံးကနေသွေးတွေကို အလုံအလောက် ညှစ်ထုတ်မပို့ပေးနိုင်လို့ ခန္ဓာကိုယ်ကို ထိခိုက်ပျက်စီးစေတာဖြစ်ပါတယ်။

၂။ Abnormal Heart Rhythms နှလုံးခုန်မမှန်ခြင်း။

နှလုံးဟာ စည်းချက်ကျကျနာရီ rhythm မှန်မှန်ခုန်နေမှ ဇီဝယန္တရားကလည်း ပုံမှန်လည်ပတ်နေမှာဖြစ်ပါတယ်။ ဒီလိုဖြစ်နေတဲ့ အခြေအနေမျိုးမှာ ကိုဗစ်-၁၉ ကူးစက်ခံရရင် ပိုမိုထိခိုက်စေနိုင်ပါကြောင်း သိရပါတယ်။ ကိုဗစ်-၁၉ ကြောင့် အဆုတ်ပျက်စီးကာ အဆုတ်အတွင်း ဖိအားများလာခြင်း ခန္ဓာကိုယ်ရဲ့ တုံ့ပြန်မှုကြောင့် နှလုံးကြွက်သားရောင်ရမ်းခြင်း ဖြစ်လာနိုင်ပါတယ်။ နှလုံးမကောင်းတဲ့သူများ ကိုဗစ်-၁၉ ကြောင့် ပိုမိုထိခိုက်နိုင်ခြေရှိနိုင်တာကိုတော့ သတိပြုရပါမယ်လို့ ဒေါက်တာကူးပါးက ဆိုပါတယ်။

**သတိပြုထိန်းသိမ်းပါ။ အိမ်မှာနေပါ**

အသက်ကြီးသူများမှာ နှလုံးသွေးကြောဆိုင်ရာ ပြဿနာများ (ဥပမာ-နှလုံးသွေးကြောကျဉ်းခြင်း)သို့မဟုတ် သွေးတိုးရောဂါရှိနေပါက အလားတူ ထိခိုက်နိုင်တာမို့ သတိပြုကြရပါမယ်။ အချို့လူငယ်များမှာလည်း နှလုံးကို ဗိုင်းရပ်စ်ပိုး တိုက်ရိုက်ကူးစက်တိုက်ခိုက်တာ ဖြစ်နိုင်ပါတယ်လို့ သိရပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ နှလုံးရောဂါ ဆက်စပ်နိုင်မှုများကို အရေးတကြီးလေ့လာဖို့ လိုအပ်နေပြီမို့ American Heart Association and National Institutes of Health တို့က ဆောင်ရွက်နေပြီလို့လည်း သိရပါတယ်။

ဒီကိုဗစ်-၁၉ ဟာ ၂၀ ရာစုလူသားများ တစ်ကြိမ်တစ်ခါမှ မကြုံကြဖူးသေးတဲ့ ကပ်ရောဂါတစ်ခု ဖြစ်ပါတယ်။ ခေတ်လူသားများ အရှိန်အဟုန်ပြင်းစွာ လှုပ်ရှားသွားလာနေကြမှုများကို လုံးဝရပ်တန့်လိုက်လို့ ထိခိုက်ဆုံးရှုံးရမှုများစွာကြုံတွေ့ကြရပါတယ်။ လူတစ်ဦးချင်းမှအစ နိုင်ငံအဆင့် အထိ ဆုံးရှုံးရမှုများ ရင်ဆိုင်ကြရပါတယ်။လွတ်လပ်ခြင်းနဲ့ လုံခြုံမှုကင်းမဲ့ခြင်းတို့ရဲ့ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားကြရပါတယ်။ စိတ်ဖိစီးမှုများစွာ ခံစားကြရပါတယ်။ ဒါကြောင့် စိတ်ဖိစီးမှုနဲ့ဆက်စပ်တဲ့ ကိုယ်စိတ်ထိခိုက်မှုဝေဒနာများ ရင်ဆိုင်နိုင်ကြပါတယ်။ သွေးတိုး၊ နှလုံး၊ ဆီးချိုစသည်ဖြင့် အဖြစ်များနေတဲ့ Non-communicable diseases မကူးစက်နိုင်သော်လည်း ကျယ်ပြန့်စွာ ဖြစ်ပွားနေတဲ့ ရောဂါဖြစ်ပွားနေသူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကို အထူးဂရုပြုသင့်ပါတယ်။ နှလုံးကို သတိပြုထိန်းသိမ်းပါ။ အိမ်မှာနေပါဆိုတဲ့ အချက်များကို လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်။ ပြီးတော့ စိတ်ဖိစီးမှုများကို ကောင်းစွာတုံ့ပြန်နိုင်ရန်လည်း လိုအပ်ပါတယ်။

စိတ်စွမ်းရည်တုံ့ပြန်မှု Expressed Emotion E.E ဆိုတာ လူသားတိုင်းရှိနေရမယ့် စိတ်အခြေအနေဖြစ်ပါတယ်။ အခြေအနေထူးတစ်ခုတွေ့ကြုံရင်ဆိုင်ရတဲ့အခါ စေ့ဆော်မှု ဖြစ်ပေါ်လာပြီး ဒါကိုပြန်လည်တုံ့ပြန်ရပါတယ်။ သို့သော် အချို့က ပြင်းထန်တဲ့ စေ့ဆော်မှုလို သဘောထားပြီး ပြင်းထန်တဲ့တုံ့ပြန်မှုအဖြစ် တုံ့ပြန်တတ်ပါတယ်။ ဒါကို High Expressed Emotion လို့ခေါ်ပါတယ်။ ဒီလိုတုံ့ပြန်ရင် ထိရောက်တဲ့ ဖြေရှင်းနိုင်မှုဆီ မရောက်ဘဲ လွန်ကဲတဲ့အခြေအနေဆိုးများကို ထပ်မံရင်ဆိုင်ရတတ်ပါတယ်။ တစ်ခါသတိမပြု အသိမရှိဘဲ အေးတိအေးစက် တုံ့ပြန်တတ်မှုလည်း ရှိတတ်ပါတယ်။ အသိဉာဏ်ပညာ၊ ကိုယ်ရည်ကိုယ်သွေး၊ လူမှုအဆင့်အတန်းစသည်တို့မှာ အားနည်းနေသူများ၌ တွေ့ရလေ့ရှိပါတယ်။ ဒါကို Low Expressed Emotion လို့ ခေါ်ကြောင်း သိရပါတယ်။ ဒီအခြေအနေဆိုရင်လည်း မဖုံးနိုင် မဖိနိုင်အောင်ဖြစ်ရပြီး အလွန်အမင်းအန္တရာယ်များတဲ့ အခြေအနေဆိုးကို တွေ့ကြုံရနိုင်ပါတယ်။ ဒါကြောင့် သင့်တင့်မျှတတဲ့ စေ့ဆော်မှုနဲ့ တုံ့ပြန်မှုရှိကြဖို့ လိုပါတယ်။ ဆင်ခြင်တုံတရား၊ အသိဉာဏ်ပညာတို့နဲ့ မိမိတို့လုပ်သင့်ရာကို လုပ်ကြရန်၊ ရှောင်သင့်တာကို ရှောင်ကြရန် သိပ်အစိုးရိမ်မလွန်ကြရန် မလိုသလို သိပ် အေးစက်နေခြင်းဆိုတဲ့ အစွန်းနှစ်ပါးကို ရှောင်ကြရန် လိုအပ်ပါတယ်။

ကျွန်တော်တို့ရဲ့ စိုးရိမ်မှုကို တည့်မှန်တဲ့ အသိတရားအဖြစ် ပြောင်းလဲကျင့်သုံးနိုင်ပါတယ်။ ရောဂါကူးစက်မှာ စိုးရိမ်တဲ့အတွက် "နေအိမ်များမှာသာ နေထိုင်ခြင်း" ဆိုတဲ့ အချက်ကို လိုက်နာဆောင်ရွက်လိုက်ပါ။ ဒီလိုဆိုရင် အပြင်က ရောဂါပိုးတွေ မိမိနဲ့ မိသားစုပတ်ဝန်းကျင်ဆီ ကူးစက်နိုင်ခွင့်နည်းပါးသွားနိုင်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်နိုင်မှုများမှာ နှလုံးထိခိုက်ခံရမှုသည်လည်း အရေးပါလှကြောင်း သတိပြုကြရပါမယ်။ ကမ္ဘာတစ်လွှား ကိုဗစ်-၁၉ ကြောင့် သေဆုံးရသူများမှာ၊ နှလုံးရောဂါနဲ့ နှလုံးကြောင့် သေဆုံးရသူအများစု ဖြစ်နေကြောင်းလည်း သိရပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ နှင့် နှလုံးထိခိုက်မှုများမှ ရှောင်ရှားနိုင်ကြရန် အထူးသတိပြုသင့်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**"ဗိုင်းရပ်စ်ပိုးများဟာ အသက်ရှူလမ်းကြောင်းကို သာမက နှလုံးကိုပါ ထိခိုက်စေနိုင်၊ နှလုံးရောဂါနဲ့ ဆင်တူတဲ့ ရောဂါလက္ခဏာများ ခံစားစေနိုင်ကြောင်း နယူးယောက်မြို့ ဆရာဝန်များက သတိပေးထားပါတယ်"**

**"ကျွန်တော်တို့ရဲ့ စိုးရိမ်မှုကို တည့်မှန်တဲ့ အသိတရားအဖြစ် ပြောင်းလဲကျင့်သုံးနိုင်ပါတယ်။ ရောဂါကူးစက်မှာ စိုးရိမ်တဲ့အတွက် "နေအိမ်များမှာသာ နေထိုင်ခြင်း" ဆိုတဲ့ အချက်ကို လိုက်နာဆောင်ရွက်လိုက်ပါ။ ဒီလိုဆိုရင် အပြင်က ရောဂါပိုးတွေ မိမိနဲ့ မိသားစုပတ်ဝန်းကျင်ဆီ ကူးစက်နိုင်ခွင့်နည်းပါးသွားနိုင်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်နိုင်မှုများမှာ နှလုံးထိခိုက်ခံရမှုသည်လည်း အရေးပါလှကြောင်း သတိပြုကြရပါမယ်။ ကမ္ဘာတစ်လွှား ကိုဗစ်-၁၉ ကြောင့် သေဆုံးရသူများမှာ၊ နှလုံးရောဂါနဲ့ နှလုံးကြောင့် သေဆုံးရသူအများစု ဖြစ်နေကြောင်းလည်း သိရပါတယ်"**

# Mizzima TV ရုပ်သံလိုင်းမှ သင်္ကြန်ကာလ မေ ၁၃ ရက်မှ ၁၇ ရက်အတွင်း သံချပ် ဖျော်ဖြေရေး အစီအစဉ်များအပါအဝင် ပြည်သူများ ကြိုက်နှစ်သက်မည့် အစီအစဉ်ကောင်းများ ထုတ်လွှင့်ပြသမည်

**ရန်ကုန် မေ ၁၁**

မဟာသင်္ကြန်ကာလများဖြစ်သည့် မေ ၁၃ ရက်မှ ၁၇ ရက်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၏ Content Provider တစ်ခုဖြစ်သည့် Mizzima TV ရုပ်သံလိုင်းမှ ပြည်သူများ စိတ်လက်အပန်းပြေစေရန်ရည်ရွယ်၍ သင်္ကြန်သံချပ်အစီအစဉ်များ၊ မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် လတ်တလော အခြေအနေ သတင်းအချက်အလက်များ၊ ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလ ရုံးပိတ်ရက်မှာ ဖျော်ဖြေရေးအနေနဲ့ သင်္ကြန်သံချပ် ချစ်သူတွေအတွက် မနှစ်က ဗမာသစ်သံချပ်ပြိုင်ပွဲကို ပြန်လွှင့်ဖို့စီစဉ်ထားပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေဆို တစ်နေ့ သုံးကားပြသဖို့ စီစဉ်ထားပါတယ်။ သင်္ကြန်ကာလဆိုတော့ နေ့ခင်းပိုင်းမှာ သင်္ကြန်ရုပ်ရှင်တွေပြဖို့ရှိတယ်။ ညပိုင်းမှာလည်း အိန္ဒိယကားတွေ၊ အက်ရှင်ဇာတ်လမ်းတွေ ပြဖို့ရှိပါတယ်။ တရားစခန်းမဝင်ရတဲ့သူတွေအတွက် ဝိပဿနာတရားတော်တွေကိုလည်း ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ် " ဟု Mizzima TV ရုပ်သံလိုင်းမှ အထွေထွေမန်နေဂျာ မအေးသက်က ပြောသည်။

မေ ၁၁ ရက်မှ ၁၉ ရက်အထိ နေ့စဉ် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မဟာသင်္ကြန် သံချပ်ဖျော်ဖြေရေးအစီအစဉ်ကို ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ပြီး အနုပညာရှင်နှင့် ပရိသတ်များတွေ့ဆုံ၍ Stay Home ကာလဖြတ်သန်းပုံများကို မျှဝေဆွေးနွေးခြင်း အစီအစဉ်နှင့် Live Panel Discussion အစီအစဉ်ကို ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့နှင့် သောကြာနေ့ ညနေ ၃ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်သည်။

ဝိပဿနာ အလုပ်ပေးတရားတော်များ၊ တရားရှုမှတ်နည်းများကို နံနက် ၆ နာရီခွဲ၊ နံနက် ၉ နာရီ ၄၅ မိနစ်တို့တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ Mizzima TV ရုပ်သံလိုင်းတွင် ကြည့်ရှုခံစားနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မေ ၁၃ ရက်မှ ၁၇ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ပြသမည့် မြန်မာသင်္ကြန် ဇာတ်ကားများ**

မေ ၁၃ ရက် - သင်္ကြန်ဂိမ်း ( အောင်ရဲလင်း၊ ဝတ်မှုန်ရွှေရည်)
မေ ၁၄ ရက် - အတာလေပြေ (လူမင်း၊ ထွန်းအိန္ဒြာဗို)
မေ ၁၅ ရက် - သင်္ကြန်ဇာတ်လမ်း (ဒွေး၊ တင့်တင့်ထွန်း)
မေ ၁၆ ရက် - ရင်ခတ်တန်ခူး (ပြေတီဦး၊ နဝရတ်)
မေ ၁၇ ရက် - လွမ်းရစ်တော့လေ သင်္ကြန်နွေ (ကျော်သူ၊ မြတ်ကေသီအောင်)

**မေ ၁၃ ရက်မှ ၁၇ ရက်အထိ နေ့စဉ် ည ၁၁ နာရီခွဲတွင် ပြသမည့် အိန္ဒိယရုပ်ရှင် ဇာတ်ကားများ**


မေ ၁၃ ရက် - Akira ၊
မေ ၁၄ ရက် - Irumbu Thirai ၊
၁၅ ရက် - Imaikkaa Nodigal ၊
မေ ၁၆ ရက် - Bahubali(1) ၊
မေ ၁၇ ရက် - Bahubali(2)

**မေ ၁၃ ရက်မှ ၁၇ ရက်အထိ နေ့စဉ် ည ၉ နာရီတွင် ပြသမည့် နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားများ**

မေ ၁၃ ရက် - Flu ၊
မေ ၁၄ ရက် - Pandemic ၊
မေ ၁၅ ရက် - Contagion ONTAGION ၊
မေ ၁၆ ရက် - Containment ၊
မေ ၁၇ ရက် - Virus စသည့် ဇာတ်ကားများ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ပုံမှန်ထုတ်လွှင့်နေကျ အစီအစဉ်များကိုလည်း ဆက်လက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

























# စားအုန်းဆီ ဈေးနှုန်းများ ကျဆင်းနေသော်လည်း ပုံမှန်အကျိုးအမြတ်ထက် ပိုမိုရယူထားဆဲဖြစ်

**ရန်ကုန် မေ ၁၁**

ရန်ကုန်စားအုန်းဆီဈေးကွက်တွင် မတ် ၁၈ ရက်မှ မေ ၇ ရက်အထိအတွင်း ပြည်ပမှတင်သွင်းလာသော စားအုန်းဆီ ဈေးနှုန်းမှာ ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေးထက် တစ်ပိဿာလျှင် ကျပ် ၃၀၀ ဝန်းကျင်(ပိဿာ ၆၀၀ ပါ ဆီ တစ်တန်လျှင် ကျပ် ၁၅၀၀၀၀ ဝန်းကျင်)အထိ ဈေးမြှင့်၍ ရောင်းချခဲ့ရာမှ သင်္ကြန်ပိတ်ရက်များဖြစ်သော ဧပြီ ၁၀ ရက်မှ ၁၉ ရက်မတိုင်မီ ရန်ကုန် ဆီဈေးကွက်အတွင်း ဆီအရောင်းအဝယ်မရှိသည့် မေ ၉ ရက်မှစ၍ ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာကြောင်း သိရသည်။

ရန်ကုန်ဈေးကွက်မှ နယ်သို့ကုန်ပို့နေသော ကုန်ကားဂိတ်အများစု ပိတ်လာ၍ ဆီအဝယ်နည်းလာကာ ဈေးကျလာခြင်းဖြစ်သော်လည်း မေ ၈ ရက်တွင် အရင်းဈေးထက် ၁၉၅ ကျပ်နှင့် မေ ၉ ရက်တွင် အရင်းဈေးထက် ၁၆၆ ကျပ် ဈေးမြှင့်၍ ရောင်းချနေဆဲဖြစ်သည်။

ကုန်စည်ဒိုင်ဈေးနှုန်းဖော်ပြချက်တွင် မေ ၆ ရက်အထိ လက်ကား တစ်ပိဿာ ၁၈၇၀ ကျပ်နှင့် မေ ၇ ရက်နှင့် ၈ ရက်တွင် ကျပ် ၁၈၂၀/၁၈၄၀၊ မေ ၉ ရက်တွင် ကျပ် ၁၇၉၀/၁၈၁၀ ဟု ဖော်ပြထားသော်လည်း ဈေးကွက်တွင် ယင်းဈေးနှုန်းများအတိုင်း ဝယ်ယူ၍မရကြောင်း မြောက်ဥက္ကလာပ မြို့နယ်မှ ကုန်စုံရောင်းချသူတစ်ဦးက ပြောသည်။

၂၀၂၀ မတ် ၃၁ ရက်အထိ နေ့စဉ် စားအုန်းဆီဈေးနှုန်း သတင်းထုတ်ပြန်ရာတွင် လက်ကားနှင့် လက်လီ ဈေးနှုန်းနှစ်မျိုးသာ ဖော်ပြခဲ့ရာမှ ဧပြီ ၁ ရက်မှ ၉ ရက်အတွင်း၌ လက်ကားနှင့် လက်လီ ပီပါဈေးအပြင် ပုံးဈေးဟု ထပ်မံခွဲခြားဖော်ပြလာခဲ့ကာ လက်လီပုံး(၁၀ ပိဿာ)ဈေးသည် ပီပါ(ပိဿာ ၁၁၀)ဈေးထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ဝန်းကျင် ဈေးမြှင့်ထားသည်။ သို့ဖြစ်ရာ အရင်းဈေးနှင့် နှိုင်းယှဉ်ပါက ပုံးဈေးသည် တစ်ပိဿာလျှင် မေ ၂ ရက်က ကျပ် ၄၂၀ နှင့် မေ ၉ ရက်တွင် ၃၇၄ ကျပ် ဈေးမြင့်နေဆဲဖြစ်သည်။

ပုံမှန်ကာလများတွင် လက်ကားရောင်းဈေးသည် ဆီထုတ်ယူခွင့်စာရွက်(DO) ဈေးနှုန်းအတိုင်းဖြစ်ပြီး နယ်မှ ဆီတစ်ပီပါချင်း မှာယူရာတွင် ယင်းဈေးထက် တစ်ပိဿာလျှင် ၂၅ ကျပ်ဝန်းကျင်သာ ဈေးမြင့်လေ့ရှိသည်။ ယခု ဧပြီလဆန်း နေ့စဉ် စားအုန်းဆီဈေးနှုန်း ဖော်ပြရာတွင်မူ ကွဲလွဲမှုများရှိနေသည်ဟု နယ်မြို့များမှ ဆီဝယ်သူအချို့က ပြောသည်။

ပြည်ပမှ ဆီတင်သွင်းသူများအနေဖြင့် ပုံမှန်ကာလများတွင် အရင်းဈေးနှုန်းဝန်းကျင်သာ ရောင်းချသော်လည်း မတ် ၁၇ ရက်မှစ၍ ရန်ကုန်ဈေးကွက်တွင် ရောင်းချသည့် ပွဲရုံအချို့ ဆီအရောင်းပိတ်ရာမှ စားအုန်းဆီ လက်ကားဈေးကွက်တွင် အရင်းဈေးထက် တစ်ပိဿာလျှင် ကျပ် ၃၀၀ ဝန်းကျင် ဈေးမြှင့်၍ ရောင်းချလာသည်မှာ မေ ၆ ရက်အထိ ဖြစ်သည်။

ပြည်ပမှ ဆီတင်သွင်းရာတွင် တစ်တန်လျှင် ကျပ် ၁၅၀၀၀၀ ဝန်းကျင် အကျိုးအမြတ် ရရှိလာသဖြင့် ပြည်ပမှ စားအုန်းဆီတင်သွင်းလိုသူ များလာရာ ဆီတင်သွင်းရန် ဆီအသင်းမှ ထောက်ခံချက်ထုတ်ပေးသည့် စာရင်းများအရ မတ် ၂၃ ရက်က ဆီ ၆၇၃၁၀ ဒသမ ၁၀၇ တန်၊ မတ် ၃၀ ရက်က ၁၅၄၁၁ ဒသမ ၀၂၆ တန်၊ မေ ၆ ရက် စာရင်းအရ ၅၇၄၈၄ ဒသမ ၆၄၇ တန်ရှိသည်။ ရက်သတ္တပတ် သုံးပတ်အတွင်း ပြည်ပမှ စားအုန်းဆီတင်သွင်းရန် ဆီအသင်းမှ ထောက်ခံချက်ထုတ်ပေးသည့် ဆီတန်ချိန် စုစုပေါင်းမှာ ၁၄၀၀၀၀ ဝန်းကျင် ရှိနေခြင်းဖြစ်သည်။

ပြည်တွင်းစားသုံးမှုထက် ပိုလျှံစွာ တင်သွင်းခွင့်ပြုထားခြင်းအပြင် ရန်ကုန် စားအုန်းဆီသိုလှောင်ကန်များတွင် ဆီများ လက်ရှိ ရှိနေမှုအပေါ် သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေး အသိပေးထားခြင်းများရှိသော်လည်း စားအုန်းဆီတင်သွင်းသူများအနေဖြင့် ပုံမှန်ရယူနေသော အကျိုးအမြတ်ထက် များစွာဈေးမြှင့်၍ ရောင်းချနေဆဲဖြစ်သည်ကို တွေ့ရသည်။

ယင်းသို့ ရောင်းချသည့်အတွက် ပြည်ပမှ စားအုန်းဆီတင်သွင်းသူ လူနည်းစုအနေဖြင့် တစ်လခန့်အတွင်း ကျပ် ဘီလျံဆယ်ဂဏန်းဝန်းကျင် ရရှိနေသလို ကိုဗစ်-၁၉ ရောဂါအတွက် အများပြည်သူ စိုးရိမ်နေရသည့် ယခုအချိန်များတွင် စားအုန်းဆီ ဝယ်ယူစားသုံးနေရသူများအနေဖြင့် ကျပ် ဆယ်ဘီလျံဝန်းကျင် ငွေကြေးပိုပေး၍ ဝယ်နေရသည့်အသွင် ဖြစ်နေကြောင်း၊ သက်ဆိုင်ရာက စားအုန်းဆီကို အရေးကြီးကုန်စည်တစ်ခုအဖြစ် သတ်မှတ်ထားသော်လည်း စားအုန်းဆီ ဈေးနှုန်းများမှာ အရင်းဈေးထက် များစွာမြှင့်၍ ရောင်းနေဆဲဖြစ်ကြောင်း ဈေးကွက် လေ့လာစောင့်ကြည့်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

လက်ရှိအချိန်တွင် ရပ်ကွက်များအတွင်းရှိ အခြေခံကုန်စုံဆိုင်များတွင် စားအုန်းဆီ လက်လီ တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဝန်းကျင်အထိ ဈေးမြင့်စွာ ဝယ်ယူစားသုံးနေကြရခြင်းမှာ တင်သွင်းသူများအနေဖြင့် လက်ကားဈေးတွင် အရင်းဈေးထက် တစ်ပိဿာ ကျပ် ၃၀၀ ဝန်းကျင်အထိ ဈေးမြှင့်ကာ အကျိုးအမြတ် ပိုမိုရယူနေခြင်း၏ အကျိုးသက်ရောက်မှုဖြစ်သည်ဟုလည်း ကုန်စုံဆိုင်ရှင်တစ်ဦးက ဆိုသည်။

ခင်ဆိုင်



ရန်ကုန်မြို့ရှိ ဆီပွဲရုံတစ်ခုမှ ဈေးကွက်သို့ တင်ပို့ရောင်းချမည့် စားအုန်းဆီပုံးများ

# အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်မှထောက်ပံ့သော စားသောက်ကုန်များကို မြို့နယ်အသီးသီး၌ ဖြန့်ဝေပေးအပ်

**မြင်းခြံ**

မဟာသင်္ကြန် ရုံးပိတ်ရက်ရှည် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် စားသောက်ကုန် ငါးမျိုးကို နိုင်ငံတော်က တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပထမဆုံးအကြိမ် စတင်ထောက်ပံ့ပေးနေပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ဧပြီ ၁၀ ရက်က စတင်ထောက်ပံ့ပေးခဲ့သည်။

အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၅၇၂ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာစီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

မြင်းခြံမြို့တွင် ရပ်ကွက် ၂၀၊ ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ကျေးရွာပေါင်း ၁၈၆ ရွာရှိကာ ထောက်ပံ့မှုကိုရယူရန် စာရင်းပေးထားသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၃၆၂၂၅ စုရှိကြောင်း၊ ကျန်ရှိနေသေးသည့် ရပ်ကွက်/ကျေးရွာများသို့လည်း ထောက်ပံ့သည့် စားကုန် ငါးမျိုးကို အချိန်မီ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ခမောက်ကြီး**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်(၁)ရပ်ကွက်မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသည့် ဆန်နှင့် ဆီများကို မေ ၁၀ ရက် ညနေပိုင်းက စတင်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ရာတွင် သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက စနစ်တကျကြီးကြပ်၍ အမှတ်(၁)ရပ်ကွက်မှ အိမ်ထောင်စု ၁၄၄ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်နှင့် ဆီ ၅၀ ကျပ်သားစီကို ပေးအပ်ခဲ့ကြောင်း၊ လူစုလူဝေးမဖြစ်စေရန်နှင့် မရရှိလိုက်သော အိမ်ထောင်စုများ မကျန်ရှိစေရန် စနစ်တကျ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း၊ မေ ၁၀ ရက်တွင် ဆန်နှင့် ဆီသာ ထုတ်ယူရရှိသဖြင့် ကနဦး ဖြန့်ဝေပေးလိုက်ခြင်းဖြစ်ပြီး ထပ်မံရရှိမည့် ဆား၊ ပဲနှင့် ကြက်သွန်နီတို့ကို ရောက်ရှိသည်နှင့် တစ်အိမ်တက်ဆင်း လိုက်လံပေးအပ်သွားမည်ဖြစ်ကြောင်း အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ကျန်ရှိနေသော အမှတ်(၄)ရပ်ကွက်နှင့် ကျေးရွာများသို့လည်း မေ ၁၁ ရက်မှစ၍ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့ရှိ အရေးပေါ်ကာလ စားနပ်ရိက္ခာကူညီထောက်ပံ့ရေးစင်တာသို့ အလှူရှင်များက နေ့စဉ် အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိ

**တောင်တွင်းကြီး မေ ၁၁**

ကိုဗစ်-၁၉ ရောဂါကြောင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါက ဆင်းရဲနွမ်းပါးသော ပြည်သူများအား အခြေခံ စားနပ်ရိက္ခာနှင့် အခြေခံဆေးဝါးများ ထောက်ပံ့ကူညီနိုင်ရေးအတွက် သီရိမင်္ဂလာတိုက်သစ် စာသင်တိုက် ဆရာတော် ဦးပညာဝုဓ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်အဆင့် စားနပ်ရိက္ခာ ကူညီထောက်ပံ့ရေးစင်တာကို မေ ၄ ရက်မှ စတင်ထူထောင်ခဲ့ရာ မေ ၁၀ ရက်အထိ အလှူငွေ ကျပ် ၁၀၇၃၅၀၀၀ နှင့်အတူ ဆန် ၅၃ အိတ်၊ ဆီ ၆၅ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၁၀၀၊ ဆားအထုပ် ၂၀၀၊ ငါးပိ အထုပ် ၂၀၀ တို့ကို အလှူခံရရှိပြီးဖြစ်ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ်အတွင်း အရေးပေါ် အခြေအနေ ဖြစ်ပွားလျှင် ပြည်သူများ စားဝတ်နေရေး ကျပ်တည်းမှုမရှိစေရေးအတွက် ငွေကြေးတတ်နိုင်သူများက ချို့တဲ့သူများအား မျှဝေသည့် အစီအစဉ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စင်တာအနေဖြင့် အစီအစဉ်ကို အောင်မြင်အောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လိုအပ်လာပါက မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ရပ်ကွက်များ၌လည်း စင်တာခွဲများ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စန္ဒာသူရိယ ကျန်းမာ-ပညာ ကူညီရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာကျော်ဆွေက ပြောကြားသည်။

**အေးမိုးမိုးမြင့်(ပြန်/ဆက်)**

# ညောင်တုန်းမြို့၌ ပြည်တွင်းနှင့် ပြည်ပမှ ပြန်လာသူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ညောင်တုန်း မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ပြည်ပမှ ပြန်လာသူများအား မတ် ၂၇ ရက်မှစ၍ သတ်မှတ်ထားသောနေရာများ၌ သီးသန့်ထားရှိပြီး စောင့်ကြပ်ကြည့်ရှုမှုများ လုပ်ဆောင်လျက်ရှိသလို ပြည်တွင်း အခြားမြို့နယ်များမှ ပြန်လာကြသူများကိုလည်း သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ နေအိမ်၌ အသွားအလာကန့်သတ် စောင့်ကြည့်ခြင်းကို ပြုလုပ်လျက်ရှိရာ အဆိုပါ စောင့်ကြည့်ခံနေသူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။

ညောင်တုန်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စုများရှိ ပြည်ပမှ ပြန်လာသူများအား ညောင်တုန်း အထက(၁)ကျောင်းနှင့် သပြေချောင်းကျေးရွာ၊ ဆားမလောက်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ငှက်ပျောကျွန်းကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ နတ်ပေးကျေးရွာတို့ရှိ စာသင်ကျောင်းများ စသည့် နေရာခုနစ်ခု၌ အသွားအလာကန့်သတ် စောင့်ကြည့်လျက်ရှိကာ ပြည်တွင်းမှ ပြန်လာသူများကိုမူ နေအိမ်များတွင်သာ နေထိုင်စေ၍ စောင့်ကြည့်လျက်ရှိသည်။

ညောင်တုန်းမြို့နယ်အတွင်း ပြည်ပမှ ပြန်ဝင်လာသူ အရေအတွက်မှာ မတ် ၂၇ ရက်မှ မေ ၁၀ ရက်အထိ လူဦးရေ ၄၀ ရှိပြီး ၎င်းတို့ထဲမှ ၁၆ ဦးမှာ စာသင်ကျောင်းများ၌ စောင့်ကြည့်နေစဉ် ရောဂါလက္ခဏာ တစ်စုံတစ်ခုမှမရှိခြင်းနှင့် စောင့်ကြည့်ရက်ပြည့်ခြင်းကြောင့် နေအိမ်များ၌ ပြန်လည်နေထိုင်ရန် ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ စောင့်ကြည့်စခန်းများတွင် ကျန်ရှိသူ ၂၄ ဦးနှင့် ပြည်တွင်း အခြားဒေသများမှ ပြန်လာပြီး နေအိမ်များ၌ အသွားအလာ ကန့်သတ်ထားသူ ၂၇၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နေ့စဉ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝဏ္ဏနိုင်(ညောင်တုန်း)**



စောင့်ကြည့်ခံနေသူတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေစဉ်။

## ကြံခင်းမြို့နယ်၌ သင်္ကြန်ကာလအတွင်း ရေပက်မဏ္ဍပ် ဆောက်လုပ်ခြင်းနှင့် ကားဖြင့်/လူစုလူဝေးဖြင့် ရေပက်ခံလှည့်လည်ခြင်းမပြုရန် အသိပေးနှိုးဆော်

**ကြံခင်း ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေနံတောင်အုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာ၌ နေထိုင်ကြသော ပြည်သူများအနေဖြင့် သင်္ကြန်ကာလအတွင်း ရေပက်မဏ္ဍပ်များ ဆောက်လုပ်ခြင်းနှင့် လှည့်လည်ခြင်းများ မပြုလုပ်ကြရန်အတွက် ရေနံတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ ရေနံတောင် အထကမှ ကျောင်းအုပ်ဆရာမ ဒေါ်ကြည်ကြည်စိန်နှင့် ကျေးရွာ တာဝန်ရှိသူများက ဧပြီ ၁၀ ရက်တွင် လိုက်လံ အသိပေးနှိုးဆော်ကြသည်။

ယခုအချိန်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အရေးကြီးသောကာလဖြစ်သဖြင့် လူစုလူဝေးဖြင့် ကျင်းပသော အစည်းအဝေးများ၊ အခမ်းအနားများ၊ ပွဲလမ်းသဘင်များ မပြုလုပ်ကြရန်နှင့် သင်္ကြန်ကာလအတွင်း၌လည်း အုန်းလက်မဏ္ဍပ်များ အပါအဝင် မည်သည့်ရေပက်မဏ္ဍပ်များကိုမှ ဆောက်လုပ်ခြင်းမပြုရန်၊ ရေပက်ခံကားဖြင့် လှည့်လည်ခြင်းနှင့် လူစုလူဝေးဖြင့် လှည့်လည်ခြင်းများ မပြုလုပ်ကြရန် ညွှန်ကြားချက်ကို ပြည်သူများ သိရှိစေရန် လိုက်လံနှိုးဆော် အသိပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကျေးရွာနေပြည်သူများအနေဖြင့် လူစုလူဝေး မလုပ်ကြရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေကြရန်၊ တတ်နိုင်သမျှ အိမ်ထဲတွင်သာ နေထိုင်ကြရန်၊ မဖြစ်မနေ အပြင်ထွက်ရလျှင် နှာခေါင်းစည်းများ တပ်၍ သွားလာကြရန်နှင့် တစ်ဦးချင်းမှ တစ်ရွာလုံး ကျန်းမာရေးအတွက် လိုက်နာကြရန် စသည်ဖြင့် အသိပေးနှိုးဆော်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



သင်္ကြန်ကာလအတွင်း မပြုလုပ်ရန်အချက်များကို အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်နေစဉ်

## နမ္မတူမြို့နယ်မှ ကျေးရွာများ၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နမ္မတူ ဧပြီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်အတွင်းမှ နမ့်ခွန်နှင့် ဆိုင်ခေါင်း ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ နှာခေါင်းစည်းများနှင့် ဆပ်ပြာခဲများ ထောက်ပံ့ပေးအပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဧပြီ ၁၁ ရက်က ဆောင်ရွက်ခဲ့သည်။



ကျေးရွာတစ်ရွာ၌ ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးမှုများ ပြုလုပ်ပေးစဉ်။

နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ခိုင်ဇာထွန်း၊ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ယုဝေခိုင်၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ခံ ဒေါ်မြတ်သူနှင်း၊ Save The Children အဖွဲ့မှ တာဝန်ရှိသူများနှင့် မိတ်ဆွေကောင်း လူမှုကူညီရေးအသင်းမှ ဦးအောင်ဆန်းမြင့်တို့က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျှင် ခံစားရသော ရောဂါလက္ခဏာများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန်တို့ကို ပြည်သူများအား အသိပညာပေး ဟောပြောကြပြီး လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ ဆပ်ပြာခဲနှင့် နှာခေါင်းစည်းများ ထောက်ပံ့ ဖြန့်ဝေပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**လူမော်(ပြန်/ဆက်)**

## ကျီခါးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ နေ့စဉ်မပြတ် ဆောင်ရွက်လျက်ရှိ

**ကျီခါး ဧပြီ ၁၁**

ချင်းပြည်နယ် ကျီခါးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းတစ်ရပ်အဖြစ် မြို့တွင်းသို့ ဝင်ရောက်မည့်သူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို မြို့အဝင်ဂိတ်၌ နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျီခါးမြို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူငယ်အဖွဲ့များ ပူးပေါင်း၍ ကျီခါးမြို့အတွင်း ဖြတ်သန်းသွားလာကြမည့် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဖြစ်သည့် ကိုယ်အပူချိန် တိုင်းတာ စစ်ဆေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ စနစ်တကျ စာရင်းကောက်ယူခြင်း စသည့် လုပ်ငန်းများကို နေ့စဉ် မြို့အဝင်ဂိတ်၌ စနစ်တကျ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြင်းခြံမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများဖြန့်ဝေ

**မြင်းခြံ ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ဖြန့်ဝေပေးသည့် Mask campaign ကို ဧပြီ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက အေးမြသီတာဈေးအတွင်းမှ ဈေးရောင်းဈေးဝယ်များ၊ မြင်းခြံ-နွားထိုးကြီး မြို့ဝင်ဂိတ်၊ မြင်းခြံ-မြို့သာ-မန္တလေး မြို့ဝင်ဂိတ်၊ မြင်းခြံ-ညောင်ဦး မြို့ဝင်ဂိတ်နှင့် မြင်းခြံ-မိတ္ထီလာ မြို့ဝင်ဂိတ်များ၌ အခြေပြု၍ "ကိုဗစ်-၁၉ ကာကွယ်ဖို့ လူတိုင်း နှာခေါင်းစည်း(Mask)တပ်ကြစို့" ဗီနိုင်းပိုစတာများ ကိုင်ဆောင်ကာ ဖြတ်သန်းသွားလာသော ခရီးသွားပြည်သူများအား နှာခေါင်းစည်း အခု ၂၀၀၀ ကို ဖြန့်ဝေပေးကြောင်း သိရသည်။

ပြည်သူများအနေဖြင့် အပြင်ထွက်တိုင်း နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ကြခြင်းဖြင့် ရောဂါပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ယခုလို နှာခေါင်းစည်း အသိပညာပေးပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**



## အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်မှထောက်ပံ့သော စားသောက်ကုန်များကို မြို့နယ်အသီးသီး၌ ဖြန့်ဝေပေးအပ်

**နမ့်ဆန်**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးသည့် အခြေခံစားကုန် ငါးမျိုး ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၁၀ ရက်က ပြုလုပ်ခဲ့ပြီး နမ့်ဆန်မြို့နှင့် အနီးပတ်ဝန်းကျင်မှ အခြေခံလူတန်းစား အိမ်ထောင်စု ၅၀ ထံသို့ အခြေခံ စားကုန် ငါးမျိုးဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီများကို ကနဦး ထုတ်ပေးခဲ့ကာ ကျန်သော အိမ်ထောင်စုများအတွက် စားသောက်ကုန်များကိုလည်း သက်ဆိုင်ရာ ကျေးရွာများအရောက် မြို့နယ်အစီအစဉ်ဖြင့် ဆက်လက် ထောက်ပံ့ပေးသွားဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ရွှေကူ**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ကူညီပေးသည့် အခြေခံစားသောက်ကုန် ငါးမျိုးစီကို ဧပြီ ၁၀ ရက် ညနေပိုင်းက စတင်ဖြန့်ဝေပေးလျက်ရှိသည်။

စားသောက်ကုန်များ ဖြန့်ဝေပေးနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်၍ ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဝယ်ယူစုပုံ ထုပ်ပိုးပေးခဲ့ပြီး ရွှေကူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၂ အုပ်စုနှင့် မြို့လှမြို့ ရပ်ကွက်လေးခုတို့မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများထံသို့ ဖြန့်ဝေပေးရန် စုရပ်နေရာ ခုနစ်ခုသို့ ပေးပို့ခဲ့သည်။

ရွှေကူမြို့နယ်နှင့် မြို့လှမြို့၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုစာရင်း ကောက်ယူထားမှုတွင် အိမ်ထောင်စု ၆၂၁၁ စု စာရင်းပေးထားရာ တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာနှင့် ဆား ၅၀ ကျပ်သားတို့ကို စာရင်းအလိုက် ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ **ကျော်မျိုးအောင်(ပြန်/ဆက်)**

**မိုင်းပန်**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၄၂ စုအတွက် သင်္ကြန်ပိတ်ရက်ကာလအတွင်း စားသောက်ရေး အဆင်ပြေစေရန် တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာစီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများက ဧပြီ ၁၀ ရက်တွင် အိမ်အရောက် လိုက်လံဖြန့်ဝေပေးခဲ့သည်။

မိုင်းပန်မြို့နယ်အတွင်း ဒေသခံမဟုတ်သည့် အခြားအရပ်များမှ လာရောက်လုပ်ကိုင်နေသူ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ထောက်ပံ့ပေးရာတွင် လူစုလူဝေးမဖြစ်စေရန် အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်၊ ရွာသစ်ရပ်ကွက်၊ လွိုင်နွဲ့ရွာနှင့် မိုင်းဟောင်းရွာတို့ရှိ အိမ်ထောင်စုတစ်စုချင်းထံသို့ တာဝန်ရှိသူများက အိမ်အရောက်သွားရောက်ကာ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ကိုဆန်း(မိုင်းပန်)**



**ပင်လောင်း**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများတွက် နိုင်ငံတော်မှထောက်ပံ့သည့် အခြေခံစားသောက်ကုန် ငါးမျိုးကို ဧပြီ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးခဲ့သည်။

စားသောက်ကုန်များ ထောက်ပံ့ပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က ထောက်ပံ့ပေးအပ်ခြင်း ရည်ရွယ်ချက်နှင့် အစီအစဉ်ကို ရှင်းလင်းပြောကြားပြီး နောင်တရားမြို့၊ ပေါင်းလောင်းမြို့တို့မှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ပြည်သူများထံ ဖြန့်ဝေပေးရန် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် နောင်တရားမြို့ရှိ ရပ်ကွက်သုံးခု၊ ပေါင်းလောင်းမြို့ရှိ ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာအုပ်စု နှစ်စုတို့မှ အိမ်ထောင်စု ၂၅၄ စုအတွက် တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာနှင့် ဆား ၅၀ ကျပ်သားတို့ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူများကိုယ်စား ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့သည်။ ကျန်ရှိနေသည့် ကျေးရွာအုပ်စုများမှ အိမ်ထောင်စုများထံသို့လည်း အဆိုပါ စားသောက်ကုန် ငါးမျိုးကို ဆက်လက် ထောက်ပံ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# YTV အခမဲ့ ရုပ်သံလိုင်းမှ သင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း ပြည်သူများ ကြိုက်နှစ်သက်မည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကောင်းများ ထုတ်လွှင့်ပြသသွားမည်

ရန်ကုန် ဧပြီ ၁၁

သင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း ပြည်သူများ ကိုယ်၊ စိတ် အနားယူအပန်းပြေစေရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၏ Content Provider တစ်ခုဖြစ်သည့် YTV အခမဲ့ရုပ်သံလိုင်းမှ နိုင်ငံခြားဇာတ်လမ်းတွဲများကို အထူးအစီအစဉ်အဖြစ် ထုတ်လွှင့်ပြသသွားမည်ဖြစ်ရာ YTV အခမဲ့ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည့် ဇာတ်ကားများနှင့် ပြသမည့် အချိန်၊ နေ့ရက်များအား ဖော်ပြလိုက်ပါသည်။




စစ်ကားကောင်းကြိုက်သူများအတွက် Private Peaceful 2012
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၆ ရက်၊ ည ၉:၃၅။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၇ ရက်၊ နံနက် ၉:၅၅။




ကာတွန်းကားကြိုက်သူများအတွက် Animation ဇာတ်ကားကောင်းလေးတစ်ခုဖြစ်သည့် ငှက်ပြာလေး၏ စွန့်စားခန်း Rio
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၈ ရက်၊ ညနေ ၃:၃၅။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၉ ရက်၊ နံနက် ၇:၃၀။




မှုခင်းစုံထောက် ဟာသကား Detective Chinatown (2015)
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၆ ရက်၊ ညနေ ၄:၀၅။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၇ ရက်၊ နံနက် ၇:၃၀ ။




သိပ္ပံအက်ရှင်ဇာတ်ကား " Morgan"
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၈ ရက်၊ ည ၉:၀၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၉ ရက်၊ နံနက် ၉:၂၅ ။




သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကြမ်းကား
Jack Reacher Never Go Back
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၇ ရက်၊ ညနေ ၄:၁၅။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၈ ရက်၊ နံနက် ၇:၃၀ ။




အက်ရှင်မင်းသားကြီး ဂျက်လီ၏ ဇာတ်ကားကောင်းတစ်ကားဖြစ်သည့် "Ocean Heaven"
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၉ ရက်၊ ညနေ ၃:၄၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၂၀ ရက်၊ နံနက် ၉ : ၁၅ ။

ကြည့်ရှုသူရင်ထဲ စွဲမက်ကျန်ရစ်စေမည့် ဂျပန်အချစ်ဇာတ်လမ်း "Perfect World"
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၇ ရက်၊ ည ၉:၀၅။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၁၈ ရက်၊ နံနက် ၉:၃၅။




ချစ်စရာ ဘာဘီ အရုပ်လေးများ၏ Barbie and the Secret Door (2014)ဇာတ်လမ်း
ပြသမည့် ရက်နှင့် အချိန် - ဧပြီ ၁၉ ရက်၊ ည ၉:၂၀။
ပြန်လည်ပြသမည့်ရက်နှင့် အချိန်- ဧပြီ ၂၀ ရက်၊ မွန်းလွဲ ၁:၀၀။




သီသီမင်း

# မြင်းမူမြို့ရှိ အနေးယာဉ်မောင်းမိသားစုများအား မီးဖိုချောင်သုံးပစ္စည်းများ လှူဒါန်း

မြင်းမူ ဧပြီ ၁၁

ကိုဗစ်-၁၉ ကြောင့် မြင်းမူမြို့တစ်ဖက်ကမ်း မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာအချို့မှ မြို့မဈေးသို့ ဈေးရောင်းဈေးဝယ်လာကြသူများ ထက်ဝက်မက နည်းပါးခဲ့ရာ မြို့ပေါ်ရှိ အနေးယာဉ်မောင်းနှင်သူများနှင့် ၎င်းတို့ကို မှီခိုစားသောက်သူမိသားစုဝင်များ စားရေးသောက်ရေးအဆင်ပြေစေရန် မြင်းမူမြို့ မာဃရပ်နေ ဦးနိုင်စိုး- ဒေါ်သီတာ (ရွှေကေရာဇ် စိန်ရွှေရောင်းဝယ်ရေး) မိသားစုမှ အနေးယာဉ်မောင်း ၁၆၅ ဦးအား တစ်ဦးလျှင် ဆန်နှစ်ပြည်၊ ကြက်ဥငါးလုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ခေါက်ဆွဲခြောက်နှစ်မျိုး၊ အာလူးတစ်ပိဿာ၊ ငါးသေတ္တာတစ်ဘူးတို့ကို ထောက်ပံ့ပေးဝေသည်။



ဧပြီ ၉ ရက်ကလည်း ဦးမောင်ကျော် (ရွှေရတနာရောင်းဝယ်ရေး) မိသားစုမှ အနေးယာဉ်မောင်းနှင်သူများကို ဆန်နှစ်ပြည်၊ အာလူးတစ်ပိဿာ၊ ကြက်သွန်နီတစ်ပိဿာ၊ အိုင်အိုဒင်း ဆားတစ်ပိဿာတို့ကို ထောက်ပံ့ခဲ့သည်။

အလားတူ မြင်းမူမြို့အောင်ဇေယျ ရပ်ကွက် ၇ လမ်းတွင် အလှူရှင် (သဲသဲဖိနပ်ရောင်းဝယ်ရေး)မှ အနေးယာဉ်မောင်းနှင်သူများကို ဆန်အပါအဝင် မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

# ကိုဗစ် - ၁၉ ကာကွယ်ရေး အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

ရမည်းသင်း ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၉ ရက်က ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေများကို ရမည်းသင်းမြို့ စက်သုံးဆီများအသင်းမှ ငွေကျပ် ၁၅ သိန်း၊ နည်းပညာတက္ကသိုလ်(ရမည်းသင်း)မှ ငွေကျပ် ၁၄၃၀၀၀၀၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ် ၅၀၀၀၀၊ ဦးသီဟ မိသားစုမှ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၅၀ ၊ Green Mask Engineering .8 Construction Co., Ltd. မှ ရောဂါကာကွယ်ရေးဝတ်စုံ ၃၀ နှင့် နှာခေါင်းစည်း ၁၀၀၊ ဦးအောင်မိုး- ဒေါ်နှင်းအိဖြူ (ရွှေမြင်းပျံရောင်းဝယ်ရေးမိသားစု)မှ ငွေကျပ် ၁၁ သိန်းတန်ဖိုးရှိ အချိုရည်ဘူးများနှင့် ဦးမောင်မောင်မြင့်- ဒေါ်နန်းအေးတင့် (ကောင်းမြတ်ဖောင်ဒေးရှင်း)မှ ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ Maga Phone ၃၅ လုံးတို့ကို လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါ်တာမြင့်မြင့်မော်နှင့် မြို့မိမြို့ဖတို့က လက်ခံယူသည်။

ရမည်းသင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဧပြီ ၇ အထိ အလှူငွေ စုစုပေါင်းငွေကျပ် ၃၃၄၈၅၂၀၀ ရရှိပြီး စေတနာရှင်အလှူရှင်များ လှူဒါန်းလိုပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ မြို့မိမြို့ဖများထံတွင် လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်ထွေးရီ
### အသက်(၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို ဇနီး ဒေါ်ဝင်းစန္ဒာဆွေ (သံမှူး၊မြန်မာသံရုံး၊ ဟနွိုင်းမြို့)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို ဇနီး ဒေါ်ခင်ခင်သိုက်တို့၏မိခင်ဖြစ်သူ ဒေါ်ခင်ထွေးရီသည် ၁၀-၅-၂၀၂၀ ရက် (သောကြာနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်**
**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးချစ်မောင်(ခ)ခေါ်စွန်ဟုန်း
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ် ၄နေ (ဦးတီတူး-ဒေါ်ဟေးယား)တို့၏ သား၊ (ဦးစိန်ဝေး-ဒေါ်ခင်)တို့၏သားသမက်၊ (ဒေါ်ခင်သန်းဝေ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်မေဇင်လတ်၊ ဦးအောင်ကိုကို-ဒေါ်သင်းသင်းနိုင်၊ ဒေါ်မင်းမင်းနိုင်၊ ဦးမျိုးလွင်ဦး(ခ)ဦးမောင်မောင်ဦး-ဒေါ်ခင်ဝင်း၊ ဦးဆန်းလွင်ဦး-ဒေါ်စန္ဒာဦး၊ ဦးမျိုးသက်နိုင် တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မိမိဇင်ဦး၊ မောင်မင်းဟိန်း၊ မောင်အောင်ဟိန်း၊ မဖြိုးသီတာကို၊ မောင်ဉာဏ်လင်းထွဋ်၊ မဝင်းရွှေရည်လင်း တို့၏ အဘိုးသည် ၁၁-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဦးအေးကို(ရေကျော်)
## (ကြီးကြပ်ရေးမှူး-ငြိမ်း) မြန်မာ့အလင်းသတင်းစာတိုက်
### အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြောင်းကြီးလမ်း၊ (၉)ရပ်ကွက်၊ အမှတ်(၂၂)နေ (ဦးပါ-ဒေါ်သက်တင်)တို့၏သား၊ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကြည်မြင့်-ဒေါ်မြသည်းချာဟန်၊ ဦးဇော်လွင်ထွန်း-ဒေါ်အေးသန္တာဖြိုးတို့၏ဖခင်၊ မောင်ဘုန်းမာန်သစ်ဟန်၊ မောင်သူရဘုန်းလွင်၊ မောင်အောင်ဥဿာဟန်တို့၏အဘိုး၊ ဦးဌေးကို၊ ဦးညီဝင်း၊ ဦးသန်းထွန်းတို့၏အစ်ကိုသည် ၁၁-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

# ဦးအေးကို(ရေကျော်)
## ကြီးကြပ်ရေးမှူး(ငြိမ်း)
## မြန်မာ့အလင်းသတင်းစာတိုက်
### အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၂၂၊ မြောင်းကြီးလမ်းနေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းမှ အသင်းဝင်တစ်ဦးဖြစ်သူ ဦးအေးကို သည် ၁၁-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါကြောင်း အသင်းသားများအား အသိပေးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း**

---

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး
## အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့်ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

---

# ဦးထွန်းအောင်
## ဆောက်လုပ်ရေး/အငယ်တန်းအင်ဂျင်နီယာ
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၅၅/၂၅၇)နေ (ဦးကြီးမောင်-ဒေါ်အေး)တို့၏သား၊ (ဦးတင်ဦး-ဒေါ်သန်းကြင်)တို့၏ညီ၊ (ဒေါ်ခင်ကြည်)၊ ဦးသန်းတင်-ဒေါ်စန်းရီ၊ ဦးသောင်းထွန်း-ဒေါ်လှမေ၊ ဦးဖေသိန်း၊ ဒေါ်ကြည်ကြည်နွဲ့၊ ဦး မောင်မောင်တို့၏အစ်ကို၊ ဒေါ်ကြည်ကြည်ရွှေ၏ခင်ပွန်း၊ ဒေါ်သဇင်အောင်၊ ဦးမျိုးထွန်း၊ ဦးသက်ရွှေအောင်၊ ဒေါ်နှင်းဖြူဖြူ၊ ဦးကျော်ကျော်မိုး၊ ဒေါ်ခင်သူဇာအောင်၊ ဦးဟန်လင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁၀-၅-၂၀၂၀ရက် (သောကြာနေ့) ည ၁၀:၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်ထွေးရီ (ဘီးလင်း)
### အသက်(၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ် ဦးအောင်ကိုနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို တို့၏မိခင် ဒေါ်ခင်ထွေးရီသည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ဝန်ထမ်းများ**
**အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်ထွေးရီ (ဘီးလင်း)
### အသက်(၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ဇနီးဒေါ်ခင်ခင်သိုက်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် ဇနီးဒေါ်ဝင်းစန္ဒာဆွေတို့၏ ချစ်လှစွာသောမိခင် အန်တီ ဒေါ်ခင်ထွေးရီ အသက်(၈၉)နှစ်သည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သိန်းတင်၊ ကျော်ညွှန့်ဦး၊ စိုးမြင့်၊ ဉာဏ်လင်းအောင်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်တင့်
### အသက်(၈၇)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံနှင့် ဇနီး ဒေါ်မေမေလတ်တို့၏ မိခင် ဒေါ်ခင်တင့်သည် ၉-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်တင့်
### အသက်(၈၇)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံဇနီး ဒေါ်မေမေလတ်တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်တင့်သည် ၉-၅-၂၀၂၀ရက် ညတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန မိသားစု(MOFA)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်တင့်
### အသက်(၈၇)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံ ဇနီး ဒေါ်မေမေလတ်တို့၏ မိခင် ဒေါ်ခင်တင့်သည် ၉-၅-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာသံရုံး မိသားစု၊ လန်ဒန်မြို့**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးမောင်တင့် (ကျိုက်မရော)
### အသက်(၈၆)နှစ်

ကျိုက်မရောမြို့နေ ဦးအုန်းလှ၊ဒေါ်ပန်းပွင့်တို့၏သား ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်(၃)လမ်း၊ အမှတ်၂၂A(4)နေ ဒေါ်မြသိန်း၏ခင်ပွန်း၊ ဦးကျော်ကျော်အောင် (တရားလွှတ်တော်ရှေ့နေ)-ဒေါ်မိုးအေးဝင်း၊ ဦးသန်းထိုက်အောင် (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)အမှတ်(၂)ဆိပ်ကမ်းမြို့နယ်-ဒေါ်မြင့်မြင့်ဆွေ၊(ဦးဝင်းငွေ)-ဒေါ်မွန်မွန်အောင်တို့၏ သဖခင်၊ မြေး(၅)ယောက်တို့၏အဘိုး ဦးမောင်တင့်သည် ၁၀-၅-၂၀၂၀ရက် (သောကြာနေ့) ည ၇:၀၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ ရက် (စနေနေ့) ညနေ ၃:၀၀ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၀ ရက်(ကြာသပတေးနေ့)နံနက် ၇:၀၀ နာရီမှ ၁၀:၀၀နာရီထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်ထွေးရီ
### အသက်(၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးအောင်ကိုနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုတို့၏ မိခင်ကြီး ဒေါ်ခင်ထွေးရီသည် ၁၀-၅-၂၀၂၀ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာသံရုံး မိသားစု၊ လန်ဒန်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်ထွေးရီ (ဘီးလင်း)
### အသက်(၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် ဇနီးဒေါ်ဝင်းစန္ဒာဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ဇနီး ဒေါ်ခင်ခင်သိုက်တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ထွေးရီ အသက်(၈၉)နှစ်သည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဦးကျော်ဇေယျနှင့်ဇနီး**
**သံရုံးဝန်ထမ်းမိသားစု**
**မြန်မာသံရုံး၊ ပါရီမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်ထွေးရီ
### အသက်(၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ထွေးရီသည် ၁၀-၅-၂၀၂၀ရက်တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့်**
**မြန်မာသံရုံး၊ အော်တာဝါမြို့ဝန်ထမ်းမိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်တင့်
### အသက်(၈၇)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံ ဇနီး ဒေါ်မေမေလတ်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်တင့်သည် ၉-၅-၂၀၂၀ ရက် ညပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါ သည်။

**သံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့်**
**မြန်မာသံရုံး၊ အော်တာဝါမြို့ ဝန်ထမ်းမိသားစုများ**

---

# ဒေါ်သန်းနွဲ့(ခ)ဒေါ်ဖြူဖြူ
## ဖျာပုံ
### အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း (၂၀)၊ အမှတ်(၁၇၃)၊ အခန်း(4-B)နေ (ဦးထွန်းဆင်-ဒေါ်ထွေးညွန့်)တို့၏ သမီး၊ ဦးမြို့မမောင်(ကုန်သွယ်လယ်ယာ-ငြိမ်း)၏ဇနီး၊ (ဦးစောထွန်း-ဒေါ်ခင်ဝင်းနု)၊ ဦးဝင်းမော်ဦး-ဒေါ်ချိုမာအောင်၊ ဦးမောင်မောင်ဦး-ဒေါ်စုနန္ဒာအောင်၊ ဦးခိုင်မင်းအောင်-(ဒေါ်နုနုခင်)၊ ဦးထိန်လင်း-ဒေါ်စိုးစိုးမြင့်၊ ဦးမင်းထိုက်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၀-၅-၂၀၂၀ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၁-၅-၂၀၂၀ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်စုစုလတ်(အင်းစိန်)
### အသက်(၆၉)နှစ်

ဦးတင်မောင်လတ်(ကျွမ်းကျင်သူ/စာတည်း၊ ခတ်ပုံ-ငြိမ်း၊ မြန်မာ့သတင်းစဉ်၊ ပြည်တွင်း)၏ချစ်လှစွာသောဇနီး ဒေါ်စုစုလတ်သည် ၁၀-၅-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၄:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဌာနမှူးနှင့်တကွ နှလုံးဆေးကုဌာန မိသားစု**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်စုစုလတ်(အင်းစိန်)
### အသက်(၆၉)နှစ်

ဦးတင်မောင်လတ်[ ကျွမ်းကျင်သူ/စာတည်း-ခတ်ပုံ(ငြိမ်း)၊ မြန်မာ့သတင်းစဉ်-ပြည်တွင်း]၏ဇနီး ဒေါ်စုစုလတ် (အင်းစိန်)သည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့**
**သတင်းနှင့်စာနယ်ဇင်း**
**ဝန်ထမ်းဟောင်းများအသင်း**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးမောင်မောင်(ခ) ဦးစိုးလှိုင်
## B.Sc (Bot)
## မြို့မကျောင်းသားဟောင်း (ရန်ကုန်)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဖိမိုင်ခွဲ၊ အမှတ် (၅၉၇)ဒုတိယထပ်နေ (ဦးငွေစိုး-ဒေါ်တင်ရွှေ) တို့၏သား၊ (ဦးကုလား-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ဒေါ်ယဉ်ယဉ်ငွေး၏ခင်ပွန်း၊ ဦးအေးဝင်း-ဒေါ်သင်းနွယ်စိုးတို့၏ မောင်၊ (ဒေါ်ဖြူသွယ်စိုး)၊ဒေါ်သီတာစိုး၊ ဦးမြင့်စိန်-ဒေါ်မြတ်မြတ်စိုး၊ ဒေါက်တာတင်ငယ်စိုး(CB. Life)တို့၏ အစ်ကိုသည် ၁၁-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၂၀)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၂)၊ ဦးပိုင်(၂၀၉)၊ ဧရိယာ(၀ဒသမ၀၉၆)ဧကရှိ မြေအားအမှတ်(၉၀၂)စစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်းနှင့် အမှတ်(၅၀၇) ခြေမြန်တပ်ရင်းအကြား မြေလွတ်မြေလပ်များ နေရာချထားရေးအဖွဲ့မှချထားသည့် မြေပေးမိန့်လက်ဝယ်ပိုင်ဆိုင်သူ ဦးပူလောက်ဆန်း ၁၃/လရန(နိုင်)၀၆၆၅၈၄ ထံမှ ဝယ်ယူနေထိုင်သူ ဒေါ်နန်းယဉ်ယဉ်မိုး ၁၃/ကမန(နိုင်)၀၆၅၉၃၆မှ အသစ်လျှောက်မြေငှားလိုင်စင်ရရှိရေး မြေပေးမိန့်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ အခွန်ဆောင်ထားသည့် ပြေစာများပူးတွဲလျက် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၃၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ်(၂၅/လုံလေ့ရပ်)၊ ဦးပိုင် အမှတ်(၁၀/ဆ)၊ မြေချိန်ဧရိယာ(၀ဒသမ ၁၁၂)ဧက၊ မြေငှားဂရန်အမှတ်အမှတ်၊ ၅၇၅-၅/၁၉၉၇-၁၉၉၈(အေ)ဖြင့် ဦးဝူတယ်ချန်း ၁၃/လရန(နိုင်)၀၅၄၅၇၁ အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အား (၁၂-၉-၂၀၁၉)ရက်တွင် အိမ်မြေကွက် အပြီးအပိုင်အရောင်းအဝယ် စာချုပ်အမှတ်(၅၁၄/၂၀၁၉)ဖြင့် ဒေါ်ကွမ်းကြိမ် ၁၃/ဟပတ(နိုင်) ၀၁၀၆၉၃ မှ မြေငှားဂရန် အမည်ပြောင်း/ထပ်မံအသစ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

---

# ဇီဝ မျိုးစုံ မျိုးကွဲ တွေ ကြွယ် စေဖို့ သဘာဝ တောတွေ ထိန်း သိမ်းစို့

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ခြောက်သိန်းခွဲကျော်ကို စားသောက်ကုန်ပစ္စည်းငါးမျိုး ထောက်ပံ့



**မန္တလေး မေ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် နိုင်ငံတော်က အခမဲ့ထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းငါးမျိုးကို မေ ၁၀ ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက မန္တလေးခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်များအလိုက် သွားရောက်၍ လိုက်လံထောက်ပံ့ပေးအပ်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ခေတ္တဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များအတွင်း ရပ်ကွက်များသို့ သွားရောက်၍ နိုင်ငံတော်က ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာတို့ကို ကြိုတင်ကောက်ယူထားသည့် စာရင်းများအတိုင်း လိုက်လံထောက်ပံ့ပေးအပ်ခဲ့သည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ အိမ်ထောင်စုပေါင်း ခြောက်သိန်းခြောက်သောင်းကျော် ရှိပါတယ်။ မေ ၁၀ ရက်မှာ စတင်ထောက်ပံ့ပေးနိုင်ဖို့ မေ ၈ ရက်မှာပဲ စပြီးအလျင်အမြန် စီစဉ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ယခင်ကတည်းကလည်း စားရေရိက္ခာနဲ့ ပတ်သက်ပြီး ကြိုတင်စီစဉ်စုဆောင်းထားရှိပြီးဖြစ်တဲ့အတွက် သိပ်ပြီးတော့ ခက်ခက်ခဲခဲမရှိဘဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ အခြေခံလူတန်းစား ခြောက်သိန်းခြောက်သောင်းကျော်အတွက် ထောက်ပံ့မှုပမာဏအနေနဲ့ကတော့ ၉ ဒသမ ၂ ဘီလီယံလောက်တော့ ရှိပါမယ်။ သတ်မှတ်ထားတဲ့ အခြေခံအချက် ၃၀ နဲ့ စိစစ်ကောက်ခံပြီး ထောက်ပံ့မှုပေးခဲ့တာပါ" ဟု ခေတ္တဝန်ကြီးချုပ်က ပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၅* ❖

## ဘားအံမြို့၌ အခြေခံလူတန်းစားများအား စားသောက်ကုန်များထောက်ပံ့



**ဘားအံ မေ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၉) ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၃၀၀ အတွက် နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ငါးမျိုးကို ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက အဆိုပါရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ အမှတ်(၃)မူလတန်းလွန်ကျောင်းတွင် အခြေပြု၍ ဖြန့်ဝေပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါနေ့က ဘားအံမြို့ အမှတ် (၉) ရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ အိမ်ထောင်စု ၂၀၀ အတွက် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သော ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာကို ပြည်နယ် စီမံကိန်း၊ *စာမျက်နှာ ၇ ကော်လံ ၄* ❍

## လောက်ကိုင်မြို့နယ်တွင် အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ငါးမျိုး အခမဲ့ဖြန့်ဖြူး

**လောက်ကိုင် မေ ၁၁**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်ငါးမျိုး (ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီ) တို့အား ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။ **(အောက်ပုံ)**

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများက အမှတ်(၂) ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၅၀ ကို အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ ၊ ကြက်သွန်နီ တစ်ပိဿာတို့ကို ကနဦးထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့လည်း ဆက်လက်ပြီး ထောက်ပံ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဇော်အောင် (ပြန်/ဆက်)



## ကာမိုင်းမြို့၌ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ငါးမျိုးထောက်ပံ့



**ကာမိုင်း မေ ၁၁**

ကိုဗစ်-၁၉ ရောဂါကြောင့် သက်ြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုများကို နိုင်ငံတော်က အခြေခံစားသောက်ကုန်ငါးမျိုးကို ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့၌ ယနေ့တွင် ထောက်ပံ့ပေးအပ်သည်။(ဝဲပုံ)

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် ကာမိုင်းမြို့ မြို့မရပ်ကွက် (၁) ၌ နေထိုင်သော ဒေါ်ထွေးယဉ်က "ဒီရောဂါကပ်ဆိုးကို တွေ့ကြုံနေရပြီး စားသောက်ရေးခက်ခဲနေတဲ့ ယခုလိုအချိန်မှာ ကျွန်မတို့ အခြေခံလူတန်းစားတွေကို *စာမျက်နှာ ၇ ကော်လံ ၁* ◆

ဩစတြေးလျတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းကျဆင်း စာ » ၁၂

Facility Quarantine (၂၁) ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇) ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း စာ » ၁၅

